www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ပုပ္ပိုင်ငှုငြိမ်းခါ

## ဆုနိဝတ်ဂွိနိုင်ဟာသမယ်များ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

**နေကိုဖိုးသားအဖေနှင့်**

**အိမ်ဖျွင်းရေးပဋိပက္ခ**

"ခေါ် ကို. . . ဟော့ကောင် နေကို. . . ဒီအဝတ်တန်းပေါ်က ငါ့အင်္ကျီ ဘယ်ရောက်သွားလဲကွ"

အဲဒီဗျစ်တောက်ဗျစ်တောက်အသံက နေကိုရဲ့နှိုးစက်ဖြစ်သည်။

ကွေးလို့ကောင်းတုန်း ဇိမ်နဲ့နှပ်နေတုန်းမှာ ဒီလိုကြီး ထ, ထအော်တာက ဘာသံကြီးနဲ့တူမှန်းလဲ မသိဘူး။

ကိုယ့်အဖေမို့ ကိုယ်ပြောတာ မဟုတ်ဘူး. . ငှက်ဆိုးကြီး ထိုးနေသလိုပဲ။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ငရဲမင်းကြီးရယ်. . . မသိသလိုနေပေးပါ။ ဝိစကီတစ်လုံး လာဘ်ထိုးပါ့မယ်။

အိပ်ရေးမဝဘဲ လူးလဲပြီး ထ,ရတဲ့ မနက်ခင်းက ဘယ်လို လုပ်ပြီး ကျက်သရေရှိတော့မှာလဲ. . . .

နေကိုက ပျင်းကြောဆန့်ပြီး ‘ဝါး’ဟု အသံထွက်အောင် သမ်းသည်။

‘ဟော့ကောင်. . . ပျင်းကြောဆန့်ရင် နောက်မှဆန့်. . ငါ အလျှုသွားစရာရှိလို့ မြန်မြန်လာရှာပေး. .’

သွားပြီ။ ကွိုင်တော့ အကြီးကြီးတက်ပြီ။

အဲဒီအင်္ကျီကို မနေ့ညက မီးပူတိုက်လိုက်တာ မီးကျွမ်းပြီး အပေါက်ကြီး ဖြစ်သွားပြီ။

“ဘာလုပ်နေတာလဲ ငါ ထပြီး ပိတ်ကန်လိုက်ရ. . ”

“မီး. . မီးကျွမ်းသွားပြီ အဖေ. . ’

“ဘာ၊ ဟာ. . သွားပါပြီကွာ. . သုံးသောင်းကျော်လောက် တန်တဲ့ အင်္ကျီ ငါ့ဟာငါဆို ဝယ်ဝတ်ဖြစ်မှာမဟုတ်ဘူး. . . သူများ လက်ဆောင်ပေးလို့ နှမြောပြီး သိမ်းထားတာ မင်းကွာ. . တောက် ဘယ်နေရာမှာမှ အဖြစ်မရှိဘူး. . . . ”

ဆောင်းညဖြာသိစာလေ



“စိတ်မဆိုးပါနဲ့ အဖေရယ်. . . သား ကိုဗဒင်ဆီက လခ ရရင် ပြန်ဝယ်ပေးပါ့မယ်”

ဦးမင်းကိုရဲ့ဒေါသအိုးကို တုတ်နဲ့ထိုးလိုက်သလို ဖြစ်သွား ပြီ။

‘လာပြန်ပြီလား. . သင်္ချိုင်းထဲက မထွက်နိုင်တဲ့ဒါရိုက်တာ အစုတ်ပလုတ်ကို မင်းမို့ ဆရာတင်နေ’

‘အဖေရာ သူလည်း သူ့ပညာနဲ့သူ ရှိပါတယ်ဗျာ. . တစ ပြင် ဗဒင် ဆိုတဲ့ နာမည်တစ်လုံး. . သူ့ဟာနဲ့သူ ရှိနေပြီးသား. . . သား ဆရာကို အဲလို ပစ်ပစ်ခါခါ မပြောနဲ့ဗျာ မကြိုက်ဘူး”

“တယ်လေ ငါ ထ,လုပ်လိုက်ရ . . သွား. . သွားတော့. . မင်း ငါ့မျက်စိရှေ့က အမြန်ထွက်သွား”

တစ်ဦးတည်းသောသား မိတဆိုးသားကလေးကို အဖေတို့ က ဒီလို ဒီလိုချစ်တာ. . နေ့တိုင်း လက်ဖက်ခြောက်ခတ်နေတာပဲ (ဆူလွန်းလို့)

“သွားဆိုလည်း သွားပါ့မယ်. . သား မသွားခင် အဖေစား ဖို့ ထမင်းကလေးတစ်အိုးတော့ ချက်ပေးခဲ့ဦးမယ်”

နေကိုက ပတ်ခွဲနှပ်ခွဲဖြင့် အမှတ်တွေယူပြီး ထွက်သွား၏။

ဆောင်းညဖြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းကို နည်းနည်းတော့ ကျေနပ်သွားသည်။

ပါးစပ်ကသာ ပေါက်ပေါက်ဖောက်နေပေမယ့် ဒီသားတစ်ယောက်တည်းရှိတာ မချစ်ဘဲ ရှိပါ့မလား။

နေ့နေ့ ညည ဒီကောင့်ရှေ့ရေး တွေးပြီး ပူရသလို သူ ဆရာတင်ထားတဲ့ တစပြင်ဗဒင်နဲ့ပေါင်းပြီး ပေါက်ပန်းလေးဆယ်လုပ်,လုပ်လာတဲ့ နောက်ရေးအတွက်လည်း ရင်မအေးရ. . .

ဒါပေမယ့် အဖေကိုသိတတ်တဲ့စိတ်ကလေးတော့ ဒင်းဆီမှာ ရှိသည်။

ခုပဲကြည့်လေ. . သွားခါနီးတောင်မှ အဖေစားဖို့ ထမင်းချက်ပေးခဲ့ဦးမယ်တဲ့. . .

ဦးမင်းကိုမှာ မီးကျွမ်းသွားတဲ့ အကျီအပေါက်ကြီးကိုကြည့်ပြီး ဒေါသထွက်လာလိုက်၊ တစ်ခါ သားရဲ့ ကောင်းကွက်ကလေးကို တွေးပြီး ကျေနပ်လိုက်နှင့် စိတ်ထဲမှာ ဟိုမရောက်ဒီမရောက်ဖြစ်နေသည်။

◆



**ဓနု** ကို သီချင်းကလေး ညည်းရင်း ဆန်ဆေးနေသည်။

တစ်နေ့က ကိုဗဒင်တို့ကြော်ငြာရိုက်ကွင်းမှာ တွေ့လိုက်ရသည့် model ကောင်မလေးကို ခုချိန်ထိမြင်နေတုန်း. . ။

ပက်ပက်စက်စက်လှတော့ ရက်ရက်စက်စက်ကို ရင်တွေခုန်လာတာ ခုထိ တဒုတ်ဒုတ်နဲ့. .

မျက်နှာကလေးတင်လား. . . .

ပေါင်တံကလေးက သွယ်ပြီး ဖွေးနေတာပဲ။ (ဘယ်လိုမြင်သလဲဆိုတော့ သူက တင်းနစ်ရိုက်တဲ့ စကတ်ကလေး ဝတ်ထားတာကိုး ဗျ)



www.burmeseclassic.com

www.burmeseclassic.com



နေကို ထမင်းအိုးထဲကို ဆန်ဘယ်နှဘူး ထည့်ထားသလဲဆိုတာ မေ့သွားပြီး ရေကို အိုးတစ်ဝက် ထည့်ချလိုက်သည်။

ပြီးတော့မှ Rice Cooker ထဲ ထည့်ပြီး ပစ်ထားခဲ့လိုက်သည်။

သူ့ရဲ့ထမင်းချက်ခြင်းကိစ္စ ပြီးဆုံးပြီမို့ ရေချိုးမလို့ ပြင်သည်။

မဖြစ်သေးပါဘူး. . .

ထမင်းပဲ ချက်ပြီး ဘာနဲ့သွားစားမလဲ။

ရေခဲသေတ္တာထဲမှာ ကြက်ဥ ငါးလုံးနဲ့ ဝက်အူချောင်း တစ်ထုပ် တွေ့ထားသည်။

ကိုယ်က အပြစ်လုပ်ထားမိတော့ ဖားထားမှ တော်ကာကျမှာ. . .

နေကိုက ဖားတာတောင်မှ. . over ဖြစ်အောင် ဖားတတ်သည်။

ဒယ်အိုးထဲ ဆီထည့်. . .

ဝက်အူချောင်းအထုပ်ကို ဖောက်ပြီး အချောင်းလိုက်ထည့်ချလိုက်သည်။





စောင့်ရမှာ ပျင်းတာနဲ့ သွားမတိုက်ရသေးတာ သတိရပြီး ဘေစင်မှာ သွားတိုက်နေလိုက်သည်။

သွားတိုက်တာက ငြိမ်ငြိမ်လည်း မဟုတ်။

အကြောလျှော့သည့်အနေနှင့် ဖင်ကလေးက တရမ်းရမ်း၊ ဒူးကလေးက တနှန့်နှန့်နှင့် သူတစ်ယောက်တည်း ယောက်ယက်တွေ ခတ်နေသည်။

သူ့အနားမှာ တစ်ယောက်ယောက်သာ ရှိနေရင် မျက်စိနောက်ပြီး ပိတ်ကန်မှာမလွဲ။

နေကို နှာခေါင်းထဲမှာ အနံ့မွှေးမွှေးကလေး ရလာသည်။

မော်ဒယ်လ်မကလေးရဲ့ရေမွှေးနံ့လို့ သူက ထင်နေသေးသည်။

အမှန်က ဝက်အူချောင်းတူးနံ့။

တအိမ်လုံး မွှန်ထူနေတာတောင်မှ သူက စိတ်ကူးယဉ်လို့ ကောင်းတုန်း. . .

မီးခိုးငွေ့တွေက ဘယ်က ထွက်လာမှန်းမသိ။ သူ စိတ်ကူးယဉ်နေမှန်းသိလို့ ထွက်လာတာနေမှာ. . .

နေကို စိတ်ကူးဆက်ယဉ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ်ာဒယ်လ်မကလေး ဒေလီယာချမ်းနှင့်တွဲပြီး မီးခိုးငွေ့တွေကြားထဲမှာ တိမ်တိုက်တွေပေါ် ရောက်နေသလိုလို. . .

'နေကို. . . နေကို'

ဗုဒ္ဓေါ. . .

အနှောင့်အယှက်တွေ လာပြီ။

'ဟာ. . တူးကုန်ပြီ၊ မင်း ဘာတွေလုပ်ထားတာလဲ'

'ဝက်အူချောင်း. . ဝက်အူချောင်း'

ဒယ်အိုးထဲမှာ တွေ့ရတာက မီးသွေးချောင်းတွေမို့ ဦးမင်းကိုမှာ ဒုတိယမ္ပိ ဒေါသထွက်ရပြန်လေသည်။

"အဖြစ်မရှိတဲ့အကောင်၊ ဒေါသထွက်ရလွန်းလို့ ငါသွေးတိုးတော့မှာပဲ. . မင်း သွားမလား မသွားသေးဘူးလား. . အမယ်လေး သွားလေသူကြီး မစန်းရီရဲ့. . . ငါ့ကို ဘယ်လိုသားမျိုးနဲ့ စိတ်ချလက်ချထားခဲ့တာတုန်း"

အဖေက အဲသလောက်တောင် ချစ်နေမှတော့ နေကိုတို့ မပြေးလို့ မဖြစ်တော့. . သူ့ရှေ့မှာ ကြာကြာနေမိရင် မက်ဆီကစ်တို့. . စီရော်နယ်ဒိုကစ်တို့. . ကာကာကစ်တို့ ဘာမဆို ရောက်လာနိုင်သည်။

ဆောင်းညပြာသိစာပေ



ဦးမင်းကို ထမင်းအိုးကို ဖွင့်ကြည့်လိုက်သည်။

ထမင်းဆိုတာ ဘာမှန်း မသိလောက်အောင် ထမင်းအိုးက ပျော့ပြဲလန်ကာ ဆန်ပြုတ်ထက်အခြေအနေဆိုးသော ကော်ဘာဝသို့ရောက်နေသည်။

ထွက်ရပြန်ပြီပေါ့. . နောက်ထပ်ဒေါသ။

◆

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေမှာ သူ့အလှနဲ့သူ သူ့အထာနဲ့သူ
ဟာသ plotတွေ ရှိတယ်လို့ပြောရင် ယုံကြမှာလား. .
စာဒကတက်ချင် တက်လို့ရပါတယ်။
လူ့ရှင်တော်တွေမှာ မိန်းမ ပါလို့လားတဲ့. . .
ဟုတ်ကဲ့. . .
အဲဒီလူ့ရှင်တော်တွေကို သွားမေးကြည့်လို့ရပါတယ်
သူတို့ကို ဟာသ plot တွေ ပေးတာ ဘယ်သူလဲလို့. .
မယုံမရှိနဲ့ဗျ သူတို့မိန်းမတွေက ပေးနေတာ။

*ဆောင်းညပြာသိစာပေ*

တစပြင်ကြီးရဲ့ မျက်နှာတစ်ခုလုံး ဖူးရောင်နေသည်။

တပ်ထားတဲ့မျက်မှန်တောင် ကိုင်းတစ်ဖက်က ကျိုးချင်နေပြီ. . စောင်းရွဲ့လို့. .

ဘာနဲ့တူမှန်းကို မသိတာ။

မသိသလိုနေလိုက်ရင် ရရဲ့သားနဲ့ နေကို ဆိုတဲ့ ငနဲက ထပြီး ပွားသည်။

"ကိုဗဒင်ကြီး. . ညက . မူးပြီးလဲလာတာလား'

ဒါရိုက်တာကြီးက ချော်လဲရောထိုင်ပြီး ကပ်ကြွားသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



“ငါ. . ညက မူးမူးနဲ့ ဆွဲထိုးလိုက်တာ’

“ကွဲရောလား”

“ဒီမှာလေ. . ငါ့လက်ကွဲသွားတာ”

“ထင်သားပဲ၊ ဟိုက ဆွဲထိုးထားတာမဟုတ်လား. . ခင်ဗျား မျက်နှာကြီးက ဖူးရောင်နေတာပဲ”

“အဟီး. . မင်းက လူကဲခတ်တော်သားပဲ. . . ငါက ငါပဲ မူးတယ် ထင်နေတာ၊ အမယ်. . သူလည်း ခပ်မူးမူးပဲ ဆရာ’

“ဒါတော့ မကောင်းပါဘူးဗျာ. . မြန်မာမိန်းကလေးဖြစ်ပြီး သောက်စရာလား”

“အရက်သောက်လို့ မူးတာမဟုတ်ဘူးကွ ဘုရားပွဲဈေးမှာ ချားစီးလာလို့ မူးနေတာ’

“ဩော်. . ဩော်. . ဒီအရွယ်ကြီးကျမှ ချားတက်စီးရတယ်လို့. . ’

“အေးလေ. . . ဘယ်အချိန်ကတည်းက စားချင်နေမှန်း မသိဘူး၊ ဩော်. . မှားကုန်ပါပြီ တော်ပြီကွာ. . ဒီမိန်းမအကြောင်း မပြောနဲ့တော့”

နေကို ပြောချင်တာက. . . မော်ဒယ်လ် ဒေလီယာချမ်း





အကြောင်းပါ။

ကိုဗဒင်မိန်းမအကြောင်း မဟုတ်ပါဘူး။

“ကိုဗဒင်. . ဒီနေ့ ချမ်းချမ်း ပါမှာမဟုတ်လား“

“ပါချင်လည်း ပါမှာပေါ့ကွာ. . . သူ့အိမ်မှာ သူပါတာ ငါ ဘယ်လိုလုပ်ပြီး သိမလဲ. . ဒီရှူတင်မှာ ပါရင်တော့ ငါသိတာပေါ့ ကွာ”

“ခင်ဗျား တော်တော်ညစ်ပတ်တာပဲ၊ ကျွန်တော် မေးတာ အဲဒါမဟုတ်ဘူးလေဗျာ’

“ရှင်းလင်းအောင်မေးလေကွာ၊ ဘာလဲ သူ့မျက်နှာ မော် ဖူးချင်လို့မဟုတ်လား’

‘အဟဲ”

နေကိုက ဆက်မပြောဘဲ စပ်ဖြဲဖြဲ လုပ်ပြီး ရှုးချင်ယောင် ဆောင်နေသည်။

‘ဒါဆို. . လာမှာပေါ့နော်’

‘လာမှာ. . လာမှာ’

‘ရင်တွေတောင်ခုန်လာပြီ’

‘အရှုး’



www.burmeseclassic.com

www.burmeseclassic.com



တစပြင်ဗဒင်က ပျစ်ပျစ်နှစ်နှစ်ကြီးကို ပြောချသွားသည်။

ပြောချင်ရာ ပြောပစေ. . . တွေ့ချင်နေတာ ဘယ်လိုလုပ်ရမှာလဲ. .

'ချမ်းချမ်း လာပြီဟေ့'

ကိုဗဒင်ကြီးက နေကို မကြားကြားအောင်အော်ပြောသည်။

ဖုတ်လှိုက် ဖုတ်လှိုက် ရင်ဘတ်ကြီးနဲ့. . ပတ်သက်ချင်တဲ့ မျက်လုံးတစ်စုံက လာနေပြီဆိုတဲ့ ချမ်းချမ်းရဲ့ မျက်နှာကလေးကို တိတ်တိတ်ပုန်းကြည့်၊ အဲလေ. . တိတ်တခိုးလေး ခိုးကြည့်တာပေါ့ဗျာ။

လာတော့ လာနေသား. . . ဒါပေမယ့် မော်ဒယ်လ် မဟုတ်ဘဲ မော်ဝကြီး. .

သူ့နာမည်ကလည်း ချမ်းချမ်းပါပဲ။

ဒေလီယာချမ်းရဲ့အစ်မ ဝဝတုတ်တုတ်ကြီး စင်သီယာချမ်းဆိုပဲ. .

နေကိုက ကိုဗဒင်ကိုလှမ်းပြီး မေတ္တာပို့သည်။

'လာမနောက်နဲ့ဗျာ. . တစ်ခါတည်း လူကို လန့်ဖျပ်သွားတာပဲ'

*ဆောင်းညပြာသိစာပေ*



ကိုဗဒင်က နေကို ပြောမှပဲ ပိုဆိုးတော့သည်။ ဟိုဝတုတ်မကြီးကို အချွန်နဲ့ သွားမ,သည်။

'ချမ်းချမ်းရေ. . . ဒီကောင်က နင့်ကို တွေ့ပြီး. . . တုန်တက်သွားတာပဲ တဲ့. . ချစ်ခြင်း အစ မျက်စိက လို့ ဆိုထားတယ်ဟုတ်"

စင်သီယာချမ်း ဆိုတဲ့ မော်ဒယ်ဝဝကြီးက ငါးခူပြုံးလေး ပြုံးပြီး ရှက်လို့ရယ်တဲ့အသံက ဝါးလုံးကွဲရယ်သံဗျ။

'ဟား. . ဟား. . ဟား. . ဟက်. . ဟက်. . . သူက ချမ်းကို စိတ်ဝင်စားနေတာလား. . . ကိုဗဒင်ကြီး သူ ဘယ်မှာနေတာလဲဟင်'

'နင်လိုချင်ရင် လိပ်စာရော. . ဖုန်းနံပါတ်ပါ ငါ ပေးထားမယ်။ ဒီကောင့်ဆီ နှစ်ဆယ့်လေးနာရီ အချိန်မရွေးဆက်လို့ရတယ်သိလား'

အဲဒီကိုဗဒင်တော့. . စိတ်ရှိလက်ရှိ လုပ်လိုက်ရင် သင်္ချိုင်းရောက်တော့မှာပဲ. .

ဟုတ်တယ်. .

တင်းလာပြီ။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'သူက မင်းသားအသစ်လားဟင်'

'သွား. . သွား. . သိချင် ကိုယ့်ဟာကိုယ် သွားမေးကြည့်. . ရဲရဲတင်းတင်းသာ သွား. . သူ့မှာ ဘာဇာတ်လမ်းမှ မရှိဘူး. . ရှင်းတယ် သိလား. . တစ်ဦးတည်းသောသားနော်၊ ပီပြီဆို. . ပီကေလို ကပ်ထည့်လိုက် ချမ်းချမ်း. . . ကပ်ဒိုးကလေး ချစ်ထည့်လိုက် ဟုတ်လား. . .'

အရှုံးမကိုမှ အမဲသားသွားကျွေးသည့်ကိုဗဒင်ကို တစ်ထိုင်တည်း ကျိန်ဆဲပစ်လိုက်သည်။

သွားလေရာ ခွေးရှူးကိုက်ပါစေလို့. .

ဟုတ်တယ်. .

စင်သီယာချမ်း ဆိုတဲ့ ပေါင်နှစ်ရာဝက်မက လူကို ကြည့်နေလိုက်တာများ အစိမ်းလိုက်ဝါးစားတော့မယ့်အတိုင်း။

နေကို ရှူတင်မှာမနေရဲဘဲ အိမ်ပြန်ပြေးခဲ့ရသည်။

ဒီနေ့ ဘာတွေလွဲနေတာလဲ. . အံကို မဝင်တာ။ အံမဝင်မှတော့ အမှန်ဘယ်မြင်တော့မလဲ. . .

ဒေလီယာချမ်းရဲ့မျက်နှာလေးတောင် မတွေ့လိုက်ရဘူး။ အမှန်က မော်ဒယ်လ်မလေးကို အပေါ်ယံရှုပ်ပြီး စိတ်ဝင်





စားမိတာပါ. . နှစ်နှစ်ကာကာတော့လည်း မဟုတ်သေးပါဘူးလေ။

ရှေ့ဆက်ဖို့ လမ်းစ, မမြင်မှတော့ ဒီလိုပဲတွေးပြီး ဖြေယူရတာပေါ့။

တစ်ယောက် ယူရင်. . နောက်တစ်ယောက် အပိုဆုရမယ့် ကံစမ်းမဲမျိုးတော့ နေကိုတို့ မစမ်းချင်ပေါင်။

◆



www.burmeseclassic.com

www.burmeseclassic.com

**စင်** သီယာချမ်းရဲ့အဖေ ဦးမောင်ချမ်းက သမီးစကားကို ကြားပြီး ခွက်ထိုးခွက်လန်ရယ်ပါတော့သည်။

'ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား'

အဆက်မပြတ်ရယ်နေတဲ့ သူ့အဖေကို စင်သီယာချမ်းက

"အဖေ ဘာရယ်နေတာလဲ. . ရယ်ကောင်းကောင်းနဲ့ ရယ်နေ၊ တော်ကြာ. . အူတွေလိပ်ကုန်ဦးမယ်'

'အေး. . ငါ့အူတွေ လိပ်အောင်ကို ရယ်ဦးမယ် ဘယ့်နှယ်နင့်လို ဆင်ခန္ဓာဝက်ကိုယ်လုံးကို တိတ်တခိုးချစ်တဲ့လူ ရှိသေးတယ်ဟုတ်စ. .'

*ဆောင်းညပြာသိစ္စာလေ*



'ဘုရားစူး မိုးကြိုးပစ်ပါဆို့. . . အဖေ မယုံရင် တစပြင်ဗဒင်ဆီ ဖုန်းဆက်ပြီး မေးကြည့်လေ. . သူ့ပါးစပ်ကြီးနဲ့ကို လာပြောသွားတာ'

ဦးမောင်ချမ်းက လက်ညှိုးတစ်ချောင်းကို ဘယ်ရမ်း ညာရမ်းလုပ်ပြီး မဖြစ်နိုင်ဘူးဟု တပ်အပ်သေချာဆိုသည်။

'ဘာလဲ. . အဖေက လုံးဝမယုံဘူးဆိုတဲ့ သဘောလား'

'ဟုတ်တယ် နင့်စကား ငါယုံစေချင်ရင် နင့်ခန္ဓာကိုယ်ကို ပေါင်ခုနစ်ဆယ်လောက်ကျအောင် ချပြ'

စင်သီယာချမ်းက ခြေနှစ်ဖက်ကို ဆောင့်ဆောင့်ပြီး အော်သည်။

သူ့ခြေထောက်ကို ဆောင့်လိုက်တိုင်း ကြမ်းပြင်က တသိမ့်သိမ့်တုန်သွားသည်။

သူဘာလုပ်လုပ် ဦးမောင်ချမ်းက အရယ်မပျက်သမို့ စင်သီယာချမ်းတို့ ဘာလုပ်တယ်ထင်သလဲ။

သုံးပေအမြင့်ရှိတဲ့ စားပွဲပေါ်ကို သူ့ခန္ဓာကိုယ်ကြီးနဲ့ ခဲရာခဲဆစ် တက်သည်။ ထို့နောက် သူ့အဖေ မျက်လုံးပြူးအောင် ခြိမ်းခြောက်သည်။

*ဆောင်းညပြာသိစ္စာလေ*

www.burmeseclassic.com

www.burmeseclassic.com



'သမီး ခုန်ချလိုက်မှာနော်. . တကယ် ခုန်မှာနော်. . ကျိုးချင် ကျိုးပစေ. . ဒုက္ခိတ ဖြစ်သွားတာမှ အဟားခံရတာထက် တော်ဦးမယ်'

သုံးပေကြီးများတောင်မြင့်တာ ဆိုတော့. . ဦးမောင်ချမ်းတို့က မျက်လုံးမပြူးပေါင်။

ဒါနဲ့ပဲ စင်သီယာချမ်းလည်း မခံချင်စိတ်ဖြစ်ပြီး ဝုန်းဆို စားပွဲပေါ်က ခုန်ချပါလေရော။

ပြီးတော့. . မနိုင်မနင်းနဲ့ ကုန်းရုန်းထပြီး စားပွဲပေါ် တက်ပြန်သည်။

'ခုန်မှာနော်. . တကယ်ခုန်မှ လုံးဝလာမဆွဲနဲ့ ဟီး. . '

နောက်တစ်ကြိမ် ထပ်ခုန်ပြန်သည်။ တက်လိုက်ဆင်းလိုက်နဲ့ စားပွဲလေးခမျာ သူ့ဝိတ်တွေ ပိပြီး သနားစရာတောင်ကောင်းသည်။

ဦးမောင်ချမ်းက သူ့သမီးဝက်မလေးကို စိတ်မှန့်သေးရဲ့လားဟု မသက်မသာကြည့်ပြီး ခေါင်းရမ်းနေသည်။

စင်သီယာချမ်းက တတိယအကြိမ်ခုန်ချပြန်သည်။

တားမည့်သူမရှိ. . ဆွဲမည့်သူမရှိတော့ သူ့ခမျာ အကြိမ်





ကြိမ် ခုန်ချနေရသည်။ ဦးမောင်ချမ်းက ကြာတော့ မျက်စိနောက်လာတာပေါ့။

ဒေါ်ပွပွနဲ့ ကောက်ကာငင်ကာ ထ,ပြောပါလေရော. .

'သေချင်ရင် ခုနစ်လွှာပေါ်တက်ပြီး တစ်ခါတည်းသာ ခုန်ချလိုက်ပေ့ ဟုတ်တယ် မျက်စိကနောက်လာပြီ'

အဲဒီလိုပြောမှပဲ စင်သီယာချမ်းရဲ့ စိတ်ဆိုးပြီးခုန်ချခြင်းအမှု ပြီးဆုံးသွားပါတော့တယ်။

◆



www.burmeseclassic.com

www.burmeseclassic.com

**စင်** သီယာဝက်မကြီးရဲ့ရန်ကို ကြောက်လို့ မော်ဒယ်လ်မလေး
ကို စိတ်ဝင်စားတာတောင် အနားမကပ်ရဲတဲ့ဘဝ။

နေကို့အဖြစ်က ရှူတင်လည်း မသွားရဲ. . အိမ်မှာလည်း မနေနိုင်. . လမ်းပေါ်လွှတ်တဲ့ 'လူ'လို ဟိုလျှောက် ဒီလျှောက်ပေါ့လေ။ (ကိုယ့်ဟာကိုယ်ဆိုတော့ သောင်ပေါ်လွှတ်တဲ့ ခွေးလို့ ဘယ်ပြောကောင်းမလဲ)

ကိုဗဒင်ကြီးက အရေးပေါ်ဆက်သွယ်လို့ရအောင် နေကို့ကို ဟန်းဖုန်းတစ်လုံး ပေးထားသည်။

နေကို ကားစောင့်နေတုန်း ဖုန်းမြည်လာသည်။

*ဆောင်းညပြာသိုစာလေ*



'ဟဲလို'

'နေကို. . . နေကို. . .'

နေကိုချင်း ထပ်ပြီး ဘာမှလည်း ဆက်မပြောတော့ နေကို စိတ်ပူသွားသည်။

အသံကတော့ မိုးသံစဉ်အသံပါ။

'ဘာလဲ. . ဘာဖြစ်တာလဲ'

'နင့်သူငယ်ချင်း သားငယ်လေ. . ဟီးနိုးကားအောက်ကို ဝင်သွားတာ လျှောကနဲပဲ. . ငါ. . ငါကိုယ်တိုင်မြင်ခဲ့တာ'

နေကိုခေါင်းထဲမှာ ဆယ်ပေါင်တူနှင့် ထုလိုက်သလို တဒိန်းဒိန်းကိုက်လာသည်။

မျက်လုံးထဲမှာလည်း သားငယ်ရဲ့ မျက်နှာနှင့် ပုံရိပ်တွေ တရေးရေးပေါ်လာသည်။

အင်မတန်မှ စိတ်ထားကောင်းပြီး သဘောဖြူတဲ့ သူငယ်ချင်း. . .

သူတော်ကောင်းကြီးကို နတ်ကောင်း တစ်ထောင်လောက် ဝိုင်းမ,ပါစေ။

'သူ. . အခု ဘယ်မှာလဲ မိုးသံစဉ်'

*ဆောင်းညပြာသိုစာလေ*

www.burmeseclassic.com

www.burmeseclassic.com



နေကို့အသံက သူ့မိန်းမ နောက်ယောက်ျားသုံးယောက် တစ်ပြိုင်တည်း ယူသွားတဲ့လေသံ. . (ဥပမာပြောတာပါ)

အရေးပေါ် ၅/၆မှာလား. . ရေဝေးများ ရောက်သွားသလား. .

"ကားအောက်မှာပဲ ရှိသေးတယ်'

'ဟာ. .'

ကျွတ်. . ကျွတ်. . သနားစရာ သားငယ်ရာ၊ ကားအောက်မှာ ပိနေလို့များ ထုတ်လို့မရတာလား။

ဒါ. . ဒါဖြင့် သူ့တစ်ကိုယ်လုံးရော အကောင်းအတိုင်း ရှိပါ့ဦးမလား. .

ဘုရား. . ဘုရား. .

'ဟဲ့. .နေကို နင့်အသံက ဘာဖြစ်နေတာလဲ'

'ငါ. . ငါ. . . ငိုချင်နေတာ'

'နင် ငိုရင်. . ငါလည်း ငိုချင်တယ် ဟင့်'

နေရာတကာမှာ ဇရွတ်လိုက်ကျပြီး ပျော်ပျော်နေတတ်တဲ့ မိုးသံစဉ်တောင်မှ ငိုချင်တယ်ဆိုတော့ သားငယ်က တော်တော်အဖြစ်ဆိုးလို့နေမှာ။





'မငိုပါနဲ့ဟာ ငါလည်း အောင့်ထားမယ် နင်လည်းအောင့်ထား သိလား. . ငါတို့ သူ့အလောင်းမြင်မှ တဝကြီး ငိုကြမယ်လေ ခု. . အလောင်း မမြင်သေးတော့ မျက်ရည်က မထွက်ဘူးဖြစ်နေတယ်'

'အေးလေ ဒါဆို ငါဖုန်းချလိုက်တော့မယ်နော်'

ကြားရတဲ့ သတင်းက အ,မင်္ဂလာသတင်း ဆိုတော့ ဒီနေ့ ပြဿဒါးနေ့များလား. .

နေကို စိတ်ထဲမှာ လေးလံသွားသည်။

ပျော်ရွှင်ခြင်းတွေကို နှုတ်ယူသွားသလို ခံစားလိုက်ရသည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ သူ ဝတ်လာတာက သားငယ် ဘန်ကောက်သွားတုန်းက ဝယ်လာပေးတဲ့ တီရှပ်အပြာရောင်လေး ဖြစ်နေသည်။ ရိုးရိုးသားသားတိုက်ဆိုင်မှုလား နိမိတ်ပြလေလား။

နေကိုသည် သူငယ်ချင်းကို ပြင်းပြစွာသတိရလာပြီး သားငယ်ရဲ့ဖုန်းနံပါတ်ကို နှိပ်လိုက်မိသည်။

ဖုန်းဝင်သွားတော့ အသာလေး ပြန်ပိတ်လိုက်သည်။

သားငယ်သည် Game ဆော့နေရင်း ဖုန်းမြည်လာသဖြင့် နံပါတ်ကိုကြည့်လိုက်တော့ နေကိုဆီမှ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားငယ်က နေကို့ကို နောက်ချင်သဖြင့် ဖုန်း မကိုင်ဘဲ ဆက်ဆော့နေလေသည်။

ခဏလေးမြည်ပြီး ဖုန်းသံရပ်သွားတော့ သားငယ်တောင် ကြောင်သွားသည်။

ဒီကောင် ဘာထွင်ပြန်ပြီလဲ။ ဒါပေမယ့် ဖုန်းတော့ မြန်မြန် မဆက်ဖြစ်ပါ။

◆



**နေ့** ကို ညက သားငယ်ကို အိပ်မက်မက်သည်။ စိတ်စွဲလို့လား ဆိုတော့ ဖြစ်နိုင်ပါသည်။

မိုးလင်းလို့ နိုးလာတာနှင့် ရေမိုးချိုးသန့်စင်ပြီး သားငယ် အိမ်သို့ ထွက်လာခဲ့သည်။

တကယ်ဆို ညကတည်းက သွားဖို့ သင့်တာ. . လက်ဖက် ရည်တောင်မသောက်ဘဲ လောပြီးထွက်လာမိသည်။

သားငယ်တို့အိမ်ကတော့ ဘာမှ မပြောင်းလဲပါ။ ဟိုအရင် သူလာတုန်းကအတိုင်းပင်။

အသုဘအိမ်ရဲ့ အဆောင်အယောင်တွေလည်း ဘာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခုမှမတွေ့ရပါလား။ ဒီထက်ပိုဆိုးတာက ခွေးတစ်ကောင်ဆွဲပြီး သူ့ရှေ့မှာ ဘွားကနဲပေါ်လာတဲ့ သားငယ်. . .

အရှင်လတ်လတ်ကြီး အကောင်လိုက်ပေါ်လာတာ

'သားငယ်. . မင်း. . မင်း'

'ဘာတုန်း. . မနေ့က မင်း ငါ့ဆီ ဖုန်းခေါ်ပြီး ဘာကိစ္စပြန်ချသွားတာလဲ. . အားတိုင်းယားတိုင်း လိုက်ကလိနေတာလား'

'ဒါဆို. . မင်း မသေဘူးပေါ့နော်'

'ငါက ဘာလို့သေရမှာလဲ မဦးမချွတ်'

'မိုးသံစဉ်ပြောတော့ မင်း ဟီးနိုးကားအောက် ဝင်သွားတာပြန်ထွက်မလာတော့ဘူး တဲ့'

'မနေ့ကလား'

'အေးလေ. . မင်း ကားတိုက်ခံရတာ မဟုတ်လား'

'ဒီဗရုတ်မတော့ လုပ်ချလိုက်ပြန်ပြီ. . ကားအောက် ဝင်တာတော့ ဟုတ်တယ်ကွာ. . . ဒါပေမယ့် ကားတိုက်ခံရတာ မဟုတ်ဘူး. . ငါ့ဦးလေးရဲ့ကား ပျက်နေလို့ ဝင်ကြည့်ပေးတာပါကွာ'

သားငယ်က မိုးသံစဉ်ကို ပက်ပက်စက်စက်ကောင်းချီးပေးပါတော့သည်။





'သေနာမ. . ဗရုတ်ကျလွန်းလို့ တရုတ်နဲ့ညားမယ့်ဟာမ'

နေကိုက ဒါမျိုးတော့ သည်းမခံနိုင်ပါ။

'ဘာဖြစ်လို့ တရုတ်နဲ့ညားရမှာလဲ. . ညားချင်း ညား ငါနဲ့ပဲ ညားရမှာပေါ့'

'နေကို. . မင်း စိတ်တော့မှန်ပါသေးတယ်နော်. . အခု ဒီလောက်ခံလိုက်ရတာတောင် အမှတ်မရှိသေးဘူး. . မင်းကို ငါ စေတနာနဲ့ တစ်ခုတော့ ပြောချင်တယ်ကွ. . . ခုချိန်မှာ အမှန်မြင်နိုင်မှ မင်း အံ့ဝင်မှာနော်. ..ကြပ်ကြပ်သတိထား'

သားငယ် ဘယ်လိုပြောပြော သူ နားထဲမဝင်ပါ။

မိုးသံစဉ်က ဗရုတ်သာကျတာ စိတ်ရင်းက မဆိုးပါဘူး. . သူက ရုပ်ရှင်မင်းသမီးအိန္ဒြာကျော်ဇင်နဲ့တောင်မှ ခပ်ဆင်ဆင် တူသေးသည်။

သူ ဗရုတ်ကျလို့ ခံရတာလည်း အကြိမ်ပေါင်းမရေတွက်နိုင်တော့။

အမှတ်မရှိတဲ့အသည်းနဲ့လူဟာ သူလိုလူပဲ ဖြစ်လိမ့်မည်။

'သားငယ် မင်းကို အခုလို အရှင်လတ်လတ်ကြီးတွေ့လိုက်ရလို့ ငါဘယ်လောက်ပျော်သွားတယ်ထင်လဲ. . အဲဒီစိတ်က ဘာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မှ လဲလို့မရဘူးလေ. . သေသေချာချာ တွေးကြည့်ရင် မိုးသံစဉ်ကို ရေရေလည်လည်ကျေးဇူးတင်ရမယ်ကွ'

သားငယ်က နေကိုမျက်နှာကို အားမလိုအားမရကြည့်ရင်း

"မင်းက အမဲသားစားထားတဲ့ လူဆိုတော့ မပြောတော့ပါဘူးကွာ"

"သေနာကောင်. . ငါ့ကို အရူးလို့ ပြောတာမဟုတ်လား"

"သဘောပေါက်လွယ်သားပဲကွ"

"အေးပါ. . မင်းအလှည့်ကျမှ ငါ ဝအောင်ပြောဦးမယ်. . ခုတော့ ပြောထားဦးပေါ့ကွာ. . ကဲ. . ကဲ. . ငါသွားတော့မယ်၊ ဒီနေ့ မိုးသံစဉ်နဲ့ စာရင်းသွားရှင်းရဦးမယ်"

"မင်းပဲ ခံလာရမှာပါ. . ဗေဒင်မေးစရာကို မလိုဘူး"

"အနာခံမှ အသာစံရမှာလေကွာ"

"ငပေါ. . ပိုက်ဆံမပေးရတိုင်း မင်းပဲ ပေါနေ"

နေကို ရှူးချင်ယောင်ဆောင်ပြီး ထွက်လာခဲ့သည်။

♦



**မိုး** သံစဉ်၏ မိဘများက ခေတ်မီသည်။ တစ်ဦးတည်းသော သမီးမို့ မိုးက သူတို့အိမ်မှာ လုပ်ပိုင်ခွင့် အပြည့် ရ,ထားသည်။

အဲဒီအခွင့်အရေးကိုအသုံးချပြီး ကဲချင်တိုင်းကဲ၊ လျှောင်ချင်တိုင်းလျှောင်၊ ပြောင်ချင်တိုင်း ပြောင်နေသည့် မိရွှေမိုး. .

ဟော. . သူ့မိဘတွေ ရုတ်တရက် ကားaccident ဖြစ်ပြီး ဆုံးလည်း ဆုံးရော မိုးရဲ့အကျင့်တွေက ပြန်ပြင်လို့မရတော့။

နေကို မိုးဆီလာတာ အကြောင်းရှိသည်။

သူတို့သူငယ်ချင်းအုပ်စုထဲက ဗလတို့ စုံတွဲ မိုးလက်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကွဲမလိုကွာမလို ဖြစ်ပြီး အပျက်အပျက်နှင့်နှာခေါင်းသွေးထွက်ကာ ကွာစိလို ပြန်စိလို့မရတာ ခက်သည်။

မနေ့က သားငယ်ကိစ္စကို အသာထား. . ဗလတို့အတွဲကို ပြန်ပြီး ပြေလည်စေချင်သည်။

အဲဒါက မိုးရှုပ်ထားတဲ့ အရှုပ်ထုပ်။

သူ့အရှုပ် သူပြန်ရှင်းမှ ကာယကံရှင်တွေ ပြန်ပြီးပြေလည်ကြမှာ. . .

နေကိုတို့အုပ်စုက မိုးတို့အိမ်ဆို တံခါးမရှိ ဓားမရှိ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်လို့ရသည်။

မိုးကိုစောင့်ရှောက်ပေးနေတဲ့ ဒေါ်လေးဂွမ်းက မိုးသူငယ်ချင်းတွေ မလာလိုက်နှင့် တစ်မျိုးပြီးတစ်မျိုး ဗိုက်ကားအောင် ကျွေးပြီးမှ ပြန်ခိုင်းတတ်သည်။

ဒါပေမယ့် မိုးဒေါ်လေးက မိုးလိုပဲ လောင်စိန်ဖြစ်သည်။

အိမ်ထဲမှာ မိုးတစ်ယောက် ဘာတွေ အလုပ် ရှုပ်နေမှန်းမသိ။ ရှုပ်တာတော့ တော်တော်ရှုပ်နေပုံရသည်။

သူတစ်ယောက်တည်း ပတ်ချာလည်ရမ်းပြီး ရှုပ်နေသည်။ နေကိုရောက်နေတာ သိပုံမရပါ။





နေကိုက မိုးသံစဉ်ကို စ,ချင်လာသည်။

အခါတိုင်း သူ စ,တာ၊ ဗရုတ်ကျတာပဲ ခံနေရတာကိုး. .

ခြေလှမ်းကို အသာလေး ဖွနင်းပြီး နေကို အိမ်ထဲ ဝင်လာသည်။

မျက်နှာကလည်း ပြုံးစိစိ. . .

အမယ်. . သူဝင်လာတာ ဘယ်သူမှမသိဘူးပေါ့။

တစ်လှမ်း. . .

နှစ်လှမ်း. . . .

သုံးလှမ်း. . .

တဖြည်းဖြည်း မိုးသံစဉ်နှင့် နီးကပ်လာသည်။

"နေကိုလာတယ်. . နေကို လာတယ်. . နေကို နေကောင်းလား. . ."

ဗုဒ္ဓေါ. . . အဲဒီ သာလိကာအစုတ်ပလုတ်ကို နေကို ဘာကြောင့် မေ့နေတာပါလိမ့်။

နေကိုလည်း သာလိကာဘကျော်ကို ဒေါသထွက်ပြီး

"နေမကောင်းဘူး. . သေပြီဟေ့'

ဟု ပြောမိသည်။ ဘကျော်က လိုက်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေကို သေပြီ. . နေကို သေပြီ"

မိုးက သူတို့နှစ်ယောက် (အဲလေ. . တစ်ကောင်နှင့် တစ်ယောက်)ဖြစ်ပျက်နေတာကိုကြည့်ပြီး ဟက်ဟက်ပက်ပက်ရယ်သည်။

"နေကို. . နင်က ငါ့အိမ်ထဲကို ခိုးဝင်လာတာပေါ့လေ. . ဟုတ်စ. . ငါ့မှာ spy ရှိတာ နင် မသိဘူးလား. . ဟား. . ဟား. . ဟား"

"မှားနေပြီ. . နင့်ရယ်သံကို tone ချိန်းလိုက်ဦး. . အဲဒါ ယောက်ျားလေး ရယ်သံဟ'

ဗရုတ်မက

"ဩော်. . သိပြီ၊ ငါ ပြန်ရယ်မယ်နော်. . ခဏလေး. . ဟီး . . . ဟီး. . . ဟီး"

"ဟာ. . . မြင်းဟီသံကြီးကျနေတာပဲကွာ. . ကျက်သရေ တုံးတယ်. . တော်တော့"

မိုးသံစဉ်ကိုကျော်ပြီး သူ့နောက်မှာ မှန်ပုံးတွေနဲ့ထည့်ထားတဲ့အကောင်တွေလည်း တွေ့ရော နေကို မျက်လုံးပြူးပါလေရော။

"မိုး. . နင့်. . နင့်နောက်မှာ ဘာတွေလဲ"

မိုးက မှန်ပုံးကို တစ်လှည့်၊ နေကို့ကိုတစ်လှည့် ကြည့်ပြီး. .





"နင်ကလဲဟာ. . ငါ ကလိချင်လို့မွေးထားတာ. . ခြံထဲမှာ ဖားလည်း မွေးထားသေးတယ်"

"ငါ မြွေကြောက်မှန်း သိလို့ နင် တမင်လုပ်တာ မဟုတ်လား"

"လူတစ်ကိုယ် ဝါသနာတစ်မျိုးပေါ့ဟာ"

ခွေပြီးအိပ်နေတဲ့ မြွေတွေကိုကြည့်ပြီး နေကို သွေးပျက်လာသည်။

"တော်ပြီဟာ၊ နင့်အကောင်တွေကိုကြည့်ပြီး ငါ ထမင်းစားပျက်တယ်၊ နင့်အိမ်လည်း ကြာရင် တိရစ္ဆာန်ဥယျာဉ်ဖြစ်တော့မယ်"

"ဒါနဲ့. . နင် ငါ့ဆီလာတာ ဘာကိတ်'

"ဗလတို့ကိစ္စလေ. . အဲဒါ နင်ပြန်ရှင်းပေးဦး. . ဟိုမှာ. . တကယ်ကွဲကြတော့မှာ"

"ငါ တမင်လုပ်တာမှ မဟုတ်တာ. . ငါ့အစ်မဝမ်းကွဲတစ်ယောက်နဲ့ ငါလိုက်သွားတာ. . ဆေးကုမ္ပဏီတစ်ခုက လုပ်တဲ့ပွဲပဲ. . အဲဒီမှာ ငါ လက်ဆောင် ရ,လာတဲ့ဟာလေး ဗလ ပိုက်ဆံအိတ်ထဲ ထည့်ပေးလိုက်တာ၊ အဲဒါဘာဖြစ်လဲ. . အလကား. . မိချောကိုယ်၌က အဖြစ်သည်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး. . ဗလပိုက်ဆံအိတ်ထဲ ပြီးပြီးရော ထိုးထည့်ပေးလိုက်တာ ဘာလဲသိရဲ့လား"

"သိဘူး"

"ငါပြောလိုက်ရ မကောင်းဘူး"

"မကောင်းရင် မပြောနဲ့ပေါ့ဟဲ့"

"မပြောလို့လည်း မဖြစ်ဘူး၊ နင် ဗလကို လက်ဆောင်ပေးလိုက်တဲ့ဟာကလေ. . ဟိုဒင်း. . ကွန်ဒုံးကြီး"

"တကယ်. . ငါ. . ငါ မသိလို့ပါဟယ်. . စတော်ဘယ်ရီပုံလေးနဲ့ဆိုတော့ သကြားလုံးအောက်မေ့လို့. . ဗလကြိုက်တဲ့ သကြားလုံးလေ. . အဲဒါကြောင့် ငါ ပေးလိုက်တာ"

"အေး. . နင် အပေးကောင်းလို့ ဟိုမှာ. . ဖိုက်တင်ပလေးကုန်ကြပြီ၊ မိချောကလည်း ဘယ်လိုမှကို ရှင်းပြလို့မရဘူး. . ဗလကို ငပွေ ငရှုပ်ဆိုပြီး စွပ်စွဲနေတာမှ ပိုးစိုးပက်စက်"

မိုးသံစဉ်က သူမမျက်နှာလှလှလေးကို မဲ့ရွဲ့ပြီး

"ခေါက်ထားလိုက်စမ်းပါဟာ၊ ပြတ်နိုင်တာလည်း မဟုတ်ဘဲနဲ့. . အလကားမှုနေတာ. . ဗလကိုပြောလိုက်. . သူ့ထက်သာတဲ့ မိန်းမ ငါရှာပေးမယ်လို့"





"မိုးရယ်. . နင်ဟာလေ ဗရုတ် မကျရရင် ထမင်းစားမဝင်တဲ့ပုံပဲ. . တည်တည်တံ့တံ့လေး နေစမ်းပါဟာ. . နင့်ပုံစံကလေးကို ဣန္ဒြေရရလေး ငါတွေ့ချင်လွန်းလို့. . please"

"ငါပြောင်းလဲသွားရင် နင်ဘာပေးမှာလဲ"

မိုးက ဘာရယ်မဟုတ် မေးလိုက်ပေမယ့် နေကိုက တည်တည်တံ့တံ့လေး ဖြေသွားပါသည်။

"အချစ်. . ."

မိုး အံ့သြပြီး ကျန်နေခဲ့သည်။

နေကို ပြောသွားတဲ့စကားကို အတည်ယူရမလား၊ နောက်သွားတာလားဆိုတာ သူမ မဝေခွဲတတ်နိုင်။

နေကို့ကျောပြင်လေးကိုကြည့်ပြီး စဉ်းစားနေတဲ့ မိုးသံစဉ်၊ ရုတ်တရက် ထ,အော်လိုက်တဲ့ ဘကျော်အသံကြောင့် ဖီလင်ပျက်သွားသည်။

နေကိုပြောသွားတဲ့ 'အချစ်'က ဘကျော်ပါးစပ်ထဲ ရောက်သွားပြန်ပြီ။

အားအားရှိ တစ်ချစ်တည်း ချစ်နေတဲ့. . ဘကျော်ကြောင့် မိုးရဲ့အဒေါ်ကတောင် အံ့သြပြီး မေးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ပါးစပ်ထဲ ဘယ်သူ့အလုံးကြီး ရောက်နေတာတုံး. ."

မိုးက အသာလေးငြိမ်နေပေမယ့် ဘကျော်က ဖော်ကောင်လုပ်သည်။

"နေကို" တဲ့။

မိုးရဲ့အဒေါ်က မိုးကို မျက်လုံးကြီးပြူးပြီးကြည့်သည်။

"ဟုတ်လား သမီး"

မိုးကလည်း ပြောင်ပြင်းသည်။

"မဟုတ်က ဟုတ်က ဒေါ်လေးရာ၊ နေကို ခုနက လာသွားတယ်၊ သူ့ကို ဘာတွေသင်သွားလဲ မသိဘူး၊ အဲဒါလိုက်ပြောနေတာ"

"ဩော်. . ဒီလိုလား. . သမီးကို ဒေါ်လေးပြောဦးမယ်. . သမီးဦးလေးက အော်စီကို သွားချင်ပြီတဲ့. . ဟိုက သူ့အမျိုးတွေ လှမ်းခေါ်နေလို့. . သမီးလည်း ဒီမှာ ဗရုတ်ကျတာတွေ လျှော့တော့ကြားလား"

"ဒေါ်လေးတို့ သွားချင်သွားလေ. . သမီးက ဒီမှာပဲ ပျော်တယ်. . ဒီမှာပဲ နေခဲ့မယ်"

"ဒါတော့ ဒေါ်လေး မသိဘူး၊ သမီးဦးလေးနဲ့ပဲ ပြောတော့"





မိုးက နှုတ်ခမ်းလေးစူပြီး ကျန်ခဲ့သည်။ ရင်ခုန်မယ်မှမကြုံသေးဘူး၊ ခွဲခွာဖို့အကြောင်းက ဖန်လာပြန်ပြီ။

နေကိုရေ. . ချစ်မယ်ဆိုလည်း မြန်မြန်ချစ်လိုက်ကြစို့. . နို့မို့ဆို ငါသွားရတော့မယ်. . ကြားလား နေကို. . အလကား အရှုံးအပေါ. . ငါ့ကို ပဟေဠိတွေဝှက်သွားသေးတယ်. . ဒါပေမယ့် နင့်ရင်ထဲကို ငါမြင်နေပါတယ်ဟာ. . ငါ့ဒဏ်သာ နင်ခံနိုင်အောင် ကြိုးစား. . .

◆



www.burmeseclassic.com

www.burmeseclassic.com

'တို့ ကိုကြီးကျော်'ring toneနဲ့ ဖုန်းမြည်လာသဖြင့် ကိုဗဒင်ဆီကမှန်း နေကို သိလိုက်သည်။ ထို့ကြောင့် ပေတေပြီး ဆက်အိပ်နေသည်။

အမယ်. . 'ကိုကြီးကျော်'ကလည်း ဖွဲ့မလျှော့ဘူး. . . ဆက်တိုက်ကို အော်နေတော့တာ. . နေကိုက ကိုဗဒင်ဖုန်းမှန်းသိအောင် သူက သောက်တတ်တော့ ကိုကြီးကျော်သီချင်းလေး ထည့်ပေးထားသည်။

နောက်ဆုံးတော့ သူပဲ အလျှော့ပေးလိုက်ရသည်။ ဖုန်းဖွင့်ပြီး ထူးမှ ကိုကြီးကျော်အသံရပ်သွားတော့သည်။





"ကိုဗဒင် ပြော. ."

"အမယ်. . ခုမှ အိပ်ရာကနိုးလာတဲ့အသံနဲ့၊ ဒီမယ်. . ငါပြောမယ်"

"ဩော်. . ပြောပါဆိုမှ"

"အခု ငါရိုက်မယ့်ကားက 'ကျွန်တော်နှင့်ဟာသမယ်များ' လို့ နာမည်ပေးထားတယ်ကွာ. . ရိုက်တာကလည်း ဒိတ်ဒိတ်ကျဲမင်းသမီးတွေနဲ့ရိုက်မယ်. . အရွယ်စုံ၊ colour စုံ၊ sizeစုံပေါ့ကွာ၊ ခက်တာက သူတို့နဲ့လိုက်မယ့် plotတွေ. . ဟာသတွေ လိုနေတယ်ကွ၊ အဲဒါ မင်း ရှာပေး. . နှစ်ပတ်ပဲ အချိန်ရမယ်နော်. . . ငါပြောတာသဘောပေါက်လား. . စိုးစိုးတို့ အူဝဲတို့က အားတာမဟုတ်ဘူး၊ မမို့တို့ မခိုင်လေးတို့လည်း မအားဘူး၊ ငါ့မှာ သူတို့ပေးတဲ့ရက်ကို ပြီးအောင် ရိုက်ရမှာ. . တော်တော်ကြာ dutyတွေ များသွားရင် producer က ပွစိပွစိပြောဦးမယ်"

"ဟာဗျာ. . ကိုဗဒင်ကြီးက ကျွန်တော့်ကို အုံးစားပြန်ပြီ၊ ကိုယ့်ဘာသာထွက်ရှာပါလား"

"ဟ. . ငါ့ရုပ်ကို လူတွေက သိနေပြီလေ. . ငါ့ရှေ့မှာဆို သူတို့ ပိုးစိုးပက်စက် လုပ်မှာမဟုတ်ဘူး. . ထိန်းထိန်းသိမ်းသိမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်လျှိုလေး ပြီးသွားမှာ. . နင့်ဆို လူ မပြောနဲ့. . ခွေးတောင်သိမှာ မဟုတ်ဘူး"

နှိုပ်ပြီ. . ခံလိုက်ဦးပေါ့ နေကိုရယ်. .

အမယ်. . သူ့ကျတော့ နာမည်ကြီးဒါရိုက်တာပေါ့လေ. . ရုပ်ကိုက 'ခွေးပေးလို့ ဝက်မစား'တဲ့ ရုပ်ကြီး။

"ဒါဆို ကျွန်တော်က မိန်းမတွေပဲ လေ့လာရမှာပေါ့ ဟုတ်လား. . . ခင်ဗျားကလဲဗျာ. . ယောကျ်ားလေးအချင်းချင်းဆို တော်သေးတယ်. . အခန့်မသင့်ရင် ကျွန်တော့်ကို ဘူးကောင်လို့အထင်ခံရဦးမယ်"

ကိုဗဒင်ကြီးက ငှက်ဆိုးထိုးသလို ရယ်သည်။

"ယောကျ်ားပဲကွာ. . ဒူးနဲ့ဘူး နှစ်မျိုးပဲ ရှိတာ. . အထင်ခံရ နည်းလား. . ခံလိုက်ကွာ. . ခံလိုက်"

"ဒါပဲ ခင်ဗျားအကျင့်က. . သူများကို ချောက်မတွန်းရရင် စားမဝင် အိပ်မပျော်ဘူး မဟုတ်လား"

"အားကိုးပါတယ် တပည့်ရာ၊ ဆရာ အားကိုးလို့ရအောင် လုပ်ပြလိုက်စမ်းပါကွာ. . ဟဲ. . ဟဲ"

♦



**နေ့** ကို ခေါင်းနည်းနည်းစားသွားသည်။

ဒီနေ့တွေ့ရမှာက. .

အဲ. . လိုက်ရှာရမှာက မမကြီးအရွယ်တွေမှာ ဖြစ်တတ်၊ ပျက်တတ်တဲ့ အမှတ်မထင်ဟာသလေးတွေပေါ့. .

ဒါဆို ဘယ်လိုအဝတ်အစားနဲ့ ပိုပြီးလိုက်ဖက်မလဲ. . သင့်တော်မလဲ. . Neat & Tidy ဖြစ်ဖို့တော့ လိုမှာပေါ့. . .

နေကိုက သူ တွေးမိသလို သပ်သပ်ယပ်ယပ်လေး ဝတ်ဖို့ စိတ်ကူးမိသည်။ ရှပ်လက်ရှည်အဖြူနှင့် ကချင်ပုဆိုးတစ်ထည်ထုတ်ပြီး ဝတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကိုလည်း ဘေးခွဲပြီး လူကြီးသူမတွေ မျက်စိစပါးမွေး မစူးအောင် ဖြီးရပြန်သည်။

ဒါမှ ရည်ရည်မွန်မွန်ကလေးလို့ အထင်ခံရမှာ. .

ဟို ကျေးဇူးရှင် ဒါရိုက်တာကြီးက ဒီအချိန်ဆို အိပ်တော်မူ တုန်းရှိဦးမှာ. . သူ့ဖင်ကို နေမထိုးမချင်း ထတော်မူမှာ မဟုတ်။

သူက ရိုက်ကွင်းမှာပဲ ဘုရင်လုပ်ရတာ. . . အိမ်မှာဆို သူ့ က နင်းပြားဘဝနဲ့ နေရတာ ဆိုတော့ သနားစရာပင် ကောင်းသေး သည်။

ဒါပေမယ့် ရိုက်ကွင်းက အကျင့်က ပါနေလို့လား မသိ. . သူများကို လက်ညှိုးထိုးပြီး ခိုင်းတဲ့နေရာမှာတော့ ပြိုင်စံရှား. . No Two ပဲ။

နာမည်ကြီးဒါရိုက်တာအများစုဟာ သူတို့ရဲ့ဂုဏ်ပုဒ်ကို ဒါ မှမဟုတ် ထူးခြားတဲ့အကြောင်းအရာလေးတွေကို နာမည်ရဲ့နောက် မှာ အမြီးလေးတွေ ကိုယ်စီတပ်ကြတယ် မဟုတ်လား. . .

ဥပမာ. . ဒါရိုက်တာဝင်းထွန်းထွန်း ဆိုရင် ဝင်းထွန်းထွန်း ရဲ့အနုပညာပြချက်။

ဒါရိုက်တာဇော်မျိုး ဆိုရင် ကွင်းကလေး ခတ်ပြီး ဇော်မျိုး





(ခရေပုံပြင်)ဆိုတာ ပါပြီးသား. .

ဒါရိုက်တာမိုက်တီးဆို. . မိုက်တီးရဲ့ရိုက်ချက် တဲ့. . ဘယ် နှယောက်လောက် ခေါင်းပေါက်ပြီးပြီလဲ မသိပါဘူး။

ဟော. . မောင်မျိုးမင်းကျတော့ ရင်တွင်းဖြစ်တဲ့. .

သူတို့ သူတို့တွေကို အားကျပြီး ကျွန်တော့်ဆရာဒါရိုက်တာ က သူ့နာမည်ကို ရှယ်ရွေးထားတာဗျ. .

ဘာတဲ့. . 'တစပြင်က ဗဒင်'ဆိုပဲ။

တစပြင် ဆိုလို့ သရဲကား ရိုက်တဲ့ ဒါရိုက်တာ မဟုတ်ဘူး နော်. . . ဟာသကားတွေပဲ သူရိုက်တာ. .

အခု သူရိုက်မယ့်ဇာတ်မှာ ကျွန်တော့်ကို အုံးစ[illegible]ထားတာ လေ. . တီထွင်ကြံဆပြီး ကွင်းဆင်းစေသတည်းပေါ့ဗျာ. .

◆



www.burmeseclassic.com

www.burmeseclassic.com

**သုံး** ဆယ်နဲ့ လေးဆယ်ကြား မမတွေ ဘယ်နေရာသွားတတ်ကြသလဲ။

ကာရာအိုကေသွားမလား. . နိုက်ကလပ် သွားမလား. .

တည်ငြိမ်သင့်တဲ့အရွယ် ရောက်နေပြီပဲ. . ဘုရားသွားရင်တော့ ဒီအရွယ်မမတွေ အများကြီးတွေ့နိုင်သည်။

ဒါကတော့ နေကိုရဲ့အတွေး. . ။

မှန်ချင်လည်း မှန်နိုင်သည်။ မှားချင့်လည်း မှားသွားနိုင်သည်။

နေကိုကတော့ ဘုရားကို ချီတက်လာပြီဖြစ်သည်။

*အောင်းညပြာသိစာပေ*



နေကိုသည် ဘုရားရင်ပြင်ထက်ဝယ် အေးအေးလူလူလမ်းလျှောက်နေပြီး တွေ့မြင်သမျှ မိန်းမလတ်များကို မလွတ်တမ်း ရှိုးလာသည်။

(တစ်မျိုးမထင်ကြပါနဲ့) လေ့လာအကဲခတ်နေတာပါ။

ရာဟုနံထောင့်မှာ လေးဆယ်ကျော်လောက်ရှိမည့် မိန်းမတစ်ယောက်ကို သွားတွေ့သည်။

တွေ့တယ် ဆိုတာက သူ့ပုံစံထက် သူ့နံဘေးမှာ ဝိုင်းကြီးပတ်ပတ်ဖြစ်နေသည့်ပစ္စည်းတစ်ပုံတစ်ပင်ကြောင့် သတိထားမိသွားခြင်း ဖြစ်သည်။

ထူးဆန်းတာက ထိုအမျိုးသမီးသည် နေကို့ကိုတွေ့သောအခါ သူ့အမျိုး၊ သူ့ဘော်ဒါကိုတွေ့သလို ဝမ်းသာအားရလှမ်းခေါ်သည်။

ကိုယ်နဲ့လည်း မသိဘဲနဲ့ လှမ်းခေါ်[illegible] နေကို ကြောင်သွားသည်။

"မောင်လေးရေ. . မောင်လေး. . ခဏ လာပါဦးကွယ်. . မမကို လာကူပါဦး"

အကူအညီပေးရမှာက မြန်မာတို့ရဲ့ဝတ္တရား မဟုတ်လား။

*အောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



နေကိုက ယဉ်ယဉ်ကျေးကျေးပင်. . .

"ပြောပါ အစ်မ. . ကျွန်တော် ဘာအကူအညီပေးရမလဲ"

အဲဒီလိုမေးတော့ အဲဒီမမရဲ့မျက်လုံးတွေက သူဝတ်ထားတဲ့ ပုလဲပုတီးကိုကြည့်တယ်၊ လက်ကောက်နဲ့လက်စွပ်ကို တစ်ခါထပ်ကြည့်တယ်။

ပြီးတော့မှ. .

"အစ်မနာမည်က တင်မေပုလဲ. . တဲ့"

ဩော်. . ဒါကြောင့် ပုလဲတွေကို ကြည့်နေတာကိုး။ အဲဒီပုလဲမမက ထပ်ပြောပြန်သည်။

"အစ်မ ယတြာ လာချေတာ. . လူကတော့ အပျိုကြီးပေါ့ကွယ်. . အလုပ်အကိုင်ကတော့ ကလေးထိန်းပေါ့"

"ဗျာ"

နေကို နားရှုပ်သွားသည်။

"မောင်လေး ရှုပ်သွားလားမသိဘူး. . သူများကိုသာ မေးနေတာ အမှန်က အစ်မကိုယ်၌က ခပ်ရှုပ်ရှုပ်ဖြစ်နေတာကွဲ့"

"ဩော်. . ဒါကြောင့် ကလေးတွေ ထိန်းနေရတာပေါ့"

"မင်းစကားက ဘာလဲကွဲ့. . ငါက အောအပျိုကြီးနော်. .





တစ်ဝက်တစ်ပျက်အပျိုကြီး မဟုတ်ဘူး၊ ယရစ်နဲ့ မပြိုတဲ့ အတွက် ကလေးမွေးစရာအကြောင်းလည်း မရှိဘူး၊ ငါ ကလေးထိန်းတာက နေ့ကလေးထိန်းကျောင်းဖွင့်ထားလို့ ထိန်းနေရတာ"

မှားပြီ. . .

နေကိုက သူ့စကား မှားသွားမှန်းသိတော့ ချက်ချင်း မျက်နှာချိုသွေးသည်။

"sorryပါ အစ်မရယ်. . အစ်မရုပ်က ကလေးတွေကို ချစ်မယ့်ရုပ်ပါ. . ဟုတ်တယ်မလား"

"အစ်မက ကလေးပဲ ချစ်တာမဟုတ်ဘူးကွဲ့"

ဗုဒ္ဓေါ. . .

ဘယ်သူ့ကိုများ ချစ်ချင်သေးလို့လဲ မသိဘူး။

"ခွေးလေးတွေ၊ ကြောင်လေးတွေလည်း ချစ်တတ်ပါတယ်"

တော်သေးတာပေါ့. . . တိရစ္ဆာန်လေးတွေ ကယ်လို့. .

"ဒါနဲ့ အစ်မက ယတြာလာချေတာဆို"

"ဟုတ်တယ်လေ. . ဗေဒင်ဆရာက သေသေချာချာပြောလိုက်တာ. . ဒီနေ့ဒီရက် ရာဟုထောင့်မှာ အင်္ဂုလိမာလသုတ်ရွတ်ရမယ်တဲ့. . သိလား မောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



နေကို ကြားဖူးတာက ဗိုက်ကြီးသည်တွေမှ အဲဒီသုတ်ရွှတ်ကြတာဆိုပဲ။

နားနည်းနည်းရှုပ်သွားသည်။

"အစ်မ မှားမနေဘူးလား. . အဲဒါက ဗိုက်ကြီးသည်တွေ ကလေးမွေးခါနီး ရွတ်ကြတာလေ၊ အစ်မက အပျိုကြီးဆိုတော့ လွဲမနေဘူးလား"

တင်မေပုလဲဆိုတဲ့ မမက

"မလွဲဘူး မောင်လေး. . လုံးဝ မလွဲဘူး၊ အဲဒီဂါထာပဲ. . အစ်မ အဲဒီဂါထာကိုရွတ်လို့ ပြီးသွားရင် မောင်လေးက နွားနို့ခွက်ကလေး ကိုင်ပြီး လက်နဲ့ တောက်ပေးရုံပဲ. . ကူညီမယ် မဟုတ်လားဟင်"

အပျိုကြီးတွေ ချေတဲ့ ယတြာလောက်တော့ နေကိုတို့က ခတ်ပေါက်တာပေါ့။

စိတ်ပါလက်ပါကို ကူညီလိုက်ဦးမှာ. .

"OKလေ. . ရပြီ အစ်မ. . ဂါထာ စ,ရွတ်တော့"

အပျိုကြီးမမလည်း ပါးစပ်လေး လှုပ်စိလှုပ်စိဖြင့် ဂါထာ စ,ရွတ်တော့သည်။





နေကို့မှာတော့ နွားနို့ခွက်ကြီးကိုင်ပြီး နေပူကြီးထဲမှာ ရပ်စောင့်နေရသည်။

ဆယ့်ငါးမိနစ်လောက်ကြာတော့. . .

"မောင်လေး. . ပြီးပြီလေ"

"ဩော်. . ပြီးပြီလား"

နေကို့စိတ်ထဲတွင် စေတနာတွေ ရေစီးကမ်းပြိုလိုက်နေသည်။

ကူညီချင်သည့်စိတ်တွေက များပြီး နွားနို့တစ်ခွက်လုံး အပျိုကြီးခေါင်းပေါ် လောင်းချလိုက်သည်။

"ကဲ. . အစ်မ၊ ယတြာ လုံးလုံးခဲခဲကြီး အောင်မြင်သွားပြီ"

တင်မေပုလဲမှာ မျက်နှာပျက်ပျက်ဖြင့်

"ဟဲ့. . သေချင်းဆိုးကလေး. . နွားနို့တစ်ခွက်လုံး လောင်းချစရာလား. . အခု ကြည့်စမ်း. . ငါ့တစ်ကိုယ်လုံး စေးကပ်ကပ်ကြီးဖြစ်ပြီး အလှပျက်သွားပြီ"

"ကန်တော့နော် အစ်မ. . ကန်တော့. . ကန်တော့. . ကျွန်တော် ရည်ရွယ်ပြီးလုပ်တာ မဟုတ်ပါဘူး၊ တမင်တကာ လုပ်လိုက်တာ. . အဲလေ. . မှားကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ဟင်း. . ဒေါ်သတွေ အလိပ်လိုက် ထွက်လာပြီ နော်"

"စိတ်ထိန်းပါ အစ်မရယ်. . စိတ်ကို လျှော့လိုက်နော်. . . အသက်ကို ဝအောင်ရှူ. . ရှူ. . ရှူထားမယ်. . ဟုတ်ပြီ"

မမတင်မေပုလဲ အသံတိတ်သွားသည်။ ကျေနပ်သွားတာလား၊ မကျေနပ်တာလား နေကို မသိ။

သူ ကျေနပ်အောင်တော့ အာရုံပြောင်းပြီး လျှောက်ပြောနေရသည်။

အနံ့ခံအာရုံကောင်းသော နေကိုရဲ့နှာခေါင်းထဲမှာ ပြင်းပြသောအနံ့တစ်ခုကို ရလိုက်သည်။

အနံ့ကတော့ ကြက်ဥပုပ်နံ့လိုလို၊ ဘဲဥပုပ်နံ့လိုလို. . . ပုပ်တာတော့ တော်တော်ကြီးကို ပုပ်လေသည်။

အပျိုကြီးကိုကြည့်တော့ ဘာအနံ့မှမရသလို သူ့ဘေးနားက ပစ္စည်းတွေဖြင့် အလုပ်ရှုပ်နေသည်။ အဲဒီအနံ့ ဘယ်သူ့ဆီက လာတာလဲ. . .

ကျွန်တော်ကတော့ ကိုယ့်ဖင်ကိုယ်လုံ. . အဲလေ. . ကိုယ့်လိပ်ပြာ ကိုယ်လုံတယ်။





ဖြစ်ချင်တော့ အဲဒီရာဟုထောင့်ကို အင်မတန်မှလန်းသော ကောင်မလေးတစ်အုပ်စု ရောက်လာသည်။

စကားများတဲ့အတွက် ဆက်ရက်မလေးတွေ ရောက်လာသလားပင် ထင်ရသည်။

သူတို့အုပ်စု ဘုရားကန်တော့မလို့ ပုဆစ်တုပ်ကလေးတွေ ထိုင်လိုက်ကြသည်။ ပြဿနာက အဲဒီမှာ စ,တော့တာပါပဲ. .

ကောင်မလေးတွေထဲက တစ်ယောက်က

"ဟဲ့. . ဘာအနံ့ကြီးလဲ. . နံလိုက်တာ၊ ပုပ်စပ်နေတာပဲ"

"ကေသီ. . နင်ရော အနံ့မရဘူးလား"

"ရတယ်. . ရတယ်၊ အဲဒီအနံ့က လေထုညစ်ညမ်းတဲ့အနံ့၊ မိုက်ရိုင်းလိုက်တာ ကြည့်စမ်း. . ဘုရားပေါ် လာပြီးတော့"

ကောင်မလေး သုံးယောက်က တစ်ယောက်တစ်ပေါက်ဝိုင်းပြောပြီး နေကို့ဆီကိုပဲ ဦးတည်ကာ မျက်စောင်းတွေထိုးနေကြသည်။ နေကို သိလိုက်ပါပြီ။

ငယ်ငယ်တုန်းကလို 'အီး. . အီး. . ဘယ်သူပေါက်'လို့ မေးနေစရာကို မလိုတာ. . အဲဒါ ဟိုအပျိုကြီး ဒိုင်လျှိုလေး လုပ်ထည့်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာတော့ သူ့ကို ကူလည်း ကူညီရသေး. .

အခုတော့ ကောင်မလေးတွေရဲ့ အထင်အမြင်လွဲတာကို ပါ ခံနေရသည်။ ရှက်ရှက်ဖြင့် ထိုနေရာမှ နေကို ပြေးထွက်လာရ သည်။

"မောင်လေးရေ. . . မောင်လေး. . အစ်မ ယတြာချေလို့ မပြီးသေးဘူးလေ"

"ဟာဗျာ. . ခင်ဗျားက တစ်မျိုး၊ ဒီမှာ ကျွန်တော် သိတယ် နော်. . ခုနကကိစ္စ ခင်ဗျားလက်ချက်မဟုတ်လား"

"အဟင်း. . အစ်မက ဒေါသထွက်ရင် အဲလိုပဲ ပေါက်ကွဲ တတ်တယ်. . မသိသလိုနေလိုက်တာ မဟုတ်ဘူး"

"နေစရာလား၊ ခင်ဗျားလုပ်လို့ ကောင်မလေးတွေက ကျွန် တော့ကို အထင်လွဲသွားပြီ. . အဲဒါကြောင့် အပျိုကြီးဖြစ်နေတာလား မသိဘူး"

"အစ်မ ရေသပ္ပာယ်လိုက်ဦးမယ် ခဏစောင့်နော်၊ လော လောဆယ် အစ်မအသက်က လေးဆယ့်နှစ်. . သူ့အသက်က လေး ဆယ်ဆိုတော့. . ခွက်ရှစ်ဆယ်ကျော်တောင် လောင်းရမှာ. . မောင် လေး စိတ်တော့ ရှည်ရမယ်နော်"





ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ရတော့မှာပေါ့လေ. . . ဒီမိန်းမကြီး ဘာတွေလုပ်ပြီး ဘာတွေဟုတ်မလဲဆိုတာ စောင့်ကြည့် ဖို့ နေကို ဆုံးဖြတ်လိုက်သည်။

နေကိုက ဗုဒ္ဓဟူးနံထောင့်ကို ရွှေ့လာပြီး ရေလောင်းနေတဲ့ မတင်မေပုလဲကိုကြည့်ရင်း အတွေးတွေကို ဖြန့်ကျက်နေမိသည်။

မတင်မေပုလဲက အသက်ရှစ်ဆယ်ကျော်ဖြစ်ပြီး အဘွား တင်မေပုလဲအဖြစ်နဲ့ ရှစ်ဆယ်အရွယ်အဘိုးကြီးနဲ့ချစ်သူတွေ ဖြစ် ကြရင်. .

အားပါး. . . ခွက်ပေါင်း တစ်ရာ့ခြောက်ဆယ်ကျော် ရေ သပ္ပာယ် ရမှာပေါ့. .

နေကိုက သူ့ဟာသူ တွေးပြီး သဘောတွေကျနေသည်။

"ဟဲ့. . တစ်ယောက်တည်း ဘာတွေ ကျိတ်ပြီး ပြုံးနေတာ လဲ. . ပဒိုင်းသီးများ စားမိသွားတာလား မောင်လေးရယ်"

"ပေါက်ကရတွေ လာမပြောနဲ့နော်. . ကျွန်တော် တင်းလာ ရင် မကူညီဘဲ နေလိုက်မှာ"

နေကို ဘယ်လိုပြောပြော တင်မေပုလဲက သူ့ မပြောသလို ပင်။ အမှတ်မရှိ လမ်းမသိတဲ့ မမကြီးလား မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြင်းထဲက နှင်းဆီနီတစ်ပွင့်ကို ယူထုတ်ပြီး ခေါင်းမှာ ပန်ပြန်သည်။

ပြောလို့ ပြောတာ မဟုတ်ဘူး။ ခုမှ အရှုးမနဲ့ ပိုတူသွားတာ. .

"ဒါကကော ဘာယတြာလဲ အစ်မ"

"ပန်းပန်တာလေ. . မတွေ့ဘူးလား"

"မသိပါဘူး. . ယတြာချေတယ် အောက်မေ့လို့"

"ယတြာဆိုလို့ ပြောရဦးမယ်. . . နောက်ဆုံးချေရမယ့် ယတြာက လင်ပန်းထဲကို ငါးခူးတွေထည့်ပြီး ကန်ထဲကို လွှတ်လိုက်ရင် OK ပြီတဲ့. . ."

ပြီးပဲ မပြီးနိုင်ပါလား မတင်မေပုလဲရယ်. . .

"ရေကန်အထိ ကျွန်တော် လိုက်ရဦးမှာလား"

"လိုတယ်ကွဲ့. . လိုတယ်. . . လိုက်ကို လိုက်ရဦးမယ်. . . ယောက်ျားရမဲ့ ယတြာဆိုတော့ ဘေးနားမှာ ယောက်ျားလေးတစ်ယောက် ပါနေတာ အကောင်းဆုံးပေါ့"

"ဒါဆို. . ခင်ဗျားရဲ့ယောက်ျားလေးမိတ်ဆွေကို ခေါ်လိုက်ပေါ့ဗျ"





"ခေါ်ချင်တာပေါ့ မောင်လေးရယ်. . ငါ့တစ်ကိုယ်လုံးကို နင်ကြည့်စမ်း. . ဘယ်နေရာမှ မလှတာမရှိဘူး. . ရွှေရင်ကလေးက ဖြိုးမောက်လို့၊ လှတယ်နော်. . လှတယ် မဟုတ်လား"

ရင်ကိုပင့်ပြပြီး သူ့ကိုယ်လုံးကို ကြော်ငြာမင်းသမီးတွေလို တစ်ပတ်လှည့်ပြသည်။

ထို့နောက် သူ့တင်ပါးကို လက်ဖြင့်ရိုက်ပြကာ

"ဟောဒီ အိုးကလေးကို ကြည့်ပါဦး. . အမိုက်စားနော်. . တွံတေးအိုး. . အဲလေ. . ဂျေလိုရဲ့အိုးလိုပဲ. . ဒါနဲ့များတောင် အစ်မကို မောင်က ပစ်သွားရက်တယ်. . သူပြန်လာအောင်လို့ အစ်မမှာ တစ်နေ့ကို ယတြာဆယ်ခုစီ ချေနေရတာ"

ဖြစ်ရမယ်။

ဒီလိုမိန်းမမျိုး ဒီကမ္ဘာပေါ်မှာ ဘယ်နှယောက်တောင် ရှိနေပါလိမ့်။

နေကိုက သူဆွဲလာသောငါးပုံးကို ကြည့်ပြီး

"အစ်မ. . ငါးခူက ဈေးကောင်းတယ်နော်. . ငါးထောင် ဈေး မဟုတ်လား. . ပိုက်ဆံတော်တော်ကုန်မှာပဲ"

"ဗေဒင်ဆရာက သေသေချာချာ ပြောတာပဲလေ. . ငါးခူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို လွှတ်မှ သူပြန်လာမယ် တဲ့. . အဲဒီအခါကျ ငါးခူပြုံးလေးလို ပြုံးရမယ်ဆိုလို့ အစ်မ စိတ်လိုလက်ရ ရှိရင်တော့ ကန်ထဲမှာ သွား လွှတ်တာပေါ့"

"ဟင်. . . စိတ်မပါရင် ဘာလုပ်တာလဲ"

"ခုန နင်ပဲ ပြောတယ်လေ. . ငါးထောင့်ဈေးဆို့. . အစ်မ စိတ်မကြည်ရင် အိမ်ပြန်ယူသွားပြီး ငါးခူကြော်နှပ်လုပ်ပစ်လိုက်တာ ပေါ့. . ချိုနေတာပဲ သိလား"

မှတ်သားလောက်ပါတယ်. .

ကန်စပ်ရောက်တော့ ပုလဲမမက ငါးခူတွေကို လင်ပန်းထဲ အထည့် ငါးတွေက ပြေးခုန်ပစ်ပြိုင်ပွဲဝင်သလို ဟော. . တစ်ကောင် ခုန်လိုက်၊ ဟော. . တစ်ကောင် ခုန်လိုက်နှင့် လင်ပန်းထဲမှာ တစ် ကောင်မှ မကျန်တော့. . .

တင်မေပုလဲက နေကို ကို အော်သည်။

"မောင်လေး. . မြန်မြန်ဖမ်း. . ခုန်ကုန်ပြီ၊ ပြန်ဖမ်းပေး. . အမယ်လေး. . ကုန်ပါပြီ၊ လင်ပန်းထဲထည့်မှ ရမှာ"

သူလည်း လိုက်ဖမ်းသည်။ ဖမ်းရင်း ဖမ်းရင်းနှင့် ကန်ထဲ ဝုန်းဆို ပြုတ်ကျသည်။





"ဗွမ်း"

ဗုဒ္ဓေါ. .

ငါးလွှတ်တဲ့ မမ ရေထဲ ဒိုင်ဗင်ထိုးပြီး ကျသွားပြီ။

နေကိုက ကြည့်ကောင်းကောင်းဖြင့် ထိုင်ကြည့်ပြီး ဟား နေမိသည်။

ခဏကြာတော့ ရေထဲမှ ဝူးဝါး ဝူးဝါးဖြင့် ယက်ကန်ယက် ကန်လုပ်ပြီး အပျိုကြီး ပြန်တက်လာသည်။ သူ့တစ်ကိုယ်လုံးလည်း ရေတွေ ရွှဲနေသည်။

နေကို တစ်ခု သတိထားမိသွားသည်။

မမပုလဲရဲ့ရင်. . .

ဘာတွေ ဖြစ်ကုန်တာလဲ. . .

ခုနကလို ရွှေရင်ဖြိုးမောက် မဟုတ်တော့ဘူး။ ရွှေရင်ပြား ကပ်ဖြစ်နေပြီ. . .

ဟော. . ခုန သူပြောတဲ့တွဲတေးအိုးကြီးက ပန်းအိုးတောင် တင်လို့ရတယ်. . ရေတွေစိုရွှဲနေတဲ့ သူ့အိုးက မီးခြစ်ဆံတောင် တင် လို့ရမှာ မဟုတ်တော့ဘူး။

ဘာတွေ ဘယ်လိုပြောင်းလဲကုန်တာလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



နေကို လေ့လာအကဲခတ်နေတာတွေ့တော့ တင်မေပုလဲ

က. .

"မောင်လေး. . အံ့ဩသွားလား. . အစ်မလည်း သူ့ကို ဆွဲဆောင်နိုင်ဖို့ နည်းမျိုးစုံနဲ့ ဟောဒီအတုတွေ ထည့်ပြီး စည်းရုံးခဲ့ပါသေးတယ်. . သူလေ. . သူက အစ်မကို ပြောသွားတယ် သိလား. . ဟင့်. . သူက အော်ပဲ ကြိုက်တာတဲ့. . ဟင့်. . ရွတ်"

"ဟာဗျာ. . ညစ်ပတ်လိုက်တာ၊ ဒီမှာ နှပ်ချေးတွေပေကုန်ပြီ. . သေချာပါတယ်. . . အဲဒီလူ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး. . ကဲ. . ကျွန်တော်လည်း သွားတော့မယ် တွံတေးအိုးရေ"

"ဟဲ့. . . ကောင်လေး. . . နင်လည်း သွားပြန်ပြီလား. . . အမယ်လေး. . ပုလဲအဖြစ်က ဆိုးလှချည်လား. . ကောင်လေးတွေနဲ့နီးစပ်အောင် ခုလိုပဲ ယတြာဇာတ်လမ်းဆင်ပြီး ဆွဲစေ့နေရတာ၊ ဒီကောင်လေးနဲ့ဆို ဆယ်ယောက်. . တစ်ယောက်မှ ငါ့ဘက်ပါမလာပါလား. . . ဟီး. ."

♦



**နေ့** ကို ပြောတာကို နားထောင်ပြီး ကိုဗဒင်က ရယ်သည်။

"အေး. . ဟေး. . . ဟေး. . ဒါဆို မင်းတွံတေးအိုးနဲ့ တိုးခဲ့တယ်ပေါ့. . ရယ်ရတယ်ကွ၊ မင်း plotက မဆိုးဘူး"

"မှတ်ထားပေါ့ဗျာ. . လိုက်တဲ့သူနဲ့ထည့်ရိုက်လိုက်ပေါ့"

"နင့်မေ. . . အတုထည့်ပြီး ဘယ်မင်းသမီးက ရိုက်ချင်မှာလဲ. . သူတို့က အော်ပဲ ပြချင်မှာပေါ့"

"သိဘူးဗျာ. . ကျွန်တော်လည်း တွေ့တာ ပြောပြတာပဲ. . မင်းသမီးမရိုက်ရင် ခင်ဗျားအုပ်ထိန်းသူကို ထည့်ရိုက်လိုက်ပေါ့. . ရှင်းရော"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အုပ်ထိန်းသူတွေမှ မရှိတော့တာ"

"လောလောဆယ် ခင်ဗျားအုပ်ထိန်းသူက ခင်ဗျားမိန်းမလေ. . အဲဒါပြောတာ'

"ဟုတ်ပါပြီဗျာ. . ကျွန်တော်မျိုး မှတ်သားထားပါ့မယ်"

"ဒါပဲ. . ဒါပဲ. . ဖုန်း bill တက်တယ်. . ခင်ဗျားက ဖုန်းပဲပေးတာ. . bill ဆောင်ရတဲ့ ကျွန်တော့်မှာ မစားသာဘူး"

"အောင်မယ်လေး ငါ့ကျေးဇူးရှင်"

ကိုဗဒင်ပြောတာ နေကို ကြားမှာမဟုတ်။ ပြောပြီး ဖုန်းချသွားပြီ။ နေကိုဆိုတာ အဲဒီလို ကိုးလို့ကန့်လန့်ကဏန်းလိုအကောင်။ ဘေးတိုက်ပဲ သွားလို့. . သူ့အဖေနဲ့တောင်မှ မတည့်တာ. .

ဒီတစ်သက် ဒီကောင် မိန်းမမှရပါ့မလား. . .

♦



**ကိုး** ခြောက် ကိုးသုံးနဲ့ သွားနေရတာ အဆင်မပြေလို့ နေကို ကိုဗဒင်ဆီက ကားခဏဆွဲထားသည်။

မကြည်မဖြူနဲ့ပေးထားတဲ့ ကား ဆိုတော့ စီးလို့ ကောင်းမှ ကောင်း. .

နေကို့ခြေထောက်မှာ ဘီးလေးဘီး တပ်လို့ ရပြီဆိုတော့ နေကိုတို့ လှိမ့်တာပေါ့. . .

ကိုဗဒင်လိုချင်တဲ့ plot ရဖို့ မိန်းမတွေရှိနိုင်တဲ့ နေရာမှန်သမျှ သူသွားတာပဲ။

တစ်နေ့. . .



www.burmeseclassic.com

www.burmeseclassic.com



သွားရင်းလာရင်းနဲ့အရှိန်လွန်ပြီး မြောက်ဒဂုံဘက်ကို ကားဆန့်မိပါတယ်. .

ခြေဆန့်ဖို့ ခြေက အဲဒီလောက်မှမရှည်တာ။

ဗိုက်ကြီးသည်မိန်းမတစ်ယောက် ကားတားနေတာ နေကိုအဝေးကြီးကတည်းက တွေ့နေရသည်။

ဘယ်သူမှလည်း မရပ်ပေးကြဘူး. . ကိုယ်ချင်းစာတရားခေါင်းပါးတဲ့သူတွေ. .

မြန်မာတွေမှဟုတ်ရဲ့လား မသိပါဘူး. .

မြန်မာစစ်စစ် ရေမရောတဲ့ နေကိုတို့က အဲဒီအစ်မကြီးရှေ့မှာ ကားကို ထိုးရပ်ပေးလိုက်သည်။

"အစ်မ ဘယ်သွားမလို့လဲ"

"အစ်မလေ. . ဗိုက်နာနေတာ တစ်နာရီလောက်ရှိပြီ. . . ဘယ်ကားမှ အစ်မကိုရပ်မပေးကြဘူး၊ လုပ်ပါဦး မောင်လေးရယ်. . မွေးချင်ပြီလား မသိဘူး. . အား. . အမယ်လေး. . ကျွတ်. . ကျွတ်"

သူ့ပုံကြည့်ရတာ တကယ်ဗိုက်နာနေလား မသိဘူး၊ သနားစရာဗျာ. .

"ဒါဆို ကျွန်တော် ဘယ်ပို့ပေးရမလဲ အစ်မ"

*ဆောင်းညပြာသိစာလေ*



"တကယ်ပို့ပေးမှာလား မောင်လေး. . တကယ်နော်"

ခမျာ ဘယ်လောက်တောင် ဝမ်းသာသွားလဲမသိ. . ကားတံခါးကို ဝုန်းဒိုင်းဆွဲဖွင့်ပြီး ဗိုက်ကြီးတကားကားနဲ့ ကားပေါ် လွှားကနဲရောက်လာသည်။

"မောင်းတော့ မောင်လေး မောင်း. . မောင်း. . ကလေးကားပေါ်မှာ ထွက်သွားလိမ့်မယ်. . အမယ်လေး. . ခေါင်း. . ခေါင်းတောင် ထွက်နေပြီလား မသိဘူး"

"ဟမ်း. . အမယ့်လေးဗျာ. . မလုပ်လိုက်ပါနဲ့. . ဆေးရုံရောက်မှ မွေးပါဗျာ. . ခေါင်းထွက်နေရင် ပြန်သွင်းထားလိုက်"

နေကို ပျားတုပ်နေသည်။

"မောင်းပြီ. . ဘယ်ဆေးရုံလဲဆိုတာ ပြောဦးလေ"

"စကား မရှည်နဲ့. . ငါညွှန်တဲ့အတိုင်းသာ မောင်း၊ ဟိုး. . ရှေ့တည့်တည့်ကိုမောင်း. . ပြီးရင် ဘယ်ကိုကွေ့မယ်. . ကွေ့ပြီးရင် ညာကို ဝိုက်ချလိုက်"

သူညွှန်သလိုပဲ နေကို မောင်းနေရသည်။ လမ်းဆုံးလို့ ကားရပ်လိုက်တော့

"ဘယ်မှာလဲဗျ ဆေးရုံ၊ ဟိုရှေ့မှာ ဓမ္မာရုံပဲရှိတော့တယ်"

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မောင်းလေ. . ဆက်မောင်း. . ငါ့ကလေးက ထွက်ချင်နေပြီနော်"

"ဟာ. . ဟာဗျာ. . ဒါ ကျွန်တော့်ကား မဟုတ်ဘူး၊ ကားပေါ်မှာတော့ မမွေးလိုက်ပါနဲ့ဗျာ. . တောင်းပန်ပါတယ်"

"ဗိုက်ထဲက ကလေးက ဘာမှနားလည်တာ မဟုတ်ဘူး. . သူမွေးချင်တဲ့နေရာ မွေးမှာပေါ့၊ ဟော. . နိုင်ငံခြားမှာဆို လေယာဉ်ပေါ်မှာ ကလေးမွေးရင် အဲဒီကလေးက လေယာဉ်တစ်သက်လုံးစီးလို့ရတယ်. . ငါ သိပြီ၊ ငါ နင့်ကားပေါ်မှာပဲ မွေးတော့မယ်. . ဒါမှ ငါ့သားလေး ဟောဒီကားကို တစ်သက်လုံးစီးရမှာ"

"အမယ်လေးဗျာ"

ဒီဗိုက်ကြီးသည်က အသံတော်တော်မာသေးတာပဲ. . . သူပြောတဲ့အတိုင်း မောင်းလာလိုက်တာ ဘယ်နေရာရောက်လို့ရောက်မှန်း မသိတော့။

"ဟဲ့ ကောင်လေး. . ငါ့သားလေးက အိမ်မှာပဲ မွေးတော့တဲ့. . နင် အိမ်ကိုပဲ မောင်းတော့"

"ဖြစ်ပြန်ပြီဗျာ. . ကဲ. . ခင်ဗျားအိမ် ဘယ်မှာလဲ"

မဗိုက်က သူ့အိမ်ကိုကျတော့ ရှောရှောရှူရှူ ညွှန်တတ်





သား။ သူ့အိမ်ရှေ့ရောက်လို့ ကားရပ်လိုက်တာနှင့် လွှားကနဲ ခုန်ဆင်းပြီး

"အဟီး. . သားလေးက ထွက်ချင်နေပြီတဲ့၊ ငါ ညှစ်ချလိုက်တော့မယ်နော်. . အီး. . ဝမ်း. . တူး. . သရီး"

"ဟာ. . ဒုက္ခပါပဲ. . လမ်းပေါ်ကြီးမှာ. . အိမ်ထဲမှာ လူမရှိဘူးလား"

"ဟော. . ထွက်ပြီ. . ထွက်လာပြီ. . အူဝဲ. . အူဝဲ"

နေကို မျက်လုံးကိုမှိတ်ထားလိုက်သည်။

ဒါမျိုး အတွေ့အကြုံမရှိတော့ သူ မကြည့်ရဲပါ။

ဒီမိန်းမ တကယ်မွေးချလိုက်တာလား။

"ဗျို့. . အိမ်ထဲကလူတွေ ထွက်ခဲ့ပါဦးဗျ. . ဒီမှာ ကလေးမွေးနေပြီ"

နေကိုက မျက်လုံးကို ကာထားသော လက်ကြားမှ အသာချောင်းကြည့်လိုက်သည်။

လမ်းပေါ်မှာ မတ်တတ်ရပ်ပြီးမွေးတဲ့ ကလေးက ဘယ်လိုပုံမျိုးလဲပေါ့. . .

"ဟောဗျာ. . ခေါင်းအုံးကြီး"



www.burmeseclassic.com

www.burmeseclassic.com



နေကို တအံ့တသြကြည့်နေတုန်းမှာ အဲဒီမိန်းမက ခေါင်းအုံးကို ကောက်ယူလိုက်ပြီး

"တွေ့လား. . ငါ့သားလေးက အူဝဲ. . အူဝဲနဲ့ငိုနေတာ. . သူ့အဖေလိုပဲ . . မွေးတာနဲ့ အိန္ဒြာကျော်ဖင်ကို လိုချင်နေတာ. . . သနားစရာ သားလေးရယ်. . အူဝဲကို မမျှော်နဲ့တော့နော်. . ကြားလား. . သူက ယောကျ်ားယူတော့မယ် တဲ့. . အမေ ကြားတာတော့ သူက ပြေတီဦးပိုင်ပစ္စည်း ဖြစ်သွားပြီကွဲ့. . ဟီး. . ဟီး. . ဟီး"

နေကိုတို့ ကျောချမှ အရှူးမှန်းသိတော့သည်။

"အရှူးမကြီးပဲ. . တောက်. . ငါ့မှာတော့ တကယ်မွေးတော့မယ်ထင်ပြီး လိုက်ပို့ပေးလိုက်ရတာ"

နေကိုက ရှက်ရှက်ဖြင့် ကားကို တရကြမ်းမောင်းပြီး ထွက်သွားသည်။

◆



**နေ** ကိုက သူ့အတွေ့အကြုံတွေကို ကိုဗဒင်ဆီ ဖုန်းဆက်ပြီး ဝေမျှသည်။

"ဒီတစ်ခါတော့ မင်း အရူးမကြီးနဲ့ တိုးလာတယ်ပေါ့. . . ဟား. . . ဟား. . . "

"ရှူးသာ ရှူးတာ. . အရူးပါးပါဗျာ. . ကျွန်တော့်မှာသာ ဘုမသိဘမသိနဲ့ သူ့အိမ်အထိလိုက်ပို့ပေးလိုက်ရတယ်"

"နေဦးကွ. . မင်းပြောတဲ့ plot က စိုးမိုးကြည်နဲ့ အလိုက်ပဲ. . တော်ကြာနေ သူ့မိန်းမကို အရူးမနေရာ လာငှားရမလားဆိုပြီး ကိုမြင့်အောင်ကြီး ဒေါပွနေဦးမယ်. . အဟီး"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးဘူး. . ခင်ဗျားပြောသလိုပဲ မစိုးမိုးကို ဒီနေ့ရာထား လိုက်ဗျာ. . ကွက်တိပဲ. . ကျွန်တော် နောက် plot တစ်ခု ထပ်ရှာလိုက်ဦးမယ်. . ဒါပဲဗျာ"

"နေကို. . မင်း ဘုရားများများရှိခိုးသွားနော်. . ဒီတစ်ခါ အရှုံးမနဲ့မတိုးဘဲ မုဆိုးမနဲ့တိုးနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ခင်ဗျား. . ကျွန်တော့်ကို တော်တော်စေတနာထားတာပဲ၊ ဒါပဲဗျာ. . ဒါပဲ"

ကိုဗဒင်လိုလူမျိုးက ဘယ်လို ပြောပြော နာမှ မနာတတ်တာ။ သူ့ကို ပိုးစိုးပက်စက်ပဲ ပြောပြော၊ နစ်နစ်နာနာပဲ ပြောပြော၊ သူ့နားထဲမှာ ဟာသစကားတွေပဲ ကြားပြီး ပြောတဲ့လူကို ပြန်ပြန်ရယ်ပြရတာ အမော. . အဲဒီတော့ ပြောတဲ့သူသာ အရှုံးဖြစ်ရော. .

◆



"ဗျာ. . အဖေ ဘာပြောလိုက်တယ်"

"မင်း. . မိန်းမယူဖို့ အချိန်တန်ပြီလို့ ပြောတာ. . . မင်းမှာ ရည်းစားရှိရင် ခေါ်လာခဲ့၊ ဒါမှမဟုတ် ငါသဘောတူတဲ့သူနဲ့ မင်း ယူရမယ် ဒါပဲ. . ဘာလဲ မယူချင်ဘူးလား. ."

"ယူမှာပေါ့ အဖေတောင် ယူသေးတာပဲ ဥစ္စာ"

"ခွေးကောင်. . ဘယ်မှာလဲ မင်းရည်းစား. . မင်း အဖြစ်မရှိတာ ငါသိသားပဲ"

"ရည်းစားလောင်းက လက်တစ်ကမ်းအကွာမှာ ရှိပါတယ် အဖေရာ. . ကျွန်တော်က မခေါ်ရဲလို့"

"ဘာဖြစ်လို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဗရုတ်ကျလို့"

"ဟေ"

"ဘာလဲ. . . အဖေ မယုံဘူးလား. . အဖေ မခံရသေးလို့နော်. . ."

"ပေါက်ပြီ. . ငါ ပေါက်သွားပြီ. . . မင်းက ငါ့လို အဖြစ်မှ မရှိဘဲ၊ ဒီတော့ ငါရွေးပေးတဲ့ မိန်းမကို မင်းယူရုံပဲ. . ရော့ ဒီဓာတ်ပုံကို ကြည့်"

နေကိုက သူ့အဖေ ဦးမင်းကို ပြသော ဓာတ်ပုံကိုကြည့်ပြီး မျက်ဆံတောင် လည်ချင်လာသည်။ နားထင်မှာ သွေးတွေ ဆောင့်တိုးလာသည်။

"ဒီ. . ဒီအရွယ်ကြီးကို သားက ယူရမယ်"

"သိပ်မကြီးသေးပါဘူးကွာ. . တချို့ဆို ရုပ်ရှင်တွေထဲမှာ အမေအခန်း ရိုက်ပေမဲ့ အပြင်မှာ ငယ်ငယ်ချောချောလေးတွေလေ၊ သူလည်း ဒီလိုမျိုးပဲ၊ မသကာ မင်းထက် ဆယ့်ငါးနှစ်လောက် ပိုကြီးမှာပေါ့"

"ပြောရက်လိုက်တာ အဖေရာ. . သားက အမေအရွယ်ကြီးကို ယူစရာလား"





"သား နောင်ရေး စိတ်အေးရအောင် အဖေ စီစဉ်တာပါကွာ. . သူက ရေလျှံတယ်လေ. . အပေါင်ဆုံးတဲ့အိမ်တွေ သူ့လက်ထဲမှာ မနည်းဘူး သား၊ မင်း ဇိမ်နဲ့ထိုင်စားရုံပဲ. . ခုခေတ်မှာ ငွေရှာရ ဘယ်လောက်ခက်လဲ. . အဖေ စီစဉ်ပေးတာ နာခံလိုက်. . မင်း ကောင်းစားမှာ"

ဘယ်လိုမှငြင်းလို့ရမှာ မဟုတ်ပါဘူး။ ပေါက်တဲ့နဖူး မထူး ဓာတ်ခင်းပြီး တွေ့တာနဲ့ ပြေးတိုက်ပစ်လိုက်တာ ကောင်းပါတယ်။

"ယူဖို့ မယူဖို့ဆိုတာ လေ့လာပြီးမှ ဆုံးဖြတ်ရမှာပေါ့"

"ဒါဆို မနက်ဖြန်ပဲ မင်းသွားတွေ့ကွာ. . ငါ ဖုန်းကြိုဆက်ထားလိုက်မယ်"

"သားသွားကြည့်ပြီးရင် အဖေ ယူမှာလား"

"အေး. . ယူမှာပေါ့၊ ဟာ. . ကမြင်းမသား၊ ငါက အဟုတ်အောက်မေ့လို့"

ဆိုပြီး အနားမှာရှိသည့် ဆေးဘူးနှင့် လှမ်းပစ်သဖြင့် နေကိုတို့ ပုနေအောင် ထွက်ပြေးရသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

တစပြင်ပဒင်က နေကို ပြောသမျှကို နားထောင်ပြီး မျက်နှာအမူအရာပါ ချက်ချင်းပြောင်းသွားသည်။ နေကို့မျက်နှာကို သနားစရာသတ္တဝါလေးတစ်ကောင်လို ကြည့်သည်။

ထို့နောက်

"စောစောစီးစီး မုဆိုးဖိုဖြစ်မဲ့ မင်းမျက်နှာကို ငါ ဝအောင် ကြည့်ဦးမယ်"

"ဟာဗျာ. . ခင်ဗျားကလည်း မဦးမချွတ်"

"နို့ မဟုတ်ဘူးလား. . ကိုယ့်ထက် ဆယ်နှစ်ကျော်ကြီးတဲ့ မိန်းမကို ယူရမဲ့ ဥစ္စာ"





"အဖေက ပြောတော့ ရုပ်ရှင်မင်းသမီးစိုးမြတ်သူဇာလိုပဲ ချောတယ်တဲ့"

"ဒီလိုလား. . စိုးစိုးလိုဆိုရင်တော့ မဆိုးဘူး၊ တော်တော် ကျန်သေးတယ်ကွ. . အဟီး"

"ဒါ အသာထားဗျာ. . သူက ငွေတိုးချေးစားတာတဲ့"

"ဟာ. . ဒါဆို ချစ်တီးမကြီးပေါ့"

"မသိဘူးဗျာ၊ ကျွန်တော် သွားရင် ခင်ဗျားလိုက်ခဲ့. . ဒါပဲ"

"ငါနဲ့ဘာဆိုင်လို့လဲကွ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ဗျာ. . သွားရင်းလာရင်းနဲ့ ခင်ဗျား အတွက် plot တွေ ရရင် ရမှာပေါ့"

စကားမစပ် နေကိုသွားတွေ့ရမယ့် မိန်းမလောင်းနာမည်က လုံးကြီးတင် တဲ့။

◆



www.burmeseclassic.com

www.burmeseclassic.com

အမယ်. . သူက ထင်ထားတာထက် ပိုချမ်းသာမဲ့ပုံပဲဗျ. .

နှစ်ထပ်တိုက်နဲ့ ဘာနဲ့. . ဒါမျိုးကျ အိမ်က ဘိုးတော်က တော်သွားပြန်ရော. .

နေကိုက ဦးမင်းကို ကို စိတ်ထဲကနေ အာဘွားတွေ ပေးနေမိသည်။ တစပြင်ဗဒင်က နေကို့နောက်မှာ ကုပ်ချောင်း ကုပ်ချောင်းဖြင့် ပါလာသည်။

နေကိုတို့နှစ်ယောက် လုံးကြီးတင်ရဲ့အိမ်ရှေ့မှာ ရပ်ပြီး အကဲခတ်နေတုန်း မိန်းမနှစ်ယောက် ထဘီစွန်တောင်ဆွဲပြီး ရောက်လာသည်။

"ဟဲ့. . ကောင်မ၊ ထွက်ခဲ့စမ်း. . သတ္တိရှိရင် နင် ထွက်ခဲ့၊





ဟမ်. . မတရားအမြတ်ကြီးစားတဲ့ ကောင်မ. . ချစ်တီးမ. . ငါတို့ပေါင်ထားတဲ့ပစ္စည်းတွေ အခုထုတ်ပေး"

အိမ်ထဲမှထွက်လာတာက ဓာတ်ပုံထဲမှာနေကိုတွေ့ဖူးသည့် လုံးကြီးတင်မမ. . နှုတ်ခမ်းနီဆိုးထားတာမှ ရဲရဲကိုတောက်လို့. . ပါးမှာ ပါးကွက်ကြားကြီးနဲ့. .

"ဘာလဲ. . ဘာကိစ္စလဲ. . ပြော"

"အပေါင်ဆုံးပြီဆိုပြီး ကလိမ်ကကျစ်ကျထားတဲ့ ငါတို့အိုးတွေ ပြန်ပေး"

လက်စသတ်တော့ မလုံးကြီးတင်ရဲ့အိမ်ရှေ့မှာ အိုးတွေ တစ်ထပ်ကြီးရှိနေတာ ဒါကြောင့်ကိုး. .

"နင်တို့မျက်ခွက်တွေ ပိုက်ဆံလိုလို့ ငါ့ဆီလာတုန်းက ပြုံးပြုံး ပြုံးပြုံးနဲ့ ဟမ်. . ခုကျတော့ လာပြီးရန်တွေ့နေကြတာ အစွယ်တငေါငေါနဲ့ ဘီလူးမတွေကျနေတာပဲ"

ဟိုမိန်းမနှစ်ယောက် ပိုတင်းသွားသည်။

"ကြည့်စမ်း. . ကြည့်စမ်း. . ငါတို့များ ဘီလူးမလေး ဘာလေးနဲ့. . နင်သာ သေရင် ပြိတ္တာဖြစ်မှာ၊ သူများ မသထာစာတွေ စားပြီးတော့. . ငါတို့ပစ္စည်း အခုပြန်ပေး၊ မတရားမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



လုံးကြီးတင်မမက ခါးပေါ် လက်နှစ်ဖက်ထောက်ပြီး မျက်နှာကို မော့ပစ်လိုက်သည်။ ထိုနောက်. .

"လုပ်တော့ ဘာဖြစ်သလဲ. . လုပ်လို့ရလို့ လုပ်ပြီးပြီ၊ လုပ်ပြီးပြီ"

"လာပါ. . လာစမ်းပါ. . ကောင်မ လူပါးဝလို့"

"အနီးကပ်ကြည့်ချင်တယ်ပေါ့. . ရတယ်၊ လာမယ်. . လာခဲ့မယ်"

နေကိုက အပီချဲတော့မည့် မြင်ကွင်းကြောင့်. . . ကိုဗဒင်အနောက်မှာ ဝင်ပုန်းနေလိုက်သည်။ သွေးကြောင်တယ်ပဲ ပြောပြော၊ ဘာပဲပြောပြော. . မိန်းမတွေ ရန်ဖြစ်တာ သူ မကြည့်ရဲပါ။

မလုံးကြီးတင်က သူ့ခြံထောင့်မှာရှိသည့် တုတ်ချောင်းကို ဆွဲပြီး ဟိုမိန်းမနှစ်ယောက်ကို တုတ်သိုင်းဝင်ချတော့သည်။

"လာစမ်း ငါ့ခြံရှေ့မှာ လာစွာတဲ့ကောင်မတွေ၊ ငါ့နာမည် လုံးကြီးတင်တဲ့ဟေ့. . တစ်သက်လုံး သူများအပေါ် လုံးကြီးပဲ တင်လာခဲ့တာ. . သေးသေးအတင်ခံတဲ့အမျိုးမဟုတ်ဘူး. . ဒုတ်. . "

ပြောလည်း ပြော၊ ဆော်လည်း ဆော်တော့ ဟိုမိန်းမတွေ ထွက်ပြေးသွားကြသည်။





နေကိုက ကိုဗဒင်ကို လက်တို့ပြီး အိမ်ပြန်ဖို့ခေါ်သည်။

"ကောင်မတွေ သူတို့နဲ့ ရန်ဖြစ်တာ ငါ့ထဘီတောင် ပြသွားပြီ"

လုံးကြီးတင်က နေကိုတို့နှစ်ယောက်ကို မြင်သွားသည်။

"ရှင်တို့က. . ဪ. . သိပြီ၊ မနေ့က ဦးမင်းကို ဖုန်းဆက်ထားတာပဲ"

ကိုဗဒင်က နေကိုကို ရှေ့သို့တွန်းပို့ပြီး

"သူ. . သူပဲ. . ဦးမင်းကိုသား. . . "

နေကို့တစ်ကိုယ်လုံးကို သိမ်းကြုံးကြည့်ပြီး လုံးကြီးတင်က

"ဟယ်. . ဖြူဖြူချောချောလေးတော့. . သိတယ်. . ဒီနေ့လာမယ်ဆိုလို့ အလှတွေပြင်ပြီး စောင့်နေတာ. . ဟိုကောင်မတွေပေါ့၊ ကြည့်စမ်းပါဦး. . အလှတွေ ပျက်ကုန်ပြီလား မသိဘူး. . လာ. . လာ. . မောင်လေး. . လာ. . ခြံထဲမှာ လာထိုင်"

နေကိုတို့ ထိုင်ခုံမှာထိုင်ပြီးတော့ လုံးကြီးတင်က

"အားနာလိုက်တာ၊ မောင်လေးတော့ လန့်သွားပြီလားမသိပါဘူး. . ရာသီဥတုက ပူပါတယ်ဆိုမှ၊ မောင်လေး ခဏလေးနော် ခဏလေး၊ အစ်မ ထဘီသွားလဲပြီး ပြန်ထွက်လာခဲ့မယ်. . အဟ



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေး ကာပြပြီး ရှိရှိကျိုးကျိုးနဲ့ ခွင့်တောင်းပုံက ခုန ရန်ဖြစ်လို့ စွာတေးလန်နေပုံနဲ့တခြားစီပင်။

လုံးကြီးတင် အိမ်ထဲကို ဝင်သွားတော့ ခြံရှေ့မှာ မိန်းမပိုက်ကယ် လေးယောက် ထပ်ရောက်လာသည်။ လက်ထဲမှာလည်း တုတ်တွေ ကိုယ်စီနဲ့. .

"ဘယ်မလဲ ဟိုကောင်မ ထွက်ခဲ့စမ်း၊ ငါ့ညီမကို နာအောင်လုပ်တဲ့ ကောင်မ. . လာစမ်းပါ ထွက်ခဲ့စမ်းပါ"

နေကိုလည်း ဘာလုပ်ရမှန်းမသိဘဲ မလုံးကြီးတင်ရဲ့ နာမည်ကို ကြုံးပြီး အော်သည်။

"မတင်ကြီးလုံးရေ လာပါဦး. . အဲ. . မကြီးတင်လုံးရေ"

ဒုက္ခပါပဲ။ ကြောက်ရှိန် လန့်ရှိန်နဲ့ နာမည်တောင် မှန်အောင် မခေါ်နိုင်တော့ဘူး။

"လာပြီ. . လာပြီ. . ဒီနာမည် လှတပတလေးတောင် မှန်အောင် မခေါ်နိုင်ဘူးလား"

ပွဲတော့ ကြမ်းပြီ။

နေကိုလည်း မလုံးကြီးတင်ရဲ့ကိုယ်လုံးနဲ့ကွယ်ပြီး အနောက်မှာ ပုန်းနေလိုက်သည်။



BURMESE CLASSIC .com



သတ္တိက ကောင်းချက်. . .

"ဩော်. . ကောင်မတွေ လူစုပြီးတော့ ငါ့ဆီပြန်လာတယ်ပေါ့. . သတ္တိက ကောင်းလှချည်လား"

"လာစမ်းပါ. . သတ္တိရှိရင် ထွက်ခဲ့စမ်းပါ. . ကောင်မ တစ်ခါတည်း အရေခွံကို ဆုတ်ပစ်လိုက်မယ်"

လုံးကြီးတင်ရဲ့ကန်ချက်ကိုကြည့်ပြီး နေကို မျက်လုံးပြူးသွားသည်။ ကစ်ချက်ကတော့ တန်းနေတာပဲ. . ဟိုမိန်းမရဲ့ဟိုဒင်း. . . (ပေါင်ကိုပြောတာပါ)ကို ထိပြီး ကျန်တဲ့သတ္တိခဲတွေ အကုန်ပြန်ပြေးကြတာ ရယ်စရာပင် ကောင်းသေးသည်။

"တွေ့လား မောင်လေး. . ဘာမှမကြောက်နဲ့၊ မမ ရှင်းပစ်လိုက်ပြီ၊ ဒီကောင်မတွေက ဆိုးတယ်. . သိပ်ဆိုးတာ သူတို့က"

လုံးကြီးတင်က နေကို့ကို ရှင်းပြရင်း ယပ်တောင် တဖျပ်ဖျပ်ခတ်နေသည်။ နေကိုက လုံးကြီးတင်ရဲ့ထဘီကို ထိုးပြကာ

"အစ်မကြီး လှန်နေတယ်"

ဟု ပြောသည်။ လုံးကြီးတင်က တဟင်းဟင်းရယ်ရင်း

"လန်ရမှာပေါ့ မောင်လေးရဲ့. . . လန်နေအောင်ကို ဝတ်ထားရတာ. . ဒီလိုလန်မှ ရပ်ကွက်ထဲမှာ တန်ကာကျမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . အစ်မ ဇောက်ထိုးကြီး . . အဲလေ . . ဇောက်ထိုးကြီးဖြစ်နေတယ်"

ထိုအခါမှ လုံးကြီးတင် သူ့ထဘီ သူမြင်သွားသည်။ ခုနတုန်းက ဟိုကောင်မတွေကို အာရုံရောက်သွားလို့ ထဘီ ဇောက်ထိုးဝတ်ပြီး ထွက်လာမိသည်။

"ဟယ် . . ရှက်လိုက်တာ . . ရှက်စရာကြီး၊ မောင်လေးရယ် သွားပြန်လဲရဦးမယ်၊ ခဏနော် . . ခဏလေး . . ခဏလေးစောင့်"

လုံးကြီးတင်က ထဘီလဲရန် ပြန်ဝင်သွားသည်။ နေကိုက ကိုဗဒင်ကို လက်ကုပ်ပြီး ပြန်ဖို့ပြောသည်။

ဒီလိုမိန်းမမျိုးတော့ သူနဲ့ဖြစ်ဖို့ လမ်းမမြင်နိုင်။

"နေဦးလေ . မင်းနဲ့အဆင်ပြေနေတဲ့ ဥစ္စာ"

"နေ . . နေ . . ဒါဆို ခင်ဗျားပဲ နေခဲ့ . . . ကစ်ချက် ဘယ်လောက်ပြင်းလဲ တွေ့တယ်မဟုတ်လား၊ ခုနက ကန်လိုက်တာများ တန်းနေတာပဲ"

နေကိုတို့နှစ်ယောက် လစ်ထွက်လာတာ ခြံဝလည်းရောက်ရော ခုနက မိန်းမတွေနဲ့ ယောကျ်ားတစ်အုပ်စု ထပ်ရောက်လာပြန်သည်။





"ဟိုမိန်းမ ဘယ်မှာလဲ"

နေကိုက ပြောသည်။

"အိမ် . . အိမ်ထဲမှာ"

"ထွက်ခဲ့စမ်းလို့ သွားခေါ်လိုက်"

"လာပြီဟေ့ . . လာပြီ"

လုံးကြီးတင် ပြန်ထွက်လာသည်။

ဒီတစ်ခါတော့ တည့်သွားပါပြီ။ ထဘီကို ပြောတာ . . .

"ဘာလဲ . . နင်တို့က ငါ့ကို မနိုင်တာနဲ့ . . . နင်တို့လင်တွေကို သွားခေါ်လာတယ်ပေါ့ ဟုတ်လား . . အမယ်လေး . . နင်တို့လင်လောက်တော့ မကြောက်သေးဘူးဟေ့ . . ရေနွေးထဲ ထည့်ပြုတ်ပြီး အမွေးတွေကို ဟောသလို . . ဟောသလို . . တစ်ပင်ချင်း ဆွဲနုတ်ဦးမှာ"

လုံးကြီးတင်က လက်ဖြင့် အမွေးနုတ်သလို အိုက်တင်ပါ လုပ်ပြလိုက်သေးသည်။

ယောကျ်ားနဲ့မိန်းမ ဆိုတော့ ဟိုလူတွေခမျာ ရုတ်တရက် လက်မပါရဲသေးဘဲ အခြေအနေစောင့်ကြည့်နေသည်။

ဟိုမိန်းမတစ်အုပ်လုံးက



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . ဘာလုပ်နေကြတာလဲ၊ ဒီစွာတေးမကို မှတ်လောက်သားလောက်ရှိအောင် ဆုံးမကြပါတော့လား"

လုံးကြီးတင်ဆိုတဲ့ မိန်းမကလည်း တစ်လုံးမှအတင်မခံ။

"နင်တို့ပဲ လင်အားကိုးရှိတာ မဟုတ်ဘူးဟေ့၊ ငါ့မှာလည်း လင်လောင်း ရှိတယ်"

ပြောပြီး အနောက်မှာပုန်းနေသော နေကို့လက်ကိုဆွဲခေါ်ပြီးပြလေသည်။

ဘာပြောကောင်းမလဲ. . ဟိုကောင်တွေလည်း သမ,စရာလူ တွေ့ပြီဆိုပြီး

"အေး. . အဲဒီလင်လောင်းကိုပဲ ဝိုင်းပြီး ဆော်ကြတာပေါ့ကွာ"

ပယ်ပယ်နယ်နယ်ကြီးကို သမ,တာ. . .

"အမယ်လေးဗျ. . ကျွန်တော်နဲ့ဘာမှမဆိုင်ပါဘူးဆို"

ဘယ်ကောင်က အုတ်ခဲကောက်ပြီး ဆော်ထည့်လိုက်သလဲ မသိ။

ကိုဗဒင်ခေါင်းကို တည့်တည့်မှန်သွားသည်။ လက်ကလည်း တည့်ချက်. . .





"အား. . ကွဲပါပြီဗျ"

နှစ်ယောက်သား အလဲလဲအကွဲကွဲ။

ဟိုသတ္တိခဲမကြီး ဘယ်ရောက်နေတယ်ထင်လဲ. .

ကျွန်တော်တို့နောက်မှာ ပုနေအောင် ပုန်းနေတာခင်ဗျ။

ခင်ဗျားတို့ပဲ စဉ်းစားကြည့်ဗျာ. .

လုံးကြီးပေါက်လှကြီးက မက်စရာဆိုပေမယ့် နောက်ဆက်တွဲခံလိုက်ရတဲ့ဒုက္ခက သေးမှမသေးတာ. .

ဘယ်လိုလုပ်ပြီးရှေ့ဆက်မလဲ။

ဩော်. . တစ်ခုကျန်သေးတယ်. . .

ကိုဗဒင်က မေးနေတယ်။

အဲဒီ plot ဘယ်မင်းသမီးနဲ့လိုက်သလဲတဲ့. . .

?

ပရိသတ်ကြီး ဝိုင်းရွေးပေးလိုက်ပါဦး။

♦



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**နေ** ကို ကိုဗဒင်အိမ်သို့ လာသည်။

"ကိုဗဒင်. . ကိုဗဒင်"

ကိုဗဒင်ပို့ နေကို့ကို ဘယ်လောက်တောင် ကြောက်သွားလဲ မသိ။

သတင်းစာကြီးကွယ်ပြီး လူမမြင်အောင် ပုန်းနေသည်။

မျက်နှာပဲ ကွက်ပြီး ကွယ်ထားတာ လူက အကောင်လိုက်ကြီး ခင်ဗျ။

"ဟေ့လူ. . ကွယ်မနေနဲ့ဗျ၊ အိမ်မှာ ကျွန်တော် ကျိုင်တက်လာလို့"





"ဟေ့ကောင်. . မင်းကိစ္စထဲမှာ ငါ ဝင်မပါတော့ဘူး၊ ဒီမှာ ငါခေါင်းမှာကြည့်. . သုံးချက် ချုပ်လိုက်ရတယ်"

"တောင်းပန်ပါတယ်ဗျာ. . ကျွန်တော်လည်း တော်တော်အီသွားတယ်ဗျ၊ အဖေက အဲဒီမိန်းမ မယူရင် ခြောက်လအတွင်း မိန်းမတစ်ယောက် ရအောင်ရှာယူပြရမယ်တဲ့"

ဝင်မပါတော့ဘူးဆိုတဲ့ ကိုဗဒင်. . အမှတ်မရှိ စပ်ဖြဲဖြဲဖြင့် ဝင်ပါပြန်သည်။

"နေကို. . မင်း စင်္သီယာချမ်းကို ယူလိုက်ပါလား၊ ခြောက်လ မစောင့်ရဘူးမောင်. . ခြောက်ရက်နဲ့ မင်္ဂလာဆောင်လို့ရတယ်"

နေကို ကျောချမ်းသွားသည်။ ဝတုတ်ပြနေသည့် စင်္သီယာချမ်းကို မြင်ယောင်ပြီး

"ခင်ဗျားက ကျွန်တော့်ကို အချွန်နဲ့ မ,တာမှ မဟုတ်ဘဲ၊ အလေးတုံးနဲ့ပစ်နေတာပေါ့. . ဟုတ်လား"

"အလေးတုံး မကြိုက်ဘူး. . ဆင်ပိမှာ ကြောက်တယ်ပေါ့၊ နေဦး. . မင်းသူငယ်ချင်း ဟိုကောင်မလေးလေ. . ဘယ်သူ. . ဟိုကွာ. . အိန္ဒြာကျော်ဇင်ကိုယ်လုံးလေးနဲ့တူတယ်လေ"

နေကို တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တင်းတယ်နော်. . တင်းတယ်. . တင်းတယ်"

'ဟာ. . နေကို၊. . မင်း အေသင်ချိုဆွေကို သဘောကျလို့လား"

"ဘာတွေ လာပြောနေတာလဲ. . ခင်ဗျားကို တင်းတယ်လို့ ပြောနေတာ၊ ဘယ့်နှယ်ဗျာ မိုးသံစဉ်ကို တစ်ခါလေးတွေ့ဖူးပါတယ်၊ အိန္ဒြာကျော်ဇင်နဲ့တူတယ်ဖြစ်ရော. . မမိုက်ဘူးနော်. . ခင်ဗျား"

"နေစမ်းပါဦး. . ဒီလောက်မိုက်တဲ့ ကောင်မလေးကို မင်းက ဘာလို့မယူချင်တာလဲ"

"ကြောက်လို့ဗျ. . ကြောက်လို့"

"မင်းကွာ. . ဗရုတ်ကျတာလေးလောက်တော့ ခွင့်လွှတ်နိုင်ရမှာပေါ့"

"ဗရုတ်ကျတာကိုပဲ ကြောက်တာ. . သူနဲ့ယူပြီး ခုနစ်ရက်ပြည့်ရင် ကျွန်တော် ရက်လည်မလား မသိဘူး"

"ကျွတ်. . ကျွတ်. . အဲဒီလောက်တောင်လား. . ဒါဖြင့် ငါကြားဖူးတာ တစ်ခုရှိတယ်. . ကျွန်ကုလား မယားတောသူ ဆိုတာလေ. . မင်း တောသူကို လိုက်ရှာပြီး ယူပါလား"

"ဘယ်နားသွားရှာရမှာလဲ"





"တိရစ္ဆာန်ရုံကို သွားကွာ. . တချို့ တောက တက်လာရင် အဲဒီကို လာတတ်ကြတယ်"

"အင်းလေ. . စမ်းကြည့်ရသေးတာပေါ့"

"ခြောက်လနော် ဟောကောင်. . ခြောက်လ"

"သိပါတယ်ဗျာ၊ ဖြဲ. . ဖြဲပြီး မခြောက်ပါနဲ့"

◆



www.burmeseclassic.com

www.burmeseclassic.com

**ဓနု** ကို သားငယ်ကိုခေါ်ပြီး တိရစ္ဆာန်ရုံသို့ ထွက်လာခဲ့သည်။

သားငယ်က မလိုက်ချင်ဘဲ လိုက်လာရတော့ ဗျစ်တောက် ဗျစ်တောက် ပြောလို့မဆုံး။

"မင်းရဲ့ တောသူရှာပုံတော်ကြီးက မမိုက်ပါဘူးကွာ၊ မြက်တောထဲ အပ်ပျောက်လို့ ရှာသလိုပဲ. . တစ်နေကုန် နေရမှာလား နေကို"

"မတွေ့မချင်းပေါ့ကွာ"

"အေးပေါ့ . မင်းက အမျိုးတွေနဲ့လာတွေ့ကာဆိုတော့ . . နေနိုင်မှာပေါ့"





"ဟော့ကောင်. . မိန်းမတွေပဲ ပွစိပွစိပြောတယ် ထင်ထား တာ. . မင်းပါးစပ်ကို ငါ ဘာနဲ့ပိတ်ပေးရမလဲ ပြော"

"ဘီယာနဲ့"

"ငွေထွက်မယ့် ပါးစပ်. . ရတယ်. . ဝယ်တိုက်မယ် ဓိတ်ချ"

နေကိုက ဘီယာဘူးတွေ ဝယ်ပြီး မျောက်တွေ သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

သားငယ်သိလျှင် မျောက်နှင့်အမျိုးတော်နေရဦးမည်။

သူကလည်း သူပင်။

တိရစ္ဆာန်ရုံရောက်ရင် မျောက်ပဲ ကြည့်ချင်သည်။

ဒီကောင်တွေ လုပ်သမျှ သူစိတ်ဝင်စားသည်။ သူတို့လုပ်တာတွေက အမြစ်ကင်းပြီး ချစ်ဖို့ကောင်းသည်။

အမြဲ active ဖြစ်နေတဲ့ကောင်တွေ. .

လူတွေလုပ်သမျှ အကုန်စူးစမ်းလေ့လာနေတာကိုက အံ့ဩစရာကောင်းနေသည်။

သားငယ်က မျောက်လွှဲကျော်တွေကို ကြည့်ပြီး ရယ်အားသန်နေသည်။

"ဟား. . ဟား. . ဟိုကောင်ကြီးကို ကြည့်စမ်း၊ ရှက်လည်း



www.burmeseclassic.com

www.burmeseclassic.com



မရှက်ဘူး. . အမယ်. . ငဲ့လာပြီး ပြုံးကြည့်နေသေးတယ်. . ဘာလဲ မင်း သောက်ချင်လို့လား"

သူက မေးလည်းမေး၊ ပြောလည်းပြောပြီး သံတိုင်ကြားထဲကို ဘီယာဘူးထိုးထည့်ပေးလိုက်သည်။

အမယ်. . ဘာပြောကောင်းမလဲ. .

ဟိုကောင်ကြီးက ဇတ်ဆိုဆွဲယူလိုက်ပြီး တစိမ့်စိမ့်အရသာခံကာ သောက်နေသည်။

ဘေးနားက လာကြည့်တဲ့ ကလေးတွေက မြေပဲလှော်တွေ ပစ်ကျွေးကြသည်။

အဲဒီမျောက်က ဘီယာကလေး မြုံ့လိုက်၊ မြေပဲလှော်လေး စားလိုက်နှင့် ဇိမ်ကိုကျလို့. .

"နေကို. . သူတို့ပဲ ကောင်းတယ်နော်. . ဟာ. . . အကုန်သောက်ပစ်လိုက်ပြီ ကြည့်စမ်း. . ဒီကောင် ဘယ်တော့မူးမလဲ မသိဘူး"

"မင်းကွာ. . စ,စရာ ရှားလို့ မျောက်ကိုသွားစ,ရတယ်လို့"

"ပျင်းတာကိုးကွ. . နေဦး ဘယ်မလဲ တောသူ. . ငါတွေ့တာ အလန်းတွေချည်းပဲ"





"လာမှာပေါ့ကွာ. . မင်းစိတ်ကို နည်းနည်းလေး ဆွဲဆန့်လိုက်"

"နေကို. . မင်းနောက်မှာ ကောင်မလေးတစ်ယောက် ကွဲရှိုင်းဘူးကိုင်ပြီး လာနေပြီ. . ပုံစံကြည့်ရတာတော့ တောသူလို့ထင်တာပဲ. . ငါသွားပြီ. . မင်း ကြည့်လုပ်လိုက်တော့"

သားငယ်က ရှောင်ထွက်သွားသည်။

နေကို ကောင်မလေးကို မသိမသာ ကြည့်မိသည်။ မဆိုးဘူး. . ညိုချောလေးပဲ. .

သူ့အအေးဘူးပဲ သူ အာရုံစိုက်ပုံရသည်။ မျက်သားလေးတွေက ဖြူပြီး အပြစ်ကင်းသည်။

ကောင်မလေး နေကိုအနားမှာ လာရပ်ပြီး မျောက်တွေကို စိတ်ဝင်တစားကြည့်နေသည်။

နေကိုက ဝင်ရောဖို့ ဆုံးဖြတ်လိုက်သည်။

"ကွဲရှိုင်း ကြိုက်လား"

ကောင်မလေးက အူကြောင်ကြောင်ပြန်ကြည့်သည်။

ပြီးမှ. .

"ကျွန်မကို မေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . ."

"အဟင်း . . မသိပါဘူး၊ ရှင်ရော . . ကွဲ့ရိုင်း မကြိုက်ဘူးလား"

"ကြိုက်တော့ ကြိုက်ပါတယ် . . ဒါပေမယ့် ဒီဟာလောက်တော့ မကြိုက်ဘူး"

နေကိုက သူ့လက်ထဲမှ ဘီယာဘူးကို မြှောက်ပြပြီး ပြောသည်။

"နေကလဲ ပူလိုက်တာ လွန်ရော . . ကျွန်မက ဒီအချိုရည်ကို သိပ်ကြိုက်တာရှင့် . . ရွာမှာဆို အမြဲဝယ်သောက်တာပဲ"

"ဟာ . . ဒါဆို မင်းက တောသူပေါ့"

နေကိုက ဝမ်းသာအားရမေးလျှင် ကောင်မလေးက

"အစစ်ပေါ့ရှင့် . . တောမှာမွေးတဲ့ . . တောသူအစစ်"

"ဝမ်းသာလိုက်တာဗျာ"

"ရှင်"

"ဟိုလေ . . အခုလိုမျိုး တောမှာ မွေးပြီး တောမှာကြီးတဲ့ တောသူစစ်စစ်နဲ့ သိကျွမ်းရတာ ကျွန်တော် ဂုဏ်ယူတယ် သိလား"

တောသူကလေးက အပေအတေဒီဇိုင်းနဲ့ ပြန်ကြည့်တယ်





ခင်ဗျ . . . အထာနဲ့လား . . သဘာလားလို့ . . သရုပ်ခွဲနေဟန် တူပါတယ်။

"ကျွန်မနဲ့သိရတာ ဂုဏ်ယူတယ် ဝမ်းသာတယ် ဟုတ်လား၊ ရှင်ကလေ . . တချို့မြို့သားတွေလို သိပ်ပြီးကြီးကျယ်တာမျိုး မရှိဘူးနော် . . ရှင့်ကြည့်ရတာ စိတ်ကောင်းရှိမယ့်ပုံပဲ၊ ကျွန်မ ဒိုက်လာလို့ ကွဲ့ရိုင်းလေး သောက်လိုက်ဦးမယ်နော် . . ဒါနဲ့ ကို . . ဘယ်သူ . နာမည် မသိလို့"

"နေကို ခင်ဗျ . . နေကို"

"ကိုနေကို . . ကွဲ့ရိုင်းလေး သောက်လိုက်ပါဦး"

"နေပါစေ . . ရပါတယ်ခင်ဗျ"

"ဩော် . . သောက်လိုက်ပါဆိုနေ . . ကျွန်မတို့ တောမှာက ဘာပဲ စားစား . . ကိုယ့်ထက်ကြီးတဲ့သူကို ဦးချပြီးမှ စားကြတာ . . နည်းနည်းလောက် သောက်လိုက်နော်"

"အဟီး . . အားနာစရာကြီးဗျာ"

နေကိုက အားနာပါးနာဖြင့် တစ်ငုံ နှစ်ငုံ သောက်လိုက်သည်။

"ထပ်သောက်ပါဦးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဝက်တောင် သောက်ပြီးပြီ"

"ကိုနေကို. . ကျွန်မတို့ ဟိုသစ်ပင်အောက်က ထိုင်ခုံမှာ သွားထိုင်ကြမလား"

နေကိုတို့စန်းက တိုင်ထိပ်မှာရောက်နေပြီပဲ။

နေကိုက နေကာမျက်မှန်တပ်ပြီး မျက်နှာကိုမော့ကာ လေ တစ်ချက်ချွန်လိုက်သည်။

တောသူနဲ့တွေ့ရုံတင်မကဘူး. .

တစ်ပင်နွယ်လို့ရမယ့်အခြေအနေမျိုးဆိုတော့ နေကို သား ငယ်ဆီ ဖုန်းခေါ် လိုက်သေးသည်။

"ဟေ့ကောင် မင်းဘယ်ရောက်နေလဲ"

"ငါ မြွေတွေ ကြည့်နေတယ်. . မိုးသံစဉ်ကို တစ်ကောင် လောက်ယူသွားပေးလို့ရရင် ကောင်းမယ်"

အရေးထဲ မြွေရှူးနှင့်တိုးနေသေးသည်။

"ငါ အိုကေနေပြီ၊ အဲဒါ မင်းအရင်ပြန်နှင့်ဖို့ ပြောတာ"

သားငယ်က မေတ္တာတွေ ပို့သည်။

"ခွေးကောင်. . မသာကောင်. . ခုတော့ မင်း ငါ့ကို အလို မရှိတော့ဘူးပေါ့"





"အေး. . ဒါပဲ. . ဒါပဲ"

နေကိုက သားငယ် ရစ်နေမည်စိုး၍ ဖုန်းအမြန်ချပစ်လိုက် သည်။

ကောင်မလေးက နေကိုကို ရပ်စောင့်နေသည်။

"မင်းတို့တောဆိုတာ ဘယ်နေရာကို ပြောတာလဲ"

"ပလုံးတုံတုံး"

"ဘယ်. . ဘယ်လို"

"ပလုံးတုံတုံးပါဆို. . ရှင် မြန်မာပြည်မြေပုံ သေချာမကြည့် ဖူးဘူးထင်တယ်. . အဲဒါ တနင်္သာရီတိုင်းမှာရှိတယ်လေ"

အလဲ့. . တောသူက လာသားပဲ။ မြန်မာပြည်မြေပုံနဲ့ကိုင် ပေါက်တော့တာ. .

"ဟုတ်ကဲ့ခင်ဗျ. . ကျွန်တော် မှတ်ထားပါ့မယ်"

ခုံပေါ်မှာ ပူးပူးကပ်ကပ်လေးထိုင်ရတော့ အနီးကပ်လေ့ လာဖို့ ပိုအဆင်ပြေသွားသလို ရင်ထဲမှာလည်း ဘာလိုလိုအမည်တပ် လို့မရတဲ့ ခံစားချက်အသစ်တစ်ခု တိုးသွားသည်။

တောသူလေးကို ကြည့်နေရင်း. . ကြည့်နေရင်း. . ပို ပိုပြီး ဝါးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့က် နီးနီးလေးထိုင်နေတာတောင် ဘာကြောင့် ဝါး တားတားဖြစ်နေပါလိမ့်။

ဝါးရာမှမှန်၊ မှန်ရာမှ နေကိုတို့ လုံးဝဒေါင်းသွားရှာပြီ။

ခုချိန်ကျမှ တောသူရဲ့လှည့်ကွက်မှာ ပက်လက်တူးလည်း လွတ်ဖို့လမ်း မမြင်တော့ပါ။

ကျွဲရိုင်းဘူးတဲ ခေါးခတ်ထည့်လိုက်တော့ နေကိုခံလိုက်ရ ပြီပေါ့. . တောသူအယောင်ဆောင်ထားတဲ့ မိန်းမက အသံတိတ်. . တကာယ်ကို တိတ်တိတ်ဆိတ်ဆိတ် ပစ္စည်းတွေ တစ်ခုချင်း စိမ်ပြေ နပြေဖြုတ်နေသည်။

နာရီ၊ ဆွဲကြိုး၊ ဟန်းဒ်ဖုန်း၊ ပိုက်ဆံအိတ်၊ လက်စွပ်. . ဘာ ဆို ဘာမှမကျန်စေရ။ ပုဆိုးနဲ့အကျီတောင် မကောင်းတတ်လို့ချန် ထားခဲ့တာ. .

တောသူက သူ့ကိစ္စတွေ ပြီးတော့ သူ့မှာပါလာတဲ့ထီးကို အသာဖွင့်ပြီး နေကို့ကို ဆောင်းပေးလိုက်တယ်. .

အိတ်ထဲက ဆော့ပင်လေး ထုတ်ပြီး ထီးပေါ်မှာ ဘာရေး သွားတယ် ထင်သလဲ. . .

♦



"**ဟား** . . . ဟား. . ဟား. . . ဟား"

"ဟာဗျာ. . ခင်ဗျားအသံကြီးနဲ့ ဖွတ်ရယ်မနေနဲ့၊ လင်းတ သံကြီးကျနေတာပဲ"

ကိုဗဒင်က မျက်နှာပိုးမသတ်နိုင်သေးဘဲ. .

"ဘယ်လို. . ဘယ်လိုရေးသွားတယ်. . "

"Thank you လူအ အချိုကြီးပွဲ. . ဟုတ်လား"

"တော်ပြီဗျာ. . တော်ပြီ၊ ကျွန်ကုလား မယားတောသူဆို၊ ခုတော့ ကျွန်တော်ပဲ ခံလာရတယ်. . . ခင်ဗျားတောသူက အကုန် သမသွားလို့ လုံးတီးပြန်မလာရတာ ကံကောင်း. . ကမြင်းမ ယာဉ် မောင်းလိုင်စင်ကအစ မ,သွားတာ. . တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်မနိုင်ခဲမရဖြစ်နေတဲ့နေကို့အဖြစ်ကိုကြည့်ပြီး ကိုဗဒင်တို့ ဟားတိုက်ဖို့ကောင်းနေသည်။

"မင်း ရှာလာတဲ့ plotတွေက မိုက်တယ်ကွ၊ အလန်းတွေ ရှယ်ပဲ"

"အေးပါ. . ရယ်နေ. . ရယ်နေ"

"မရယ်တော့ပါဘူးကွာ. . နေဦး. . ဖုန်းပါသွားတယ် ဆိုမှ သတိရတယ်. . မင်းဆီ ဖုန်းခေါ်တာ မကိုင်လို့တဲ့. . မင်းအဖေ ငါ့ဆီ ဖုန်းဆက်လာသေးတယ်၊ သူ သိပ်နေမကောင်းလို့ မင်းကို စောစောပြန်ခဲ့ပါတဲ့"

"အဖေကလေ. . သားက ပြောဆိုဆုံးမရင် ဘယ်တော့မှ မနာခံဘူး"

"ဩော်. . မင်းက အဖေလား. . သူက အဖေလား"

"အစားသရမ်းလို့ အီးပန်းသွားတာနေမှာပေါ့. . မနေ့က များ စားနေလိုက်တာ. . ယိုးဒယားသဘော်သီးထောင်းနဲ့ မုန့်လက်ဆောင်း. . ပြီးတော့ ဒိန်ချဉ် တစ်ခါ ထပ်သောက်တယ်. . ခင်ဗျားပဲ စဉ်းစားကြည့်ဦး. . အဖေ့ဖင်မှ အီးမပန်းရင် ဘယ်ဖင် ပန်းဦးမှာလဲ"





"ကဲ. . ကိုယ်တော်၊ မင်းလည်း အိမ်ကို အမြန်ကြွတော့. . ဒီကနေ့. . ငါ dinner တစ်ခု သွားစရာ ရှိလို့. . . လစ်လိုက်ဦးမယ်ကွာ"

"သွား. . သွား. . ကျွန်တော် ပြန်လိုက်ဦးမယ်"

ကိုဗဒင်နဲ့လမ်းခွဲပြီး ပြန်လာတော့ ညနေစောင်းနေပြီဖြစ်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

နေ့ ကို အိမ်ပြန်ရောက်တော့ သူ့ရဲ့ကျွဲဖေဖေကြီးက အိပ်ရာပေါ်မှာ ပက်လက်. . .

လူကသာ လဲရင် လဲနေမယ်. . ပါးစပ်ကတော့ နိုင်သေးတယ်ဗျ. .

"ဟော့ကောင်. . မင်း ပြန်လာသေးတယ်နော်. . အိမ်မှာ အဖေ ဘာဖြစ်နေတယ်ဆိုတာ မင်းခေါင်းထဲ လုံးဝမထည့်နဲ့ သိလား၊ တစ်နေကုန် တစ်နေခန်း အလေလိုက်ဖို့ပဲ သိတယ်"

"အဖေကရော. . ငါ့သားလေးတစ်ယောက် လမ်းပေါ်မှာ ဘာတွေကြုံပြီး ဘယ်လိုဒုက္ခရောက်လာသလဲဆိုတာ တစ်ခွန်းမေးလို့





လား. . သား ဒီနေ့ မိန်းမလည်. . အဲလေ. . တောသူတစ်ယောက်နဲ့တွေ့ပြီး ဆေးခတ်ခံလိုက်ရတယ်. . အဲဒီမိန်းမက သားဆီက ရှိသမျှ အကုန်မ,သွားပြီ အဖေရ. . ဖုန်းပါ ပါသွားလို့ အဖေ့ဆီ ဆက်သွယ်လို့မရတာ"

ဦးမင်းကို ပျာသွားသည်။ တစ်ဦးတည်းသောသား မဟုတ်လား. .

"သား. . မင်း ဘာဖြစ်သွားသေးလဲ"

"သားက ယောက်ျားလေးဖြစ်နေလို့ လုံးပါးပါးမသွားတာ၊ ဒါတောင် ပြောလို့ရတာမဟုတ်ဘူး. . သား သတိလစ်နေတုန်း ဘာတွေ လုပ်သွားသေးလဲ မသိဘူး"

နေကို့စကားကြောင့် ဦးမင်းကို မျက်လုံးပြူးသွားသည်။

"သား. . . မင်း ပန်းကောင်း အညွန့်ချိုးခံလာရသေးလားဟင်. . လူပျိုရည် မပျက်ပါဘူးနော်. . အဲဒါအရေးကြီးတယ်ကွ. . အဖေတို့ မျိုးရိုးစဉ်ဆက် ဒါကို ထိန်းသိမ်းလာခဲ့တာ"

"ဘာတွေ ပြောနေတာလဲ အဖေက တစ်မျိုး. : ဒီမှာ ညစ်နေတာနော်. . အဖေ ချမ်းပီးလို့ဆို. . ဘယ်နှကြိမ်ရှိပြီလဲ"

"ဆယ့်တစ်ကြိမ်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဒါဆို ဆေးခန်းသွားမှ ဖြစ်မှာပေါ့"

"မင်းပဲ ဆရာဝန် သွားပင့်ပေးကွာ. . အဖေက ဖင်မလုံတော့၊ အဲလေ. . ဗိုက်က တစ်ချိန်လုံးရစ်နေတော့ မလိုက်တော့ဘူး"

"ဟုတ်. . ဆရာဝန်သွားပင့်ရင်း တစ်လက်စတည်း သားဆန်ပြုတ်ဝယ်ခဲ့ပေးမယ်နော် အဖေ"

"အေး. . အေး. . ဪ. . သား အဖေ့ဖုန်း ယူသွားလိုက်လေ. . "

ဦးမင်းကို ကျေနပ်ပြီး ကျန်ခဲ့သည်။ ဒီလိုဆိုတော့လည်း သားလေးက ဘယ်ဆိုးလို့လဲ. . ဒီကောင်လေးကို တည်တည်တံ့တံ့နဲ့ သားမှတ်မှတ် လင်မှတ်မှတ်ပေါင်းမဲ့ မိန်းကလေးမျိုးနဲ့ တွေ့စေချင်ပါသည်။

နေကို အိမ်ထောင်ကျမှ သူစိတ်အေးရမှာ. .

ဒီဘက်ခေတ်မှာ မိန်းကလေးတွေက ဘာတွေ ပြောင်းလဲကုန်သလဲ မသိပါဘူး။

သူတို့ခေတ်၊ နေကို့အမေခေတ်ကနဲ့ တခြားစီပါပဲ. . တော်တော်ကြီးကို ကွာခြားသွားပါပြီ။ သားလေး အိမ်ထောင်ဖက်ကောင်းနဲ့ တွေ့ပါစေလို့ ဆုတောင်းရတာ အမော. . .





ငွေတိုးချေးစားတဲ့ လုံးကြီးတင်နဲ့လည်း လွဲပြီးပြီ။ တကယ်တော့ သားက လုံးကြီးတင်ကို စဉ်းစားရမှာ. . တစ်သက်လုံး ဟိုမိန်းမက လုပ်ကျွေးသွားမှာ. . သားက ဇိမ်ပဲ. . .

"အား. . ဗိုက်ရစ်လာပြန်ပြီ. . နေကိုလည်း ပြန်မလာသေးဘူး. . လမ်းတောင် မလျှောက်နိုင်တော့ဘူး. . ဘုရား. . ဘုရား"

တကယ်လည်း ဦးမင်းကို လေးဖက်တွားပြီး အိမ်သာသွားရပါသည်။

အဝင်ကောင်းလို့ အစားသောင်းကျန်းခဲ့သမျှ အထွက်ကျတော့ ဒလဟောပါပဲလား. . .

မင်းကို. . မင်းကို. . မင်းလည်း အစားဆင်ခြင်ဖို့ ကောင်းပြီ။

♦



www.burmeseclassic.com

www.burmeseclassic.com

နေကိုက ဆန်ပြုတ်ထုပ်ကို လက်တစ်ဖက်က ဆွဲထားပြီး အားနေသည့် လက်တစ်ဖက်ဖြင့် မိုးသံစဉ်ဆီ ဖုန်းဆက်လိုက်သည်။

"မိုး"

"ပုံပြောမယ်. . မမပြောတာ နားထောင်"

"ဗရုတ်မ. . နင်ပြောတာ ငါ နားမထောင်အားသေးဘူး၊ အိမ်မှာ ငါ့အဖေ နေမကောင်းဘူးဟ၊ အခု ဆရာဝန်သွားခေါ်မလို့"

"ဟယ်. . တကယ်လား နေကို၊ တော်တော်ဖြစ်နေလို့လား၊ ဟိုလေ. . ဆေးရုံတင်လိုက်ပါလား"





"ဝမ်းသွားပြီး နုံးနေလို့ပါဟာ. . ဆရာဝန်က လိုအပ်တယ်ဆိုမှ တင်မှာပေါ့. . ဒါနဲ့ နေပါဦး. . နင်က ငါ့အဖေကို ဗိုးရိမ်လို့မေးတာလား"

"ဒါပေါ့. . နင်က တစ်ဦးတည်းသောသားဆိုတော့ ကြိုကြိုတင်တင် စီစဉ်စရာရှိတာ စီစဉ်ရအောင်ပြောတာ. . ဥပမာဟာ. . နှစ်လလား၊ သုံးလလား၊ ခြောက်လလား. . အချိန်ကာလတစ်ခုကိုသိထားရင် လုပ်သင့်တာလုပ်ရတာပေါ့ဟာ"

နေကို နားရှုပ်သွားသည်။

"နင်. . နင် ဘာပြောနေတာလဲ. . ငါနားမလည်ဘူး"

မိုးသံစဉ်ကလည်း စိတ်က ခပ်ရှည်ရှည်ဆိုတော့. .

"နင့်အဖေ ဘယ်တော့သေမလဲလို့ပြောတာ. ."

"ဟင်. . မိုက်ရိုင်းလိုက်တာ၊ ကြည့်စမ်း. . နင့်မှာ မိဘမရှိတိုင်း သူများအဖေကို ပြောစရာလား. . ဘာကိစ္စ ငါ့အဖေက သေရမှာလဲ. . ဝမ်းလေး ဆယ့်တစ်ကြိမ်သွားရုံနဲ့ သေစရာလား"

"နေကို. . နင့်ပုဆိုးမှာ အထက်ဆင်တပ်ပေးရမလား"

"အေး. . ခိုင်တာပေါ့. . ဟင်. . နင် ငါ့ကို ထဘီဝတ်ခိုင်းတာပေါ့. . ဟုတ်လား၊ တော်ပြီ. . မိုး နင်နဲ့ဆက်မပြောတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ငါက စေတနာနဲ့ပြောတဲ့ဥစ္စာ နင်က ရန်တွေ့တော်တယ်နော်. . တကယ့်မိန်းမကြီးကျနေတာပဲ"

"တော်ပြီဟာ. . နောက်မှဆက်တော့မယ် ဒါပဲ"

"ဟဲ့. . နေကို၊ နင် စိတ်ကောက်သွားတာလား"

"ကောက်တယ်ဟာ. . ကောက်တယ်. . ဘာဖြစ်လဲ"

"ငါ သိသားပဲ. . နင် စိတ်ကောက်မယ်ဆိုတာ. . နင့်မှာ ကောက်စရာက ဒါပဲရှိတာကိုး. . နင့်မှာ ဖင်လည်း မကောက်ဘူး၊ ဆံပင်လည်း မကောက်ဘူးဆိုတော့ ဒါပဲ ကောက်မှာပေါ့"

နေကို တော်တော်စိတ်ညစ်သွားသည်။

တကယ့်ငရစ်၊ ဂျပန်မူလီမန့်မှ တိုးရလေခြင်း။

"နေကို. . နင့်အဖေကို ငါ မနက်ဖြန် သတင်းလာမေးမယ်နော်. . နင် သေချာပြောထားနော် သိလား. . ငါ ဟင်းပါ ချက်ပြီးယူလာမှာ. . ရှယ်နော်. . ရှယ်တွေ ချက်ခဲ့မှာ"

မိုးသံစဉ်. . သူ စိတ်ကောက်သွားမှန်းသိလို့ ပြန်ချော့တာနေမှာ. . .

"ပြီးရော. . ပြီးရော၊ နင် ဟင်းချက်လာမှာ တကယ်လား"

"တကယ်ပေါ့ဟ"





"ဒါဆို ငါ မချက်တော့ဘူးနော်"

"အေးပါ ကပ်စေးရယ်. . နင် အကုန်အကျတွေ သိပ်များနေဦးမယ် သိလား. . . ကော်မှုန့်တွေ ဖျော်ပြီး သောက်မယ့် ကော်တရာကြီး. . ဟွန်း. . '

ငယ်သူငယ်ချင်း သူတို့နှစ်ယောက်သည် ဒီလို ဒီလိုအချစ်ကြီးကြသည်။ တွေ့တာနှင့် ဘုနဲ့ဘောက်. . .

ဘာပဲပြောပြော ပစ္စုပ္ပန်မှာ မိုးသံစဉ်လေး တော်တော်လှနေသည်။

သူငယ်ချင်းအချောအလှလေးကို အဖေ့ရှေ့မှာ ထုတ်ကြွားရသေးတာပေါ့။ နေကိုတို့ ဘဝင်နည်းနည်းမြင့်ချင်သွားသည်။

ဆရာဝန်ပင့်ဖို့လာတာ မေ့ဖို့ နည်းနည်းပဲ လိုတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

ဓနုကို ပြောပြထားလို့ ဦးမင်းကို သားသူငယ်ချင်းမလေးကို မျှော်နေမိသည်။

ချစ်စရာကောင်းတယ်ဆိုပဲ. .

ဒီကောင်မလေးကို အိမ်အထိခေါ်လာပုံထောက်တော့ ဒီကောင် သဘောကျနေလို့ပဲ ဖြစ်မယ်။

သေချာအကဲခတ်ပြီး သင့်တော်ရင် ချွေးမလောင်းရာထူး ပေးဦးမှပဲ။

အလိုက်လည်း သိမယ့်ပုံပါပဲ။ ဟင်းတွေတောင် ချက်လာဦးမယ်ဆိုတော့ ချွေးမလောင်းလေးရဲ့လက်ရာ စားရချည်သေးရဲ့။





နေကို ရေချိုးပြီးဆင်းလာတော့ ထိုင်လိုက်၊ ထလိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေသော ဦးမင်းကို ကို တွေ့ရသည်။

"အဖေ. . ဘာဖြစ်နေတာလဲ. . ဗိုက်ဆာလို့လား"

ဦးမင်းကိုက အိမ်ပေါက်ဝကို မေးငေါ့ပြပြီး

"မင်းကောင်မလေးကို မျှော်နေတာ"

"ဟာ. . ဘယ်က မင်းကောင်မလေးရမှာလဲ. . သားနဲ့ဘာမှမဖြစ်သေးဘူး. . သူငယ်ချင်းအဆင့်ပါ အဖေရာ"

"ဟုတ်လား"

သိပ်မကြာပါဘူး။ မိုးသံစဉ်တစ်ယောက် ချိုင့်ဆွဲပြီး ပေါက်ချလာသည်။

မတော်ရသေးတဲ့ ချွေးမလောင်း. .

မဟုတ်သေးပါဘူး. .

သားသူငယ်ချင်းမလေးက ဆက်ဆံရေး တကယ်ပြေပြစ်တာပဲ။

"ဦး ဗိုက်ဆာနေပြီလား. . ခဏနော်. . သုံးမိနစ်ပဲစောင့်"

ထမင်းတွေ ဘာတွေ ပြင်ပေးလို့. . .

နေကိုက ဦးမင်းကိုအနား တိုးတိုးလေးကပ်ပြီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ. . သတိတော့ထားနော်. . . သူက ဇရုတ်ကျတတ်တယ်"

"အေးပါ. . ငါသိပါတယ်၊ ဒါနဲ့ ကောင်မလေးက အတော်ချောသားပဲ. . ငါ့သား မင်း စိတ်ကူးမလွဲနဲ့နော်"

မိုးသံစဉ်က ထမင်းဝိုင်းနံဘေးမှာ ယပ်ခတ်ပေးပြီး စောင့်နေပုံက မသိရင် တကယ့်အိမ်ရှင်မအတိုင်းပင်။

"နေကို. . နင်ပါ တစ်ခါတည်း ဝင်စားလိုက်လေ"

"ဟင့်အင်း. . ငါ ခုနကမှ လက်ဖက်ရည်သောက်ထားလို့ ရင်ခံနေတယ်"

"သမီး. . . လာလေ. . အတူတူစားရအောင်"

"နေ. . နေပါစေ ဦးရယ်. . သမီးက ဦးကို စားစေချင်လို့ တကူးတကလာပို့တာ. . အမှန်က ချက်တာပြုတ်တာ သမီး ဝါသနာပါတာ မဟုတ်ဘူး"

"ဟင်. . ဒါဖြင့် သမီးက ဘာကို ဝါသနာပါတာပါလိမ့်"

"အဟီး. . သမီးဝါသနာလား၊နောက်ဆို ဦးသဘောပေါက်လာမှာပါ၊ ကဲ. . ဦး အားရပါးရစားနော်. . ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီးစား၊ အဲလေ ဒါ ဦးတို့အိမ်ပဲဥစ္စာ sorryနော်sorry"





ဦးမင်းကိုက မိုးသံစဉ်လက်ရာကို တော်တော်ခံတွင်းတွေ့နေပုံရသည်။

ထမင်းထပ်ထည့်တာ နှစ်ပန်းကန်ခွဲရှိနေပြီ။

ကေန္တ မနေ့က ထုတ်တာများလို့ အတိုးချပြီးများ သွင်းနေသလား မသိပါဘူး။

"ဒီစွပ်ပြုတ်လေးက တော်တော်အရသာရှိတာပဲ သမီးရယ်၊ ဘာနဲ့ချက်ထားတာလဲဟင်"

မိုးသံစဉ် ပြုတ်လာတဲ့ စွပ်ပြုတ်ကိုသောက်ပြီး အတော်လေး လန်းဆန်းသွားသည်။ စားဖူးသမျှ တစ်ခါမှ ဒီလောက် အရသာ မတွေ့ဘူး။

"ဒီစင်းကောလေးကော ကောင်းလား ဦး"

"ကောင်းတာပေါ့. . ငါ့သမီးလက်ရာက အတော် အစပ်အဟပ်တည့်တာပဲ"

"သမီးမှာလေ ဦးကို ဘာဟင်းချက်ကျွေးရင် ကောင်းမလဲလို့ စဉ်းစားလိုက်ရတာ. . ဦးက လူမမာ ဆိုတော့လေ. . နောက်ပြီး ဦး တစ်သက်. . တစ်ခါမှ မစားဖူးတဲ့ဟင်းလည်း ဖြစ်စေချင်တာနဲ့ ဟိုဟာလေး သွားသတိရမိတယ်. . . မြွေသားစား၊ ဖားသားမျိုတဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေကို ကျောချမ်းသွားသည်။

“ဒီ. . ဒီစွပ်ပြုတ်က. . .”

“အဲဒါလေ . . အိမ်က အကောင်ကြီး ဆိုးလာလို့ တစ်ခါတည်း ရိုက်သတ်ပြီး စွပ်ပြုတ်လုပ်ပစ်လိုက်တာ”

ဘုရား. . ဘုရား. . .

နေကိုမျက်လုံးထဲမှာ မိုးသံစဉ်အိမ်ကို သွားတုန်းက တွေ့ခဲ့သည့် မြွေကြီးကို သွားမြင်ပြီး ပျို့တက်လာသည်။

တနင့်တပိုး စားထားသည့် အဖေတော့ ဘယ်လိုနေမယ်မသိ။

ဦးမင်းကိုမျက်နှာမှာ ဇောချွေးတွေပြန်နေပြီ။

“ဒီ. . ဒီစင်းကော ကကော. .”

‘ဩော်. . ဒါက မြွေရဲ့အစာ. . ဖားပြုတ်လေ . . မြွေမရှိမှတော့ မထူးတော့ပါဘူးဆိုပြီး သူ့ကိုပါ စင်းကောလုပ်ပစ်လိုက်တာ၊ အဟဲ. . ခုနက ဦး ပြောတယ်လေ. . စင်းကောလေး စားကောင်းတယ်ဆို”

“ဝေါ. . တို. . ဝေါ”

စားထားတာက တနင့်တပိုးဆိုတော့ စားပိုးက နင့်နေပြီ။





ပြန်အန်ဖို့က လည်ပင်းမှာ တစ်လစ်ကြီး။ ရွံလွန်းလို့. . ဗိုက်ထဲမှာ ကလီစာတွေ ပြောင်းဆန်ကုန်ပြီထင်သည်။ တစ်သက်လုံး မစားခဲ့ဖူးတဲ့အကောင်တွေ ဒီမိန်းမနဲ့ကျမှ. .

နေကိုမှာ သူ့အဖေဖြစ်နေတာကိုကြည့်ပြီး ရင်ထုမနာဖြစ်ရသည်။

တကယ့်ဟာကိုမှ အိမ်ခေါ်လာခဲ့မိသည်။

“အဖေ. . အဖေ. . ရရဲ့လားဟင်. . ဖြစ်ရဲ့လား”

မျက်လုံးကြီး ပြူးပြီး ထရခက်၊ ထိုင်ရခက် ဖြစ်နေသော ဦးမင်းကိုကို နေကိုက ကျောဖိပေးရင်း

“မိုးသံစဉ်. . နောက်တယ်ဆိုတာ အတိုင်းအတာရှိရတယ်ကွ. . ခုတော့ မင်းက ငါ့အဖေကိုပါ တက်နောက်တယ်ဆိုတော့. . တော်တော်တရားလွန်နေပြီကွ”

“ဝါသနာပါလို့ဥစ္စာ”

နေကိုလည်း အတော်လေး တင်းလာပြီး

“အေး. . မင်းဝါသနာကို မစွန့်နိုင်ရင် မင်းကို ငါ့သူငယ်ချင်းအဖြစ်က စွန့်တယ်ကွ”

မိုးသံစဉ် မျက်နှာလေး ငယ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်သွားတာ နေမှာ။

ဦးမင်းကိုက

"သား ငါ မရတော့ဘူး၊ ဘောစင်မှာ သွားအန်လိုက်ဦးမယ်"

လို့ ပြောပြီး ထိုင်ရာမှအထ မိုးသံစဉ်က မဝံ့မရဲဖြင့်

"ဦး. . မထနဲ့ဦး. . ဟိုဟာလေ. . ဦး ဖင်နောက်မှာ ပေါက်နေတယ်. . ပုဆိုး. . ပုဆိုးပြဲနေတယ်"

ဦးမင်းကို ရှက်ပြီး ပြန်ထိုင်ချလိုက်သည်။ နေကိုက

"အဖေ ထိုင်နေလေ. . မထနဲ့ဦး"

ဒီခွင်ထဲကို နေကိုပါ ပါသွားသည်။

မိုးသံစဉ်မျက်နှာကို ကြည့်တော့ မှင်က သေလို့. . ဒီတစ်ခါတော့ သူ နောက်ရဲမှာ မဟုတ်တော့ပါဘူး။

"နေကို ငါပြန်တော့မယ်. . နင်နဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူးလားဟင်"

"မဟုတ်တော့ဘူး၊ နင့်ကိုငါ ဒီနေ့ ဒီနေရာမှာ အပြတ်ဖြတ်တယ်"

စကားတစ်ခွန်းမှမပြောတော့ဘဲ မိုးသံစဉ် လှည့်ထွက်သွားသည်။





မယ်မင်းကြီးမ။ သူပြန်မှ အဖေ ထလို့ရမှာလေ။

ဗရုတ်မ။

"အဖေ. . ရပြီ၊ ထကြည့်စမ်း"

ဦးမင်းကိုက သူ့ပုဆိုးကိုလှည့်ပြီး ကြည့်သည်။

"ဟင် ပုဆိုးက အကောင်းကြီးပါ၊ ကြည့်စမ်း. . ရအောင် ဗရုတ်ကျသွားသေးတယ်. . ဒီမိန်းမတော့နော်"

နေကို အဖေ့ကို တော်တော် အားနာသွားသည်။ အဖေ့မျက်နှာလေးက ဆီးစေ့လောက်သာ ရှိတော့သည်။

နေကို့တစ်သက်မှာ အဖေ့ကိုကြည့်ပြီး ဒီတစ်ခါပဲ သနားဖူးသည်။

"တောင်းပန်ပါတယ် အဖေရယ်"

"သား. . ငါ့တစ်သက် ဒီလိုမိန်းကလေးမျိုး မတွေ့ဖူးပါဘူးကွာ. ."

"သား ပြောသားပဲ. . သတိထားပါဆို၊ ခုတော့ အဖေ ယုံပြီ မဟုတ်လား"

"အေး. . အေး. . ယုံပြီ၊ ယုံပါပြီ သားရယ်"

မိုးသံစဉ်ကို ကိုယ်ဝန်ရှိတုန်းက သူ့အမေ ဘာဆေးများ



www.burmeseclassic.com

www.burmeseclassic.com



မှားစားမိသလဲ မသိပါဘူး. . . တော်ရုံမိန်းကလေးဆို သူ့လောက် ဇရုတ်ကျမှာ မဟုတ်သလို သူ့လိုလည်း ကဲမည့်ပုံမပေါ်ပါ။ သူက လွန်ကို လွန်သည်။

ထားခဲ့ဖူးသည့် သံယောဇဉ်၊ ရှိခဲ့ဖူးသည့် နီးစပ်မှု၊ သာယာခဲ့ဖူးသည့် သူ့စကားသံတွေ. . အားလုံး. . အားလုံးကို အဆက်ဖြတ်မှုကို ဖြစ်မည်။

ဒီလိုမိန်းမမျိုးကို နောင်ကြဉ်အောင်. . . မှတ်လောက်သားလောက်ရှိအောင် ပစ်ထားမှုကိုဖြစ်မည်။

ဒါမှ တစ်သက်လုံးနောင်တရသွားမှာ. . .

◆



"ဧနဲ့ ကိုက မိုးသံစဉ်ကို သူ့အာရုံထဲ ဝင်မလာအောင် နည်းမျိုးစုံနဲ့လှည့်ပတ်ပြီး ရှောင်နေပါသည်။

ဒီနေ့ ကိုဇဒင်ရှုတင်က အစောကြီးသိမ်းတော့ အနားရပြီဆိုပြီး နေကိုတို့ မြူးပြီး အိမ်ပြန်လာသည်။

အေးအေးလူလူ လမ်းလျှောက်လာရင်း တစ်နေ့ရာရောက်တော့ ထူးထူးဆန်းဆန်းမြင်ကွင်းတစ်ခုကို သွားတွေ့ပါလေရော. .

အင်မတန်မှ ချစ်စရာကောင်းတဲ့. . . ကောင်မလေး တစ်ယောက်. . အရပ်အမောင်းကအစ နေကိုသဘောကျတဲ့ မနိမ့်မမြင့်အရပ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



နေကိုက မိန်းကလေးဆို အရပ်ကြီးကလန်ကလားဆို သိပ်သဘောမကျချင်. .

အခုကောင်မလေးက ဆံပင်သားတွေက အိစင်းပြီး ဖြောင့်ကျနေသည်။

ကောင်မလေးမှာ အဖော်ပါလာတယ်ခင်ဗျ။

ဒါပေမယ့်. .

လူတော့ မဟုတ်ဘူး။

ခွေးကြီးတစ်ကောင်. .

ခွေးက ပြေးတယ်. . ပြေးနေတယ်. . .

ကောင်မလေးက သူ့ခွေးကို အမိန့်ပေးတယ်ခင်ဗျ. .

"stop. . ဂူဂျွန်ပျို. . . stop"

stop လို့ သူက အော်လေ. . သူ့ခွေးက ပြေးလေ. . ကဲ. . မထူးဆန်းဘူးလား။

သူ့ခွေးနဲ့သူ ဘယ်လိုပဲ နှစ်ပါးသွားသွား. . ကိုယ်နဲ့အနေသာကြီးဥစ္စာ. . နေကိုတို့ ဝင်ပါပုံက. . .

"ညီမ. . ခွေးကို ရပ်ခိုင်းတာလား"

ကောင်မလေးက သူ့ကို ခပ်တင်းတင်းပြန်ကြည့်သည်။





"stop လို့ ပြောနေတာ ရှင် မကြားဘူးလား. . ပြေးခိုင်းနေတာလေ. . stop. . . stop"

နေကို အံ့ဩလွန်းလို့ ပါးစပ်တောင်မှ ပြန်မပိတ်နိုင်။

"ဂျွန်ပျို. . လာ. . လာ. . လာ. . ဟုတ်ပြီ၊ ဂျွန်ပျိုလေးက လိမ္မာလိုက်တာဟယ်၊ ဒီမှာ ချိစ်လာစားလိုက်ဦး"

သူ ထုတ်ပြမှပဲ ချိစ်အပြားမှန်း သိတော့သည်။ သူ့ခါးလောက်ရှိမည့် ခွေးကြီးက သူ့ရှေ့မှာ လာရပ်သည်။ ကောင်မလေးက ခွေးကို ပြောပြန်သည်။

"ရော့. . ဂျွန်ပျို. . sleep. . စား. . စား. . ဂျွန်ပျိုလေးက အရမ်းကို တိုးတက်နေပြီပဲ. . ရော့. . ရော့. . ထပ်စားဦးမလား. . sleep. . . sleep. . "

ခေတ်ကာလက ပြောင်းပြန်ဖြစ်ကုန်ပြီပဲ. . sleep. . ဆိုအိပ်နေရမယ့်ဟာ သူ့ခွေးက ထစားနေတယ်. . .

"ဟော့လူ. . "

"ခင်ဗျားကို ခေါ်နေတာ. . လျှောက်ကြည့်မနေနဲ့၊ နည်းနည်းပါးပါး မှတ်သားထားဦး. . sleep ဆို စားတာ၊ ခွေးတောင်သိတယ်. . ရှင်က ဘာမှမသိဘူး၊ တုံးလိုက်တာ လွန်ရော. . "



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့နေပါပြီ။ သူ့ခွေးနဲ့ သူ့သခင်နဲ့ ကွက်တိ။ stopဆို ပြေးတယ်. . sleepဆို စားတယ်. . .

"ဒီမှာ. . ဒီမှာ. . ဒီခွေးက မင်းခွေးလား"

ကောင်မလေး မျက်နှာတစ်ချက်မဲ့သွားသည်။

"ဂျွန်ပျိုလေးကို ခွေးနဲ့မနှိုင်းပါနဲ့၊ ရှင့်မှာ ကိုယ်ချင်းစာစိတ် နည်းနည်းလေးမှမရှိဘူးလား"

"နေပါဦး. . ဒီခွေးကို ခွေးနဲ့မနှိုင်းပါနဲ့ဆိုတော့ ဘာနဲ့နှိုင်းရမလဲ. . ပြော. . မင်းပြော. . "

ကောင်မလေးရဲ့ sexyနှုတ်ခမ်းလေးက ရှေ့သို့ auto စူထွက်လာသည်။ ဂျိုလီတောင် အရှုံးပေးရမည့်နှုတ်ခမ်း။

"သူ့မှာ နာမည်ရှိတယ်၊ ဂျွန်ပျို. . ဂူဂျွန်ပျိုတဲ့. . မှတ်ထား၊ မယုံရင် ရှင်ခေါ်ကြည့်. . သူ့နာမည်မှန်း သူသိတယ်. . လှည့်ကြည့်လိမ့်မယ်"

"ဟား. . ဟား. . ဘာနာမည်ကြီးလဲ"

"F4ထဲက မင်းသားနာမည်လေ. . ကမ္ဘာတောင်ကျော်နေပြီ. . ရှင်ပဲ မသိတာ. . ကျွန်မအကြိုက်ဆုံးမင်းသားနာမည်ကို ပေးထားတာရှင့်"





"ထားပါ. . မင်းဟာမင်း သေအောင်ကြိုက်၊ ငါတို့က မျိုးတူချင်းဆို စိတ်မဝင်စားဘူး. . အခုလောလောဆယ် ငါစိတ်ဝင်စားတာက မင်း"

နေကိုက စကားကို ဆက်မပြောဘဲ ရပ်ချပစ်လိုက်သည်။

"ဘာလဲ. . ရှင့်စကားကြီးက"

"မင်း ဘာမေဂျာနဲ့ကျောင်းပြီးတာလဲလို့"

"အီးမေဂျာနဲ့"

"ဟင်"

နေကိုက ဟန်မဆောင်နိုင်အောင်ကို တအံ့တသြဖြစ်သွားသည်။ ဒါကို ကြည့်ပြီး ကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်နေသည်။

"ရှင် တကယ် ယုံသွားတာကိုး. . ဟင်း. . ဟင်း. . ကျွန်မကျောင်းမနေဖူးဘူးရှင့်. . အဲ. . ခေါင်းတော့ ကောင်းတယ် သိလား၊ ဉာဏ်ကောင်းတာကို ပြောတာ. . သူများပြောတာဆိုတာတွေ ကြားပြီး ဗဟုသုတတော့ နည်းနည်းရှိတာပေါ့"

ထင်တော့ ထင်သား။ ရုပ်ကလေး လှတပတနဲ့ စာပေဗဟုသုတ အားနည်းနေတာ. . .



www.burmeseclassic.com

www.burmeseclassic.com



သနားစိတ်ကလေးက စဝင်နေပြီ။

နေကို ကောင်မလေးကို သွေးတိုးစမ်းကြည့်ချင်လာသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ၊ What's your name?"

"ဩော်. . . သောက်ရှူး"

"ဘာ. . ခေါက်ရူး. . ဟုတ်လား. . ငါ့ကို အရူးလို့ ပြောနေတာလား"

"ကျွန်မနာမည်ကိုမေးတာဆို. . သောက်ရှူးကြယ်လို့ ခေါ်တယ် မှတ်ထား"

"အဲဒါ မင်းနာမည်လား"

"ဒါပေါ့"

"ဒါနဲ့ စကားမစပ်၊ မင်း ပက်ဂျီဆန်ကို သိလား"

ကောင်မလေးက ဝမ်းသာအားရပြန်ဖြေသည်။

"သိသားပဲ. . အဲဒါ ကိုရီးယားမင်းသား"

လွဲပြန်ပြီ။

"ဒါဆို ဝိန်းရွန်နီရော. . သိလား"

"သိပါတယ်. . အဲဒီလူက သိုင်းဆရာလေ"

တက်တက်စင်အောင်ကို လွဲတာ. . .





"နောက်တစ်ယောက်ထပ်မေးမယ်. . နာနီရော သိလား"

"ဟွန်း. . နာနီဆိုမှတော့ ကလေးထိန်းပေါ့. . ဒါများ လာမေးနေသေးတယ်"

"ဒါဆို ဖာဂူဆန်ရောကွာ"

"ရှင်က ကျွန်မ စာမတတ်ဘူးဆိုပြီး ယုတ်ယုတ်ညံ့ညံ့တွေ လာမမေးနဲ့. . ညစ်တီးညစ်ပတ်နဲ့ ဖာအကြောင်း လာမေးရအောင် ဘယ်လိုမိန်းမစားမျိုး ထင်လို့လဲ. . ဟင်း"

"မင်းဖြေနေတာတွေက ဟုတ်မှမဟုတ်ဘဲ၊ အခု ငါမေးတဲ့ သူတွေအကုန်လုံးက ငါ့မန်ယူ. ."

နေကို စကားတောင် မဆုံးလိုက်ရ။ ကောင်မလေးက

"ဩော်. . မန်ယူဆိုမှ သတိရတယ်၊ ကျွန်မဘကြီးအိမ်မှာ အိုးလာ,လာတိုက်ပေးတဲ့ ကုလားကြီးပဲ. . ဘာများလဲလို့၊ စောစောက အဲလိုပြောပါလား"

ဒီလောက်တုံးပြီး ဒီလောက်ဒုံးဝေးပုံနဲ့ဆို မယားတောသူ ဆိုတာထက် ပိုဆိုးတော့မည်။

"မင်းနဲ့ငါ မိတ်ဆွေတွေ ဖြစ်သွားပြီနော်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"တို့နာမည်က နေကိုတဲ့"

"လမ်းမှာတွေ့ရင် အကျယ်ကြီးအော်ခေါ်မှာနော်"

"ခေါ်လေ. . ခေါ်ပေါ့၊ ဟိုဘက်နှစ်လမ်းကျော်မှာ 63Hက တို့အိမ်ပဲ. . ဟိုလေ. . မင်း စာမဖတ်တတ်ရင် လမ်းထဲမှာ ကြိုက်တဲ့ သူမေးလို့ရတယ်. . နေကိုတို့အိမ် ဘယ်မှာလဲလို့"

"ဒါဆို ရပြီပေါ့"

"ဒါပေါ့. . ဒါနဲ့ စကားမစပ် I love you"

နေကိုက တစ်လုံးရ တစ်လုံးပစ်သွင်းကြည့်သည်။

"ပါးကျိုးသွားမယ်"

ဗုဒ္ဓေါ. . သိနေပါလား။

မသိလောက်ဘူးထင်ပြီး စမ်းကြည့်လိုက်တာ။

"ဘာလဲ. . ဘာပြောလို့လဲ. . ခွေးပေးမယ်လို့ပြောတာ"

ခွေးဆိုတော့. . ကောင်မလေး အာရုံပြောင်းသွားသည်။

"တကယ်လား. . ရှင့်အိမ်မှာ ခွေးရှိလို့လား"

"ရှိလို့ပေါ့. . ခွေးတွေမှ အများကြီးပဲ. . မင်း စိတ်ဝင်စား ရင် လာခဲ့လေ"

ခွေးလေခွေးလွင့်တွေ ကမြင်းကြောထပြီး ရထားတဲ့ ခွေး





တွေမှအများကြီး။ အဖေလေ. . သနားလို့ဆိုပြီး ပိုက်ဆံမပေးရတိုင်း ခေါ်မွေးထားတာ. . .

အဖေမှီ လမ်းမထွက်လိုက်နဲ့. . သူ့ခွေးတွေ အကုန်လုံးဝိုင်း ကြီးပတ်ပတ်ဒူဝေဝေနဲ့ အဖေ့နောက် အကုန်လိုက်သွားကြသည်။

အဖေ့ကို လူတွေက ပြောကြသည်။ ခွေးတွေ တရှုန်းရှုန်းနဲ့ ပျော်စရာကြီးဆိုပဲ. . .

"ရှင့်အိမ်ကို ကျွန်မ တကယ်လာမှာနော်. . ကျွန်မက ခွေး အရမ်းချစ်တာ"

လာပါစေ. . လာစမ်းပါစေ. . နေကိုတို့က ဒါမျိုးကို စောင့် နေတာ. . .

◆



www.burmeseclassic.com

www.burmeseclassic.com

"**နေ**ကို. . မင်း ဒီနေ့ ဘယ်မှသွားစရာမရှိရင် အိမ်သန့်ရှင်းရေး လုပ်ထား. . အခန်းထဲမှာ မင်းအဝတ်တွေ ပုံနေတာပဲ. . မလျှော်သေးဘူးလား"

"လျှော်မယ် အဖေ. . သား ဒီနေ့ လျှော်လိုက်မယ်"

"ဟော့ကောင်. . မင်းကို ငါ မိန်းမရှာခိုင်းထားတာ မတွေ့သေးဘူးလား"

နေကိုက ပြောင်စပ်စပ်ဖြင့်

"မိန်းမက ပေါပါတယ် အဖေရာ. . ဟိုဟာက ရှားနေတာ"

"ဟေ. . ဘာက ရှားနေတာတုန်း"

ဆောင်းညပြာသိစာလေ



"မယား. . ပြောတာ မယားတော်ရမယ့်သူက ရှားနေတာလို့"

"တော်စမ်း. . မင်း အဖြစ်မရှိရင် မရှိဘူးပေါ့ကွ"

"အဖေ. . သားကို Due Date ပေးထားတာ မပြည့်သေးဘူးလေ"

"ဘာ. . မင်းကို ငါက Due Dateပေးရအောင် မင်းက ဗိုက်ကြီးသည်မို့လို့လား"

"မဆိုင်ဘူးလား"

"ပြောလိုက်ရင် တလွဲတွေချည်းပဲ"

"အဟဲ. . . အဖေ အပြင်သွားမယ်ဆို. . နောက်ကျနေဦးမယ်. . သွားတော့လေ"

"မင်း မရှည်နဲ့. . ငါ သိတယ်"

ဦးမင်းကိုထွက်သွားတော့ နေကိုက လှမ်းမှာသည်။

"အဖေ. . ပြန်လာရင် သားအတွက် ဘီယာနဲ့အကာင်ဝယ်ခဲ့နော်"

"အေး. . အေး"

ဦးမင်းကိုက ယောင်ပြီး အေး. . အေး တဲ့. .

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီကောင်၊ လူကြီးကို လူကြီးမှန်းမသိဘူး၊ နောက်တီးနောက်တောက်နဲ့"

ဦးမင်းကို ပြန်ဝင်မလာခင် နေကို အိမ်ထဲ ဝင်ပြေးသွား၏။

ခဏကြာတော့ တံခါးပိတ်သံကြားရသည်။

အဖေ ဒီတစ်ခါတော့ တကယ်ထွက်သွားပြီထင်သည်။

နေကိုက ထမင်းစား စားပွဲတွင် ဝင်ထိုင်ပြီး အုပ်ဆောင်းကို ဖွင့်ကြည့်လိုက်သည်။

အဖေ ဒီနေ့ တော်တော်စိတ်ကောင်းဝင်နေပုံရသည်။

ပဲပြုတ်တွေ၊ ကြက်ဥတွေနှင့် ထမင်းကြော်တွေ ဘာတွေ ကြော်လို့. . .

နေကိုက ဂျာနယ်တစ်စောင် ကောက်ကိုင်ပြီး ဟိုလှန် ဒီလှန် ဖတ်နေသည်။ ပါးစပ်ကတော့

"အဖေကလဲ. . . သားကလေးတစ်ယောက်တည်း ရှိတာ ကော်ဖီလေးတစ်အိုးတောင် နှပ်တိုက်ဖော်မရဘူး. . ကိုဗဒင်တို့ ရုပ်ရှင်ရိုက်ရင် မင်းသားကို သူတို့အဖေက ကော်ဖီငှဲ့တိုက်နေလိုက်တာ အားကျစရာကြီး. . ငါ့အဖေနဲ့များ ကွာပါ့"





ပြောလည်းပြော၊ ခွက်တစ်လုံးယူပြီး ကော်ဖီမစ်တစ်ထုပ်ကို ဖောက်ထည့်ပြီး ဖျော်လိုက်သည်။

"နေကို. . နေကို. . မင်းဘဝက သနားစရာ၊ ကော်ဖီ ဆိုလည်း ကိုယ့်ဘာသာ ဖျော်သောက်ရတယ်၊ ဒါပြီးရင်. . အဝတ်တွေ လျှော်ရဦးမယ်၊ နောင်ဘဝ အခြွေအရံပေါ်အောင် ဘာလုပ်ရမလဲ မသိဘူး"

နေကို့ပါးစပ်က တတ်လည်း တတ်နိုင်သည်။ ထမင်းကြော်တွေ တစ်လုတ်ပြီးတစ်လုတ် ခပ်စားပြီး အစားမပျက်၊ အပြောမပျက်ပင်။

ထမင်းကြော် နှစ်ပန်းကန်ပြောင်တော့မှ အိမ်သန့်ရှင်းရေး လုပ်ဖို့ လုပ်ငန်းစ,တော့သည်။

မလုပ်လို့က မဖြစ်။

အဖေပြန်လာရင် ကွိုင်တက်ဦးမှာ. .

"နေကိုရေ. . နေကို"

"ဗျာ. . လာပြီ ဒေါ်ကြီး"

နေကိုတို့တစ်အိမ်ကျော်မှ ဒေါ်သန်းရင်ကြီး။

"ဒီည ငါ နင်တို့အိမ်မှာ TV လာကြည့်ချင်လို့ ငါလာကြည့်



www.burmeseclassic.com

www.burmeseclassic.com



မယ်နော်. . နော်. . နင်စားဖို့ ငါ လက်ဖက်သုပ်ခဲ့ပေးမယ်သိလား၊ နင့်အကြိုက် ချဉ်၊ ငံ၊ စပ်လေ. . ကြိုက်တယ် မဟုတ်လား"

သူက တစ်မျိုး။

အဲလိုပဲ စိတ်ကူးပေါက်ရင် ပေါက်သလို. . သူများအိမ်မှာ TVလည်ကြည့်တာ. . သူ့ဝါသနာက တစ်မျိုး။မင်းသားချောမှ သူက ကြည့်ချင်တာ. .

"လက်ဖက်က ညမှ စားရမှာ. . အဝတ်က အခု လျှော်ရမယ်တဲ့"

"ဟင်. . ဘယ်သူက ပြောတာလဲ"

"အဖေလေ. . အဖေပေါ့. . . သားကလေး တစ်ယောက်တည်းရှိတာ. . တစ်မျိုးပြီးတစ်မျိုး ခိုင်းနေတာပဲ"

ဒေါ်သန်းရင်က နေကို့ကို သနားသွားပြီး

"အေးလေ. . နင့်အဖေကြီးက မိုက်လည်း မမိုက်ဘူး၊ နင့်အဝတ်တွေက တော်တော်များလားဟင်"

"များတော့ များတယ်"

"ဘယ်နှစုံလောက်ရှိလဲ"

"အစုံ နှစ်ဆယ်ကျော်လောက်"





"နင့်မှာ ဝတ်စရာရော ကျန်သေးရဲ့လားဟယ်"

"ဒီမှာလေ. . ဒီနေ့ဝတ်တဲ့ တစ်ထည်ကုန်ရင် စွပ်ကျယ်ပဲရှိတော့တာ. . ဒီနေ့မှမလျှော်ရင် ဝတ်စရာမရှိတော့ဘူး ဒေါ်ကြီးရ၊ အရေးထဲကျမှ ဒီလက်က နာနေရသေးတယ် တကယ်ပဲ"

"ငါက နင့်ကိုသနားလို့ တစ်စုံ နှစ်စုံဆို လျှော်ပေးမလို့. . အခုဟာက အစုံ နှစ်ဆယ်ကျော်တောင်. . ဒီလိုလုပ် နေကို. . နင်အဝတ်လျှော်တဲ့ ကုလားမ ငှားလိုက်ပါလား"

"ငှားပါဘူး၊ ပိုက်ဆံကုန်တယ်. . ဒီည ကျွန်တော့်သူငယ်ချင်းတွေနဲ့ချိန်းထားလို့ မအားဘူး၊ ဒေါ်ကြီး ကြည့်ချင် နောက်နေ့မှ လာကြည့်လေ"

နေကိုတို့ ညစ်ပြီ။

တစ်ပတ်မှာ နှစ်ရက်သာ ပြသည့် ဇာတ်လမ်းတွဲမို့ ဒေါ်သန်းရင်က သူကြိုက်တဲ့ကား လာမည့်နေ့ကို လက်ချိုးပြီး စောင့်နေသူ. . .

"ဟယ်. . နင် မအားလည်း အားမှဖြစ်မယ် ကောင်လေးရယ်. . နင်မရှိရင် နင့်အဖေနဲ့ငါ နှစ်ယောက်တည်း. . .မသင့်တော်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒေါ်ကြီးကလဲ. . အဖေ့များ ဘာကြောက်စရာရှိလဲ. . မသကာ အဖေက ဒေါ်ကြီးကို အခန်းပိတ်ရုံပေါ့"

"အေး. . ကောင်းသားပဲ. . ဟယ်. . နေကိုနော်. . နင် ငါ့ကို မဟုတ်တရုတ်တွေ ပြောပြန်ပြီ. . ကဲ. . ကဲ. . နင့်အဝတ်တွေ အကုန် ငါလျှော်ပေးမယ်၊ ဒီနေ့ည နင် အားပေးရမယ်နော်"

နေကိုတို့ ပျော်သွားသည်။

"ဟာ. . ကိုယ့်ဒေါ်ကြီးအတွက်ပဲ၊ မအားလည်း အားပေးရမှာပေါ့"

နေကိုက သူ့အခန်းထဲက အဝတ်တွေ ပြေးယူပြီး ပြန်လာသည်။

"ဒေါ်ကြီး ဒီမှာ အကုန်ပဲ"

"အမယ်လေး. . ဖြည်းဖြည်းလုပ်ပါဟဲ့. . နင့်အဝတ်တွေ ပိပြီး ငါသေနေဦးမယ်. . ငါ့နှယ် ပွဲကြည့်ချင်တာနဲ့ပဲ အဝတ်လျှော်ကုလားမ လုပ်ရဦးမယ်"

"အဟဲ. . ဒေါ်ကြီးကို ကျွန်တော် အဲလိုသဘောမထားပါဘူး"

ဒေါ်သန်းရင်တစ်ယောက် နေကို့အဝတ်တွေကို တစ်နာရီ





လောက်ကြာအောင် လျှော်ပေးလိုက်ရသည်။ ဘသားချောက ဆိုဖာခုံမှာ ဝမ်းလျားမှောက်ပြီး ဂျာနယ်တွေ တစ်စောင်ပြီး တစ်စောင် ဖတ်နေသည်။

ဂျာနယ်တွေ ကုန်သလောက်ရှိမှ အိမ်သန့်ရှင်းရေးလုပ်ဖို့ သတိရသည်။

နေကို လက်ထဲမှာ တံမြက်စည်းတွေ့တာနဲ့ ဒေါ်သန်းရင်တို့ ပြေးဖို့လမ်းရှာလေပြီ။

ထပ်နေရင် သန့်ရှင်းရေးပါ ထပ်လုပ်ပေးနေရဦးမှာ. .

"နေကို ဒေါ်ကြီး အိမ်မှာ ဟင်းသွားချက်လိုက်ဦးမယ်နော်" အဝတ်လျှော်ပေးတာနဲ့တင် လုံလောက်ပါပြီ။

"ကျေးဇူးပဲ ဒေါ်ကြီးရေ. . ညကျရင် လက်ဖက်သုပ်ခဲ့ဦးနော်"

"အေးပါဟယ်"

ဒေါ်သန်းရင်ပြန်သွားတော့ နေကိုက နံရံထောင့်မှာ ထောင်ထားသော လှေကားကိုယူကာ လုပ်ငန်းစ,တော့သည်။

မျက်နှာကျက်မှာ ဖုန်တွေက မြင်မကောင်းတော့။

လုပ်မယ့်သူမှ မရှိတာ. .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှနှစ်ရှိပြီလဲ. . ဒီအတိုင်း ပစ်ထားတာဆိုတော့

"ကိုနေကို. . . ကိုနေကို"

အဲဒီဒေါ်သန်းရင်ဟာလေ. . ပြန်ထွက်ပြီးရင် ဘယ်တော့မှ တံခါးမပိတ်ဘူး. .

သူ တံခါးဖွင့်သွားလို့ အခု လူဝင်လာပြီ။

နေကို အောက်ငုံ့ကြည့်လိုက်တော့ စောက်ရူး. . အဲလေ. . သောက်ရှူး. .

နေကိုက သူ့ပုဆိုးစကို သူ့ပေါင်ကြားထဲ ထည့်ညှပ်ထားလိုက်သည်။

"သောက်ရှူးပါလား. . ခဏနေဦး. . . ကျွန်တော် ဒါလေးတွေ လှည်းပြီးရင် ဆင်းလာခဲ့မယ်"

"ရှင်ပြောတော့ ခွေးတွေ အများကြီးဆို တစ်ကောင်မှလဲ မတွေ့ဘူး"

"အဖေ့နောက် လိုက်သွားကြပြီထင်တယ်. . မပူနဲ့ဗျ. . ဒီကောင်တွေက ကျွန်တော့်လိုမဟုတ်ဘူး. . အချိန်တန်ရင် အိမ်ပြန်တတ်တယ်"

ထိုစဉ် နေကိုရဲ့ဖုန်းက ထမြည်လာသည်။

*ဆောင်းညပြာသိစာပေ*



"မရှိမသေဗျာ. . ကျွန်တော့်ဖုန်း ခဏလောက် ကိုင်ပေးပါလား"

သောက်ရှူး. . ဆိုတဲ့ မမ ဖုန်းကိုင်ပုံက ဟာသ။ ဖုန်းကို ကိုင်ပြီး ပြူးပြဲကြည့်နေသည်။

"ဟာ. . ဒုက္ခပဲ. . ဒီမှာလဲ ဆင်းလို့မရဘူး၊ တယ်လီဖုန်းပုံပါတာလေး နှိပ်လိုက်လေ"

ဖုန်းပြောပုံက ဖုန်းနှင့်ပါးစပ်ပေါက် တခြားစီ။ ဖုန်းခေါ်နေတာ ဘယ်သူလဲ မသိ။

"နေကို. . နေကိုလား"

သောက်ရှူးက အပေါ်ကို မော့ကြည့်ပြီး ပြောသည်။

"နေကို. . တဲ့၊ မေးနေတယ်"

တစ်ဖက်မှ ဦးမင်းကိုမှာ မိန်းကလေးအသံ ကြားသဖြင့် အံ့သြသွားပြီး

"ကလေးမ. . နေကိုရော. . သူ ဘယ်မှာလဲ"

သောက်ရှူးက အပေါ်ကို မော့ကြည့်ကာ ပြောချလိုက်ပုံက. .

"သူက ကျွန်မအပေါ်မှာ"

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းကို ပက်လက်လန်သွားသည်။

"ဟော. . ."

ထပ်မကြားရဲတော့သဖြင့် ဦးမင်းကို ဖုန်းချသွားသည်။ ဘယ်လိုတွေးပြီး ဘယ်လိုထင်သွားလဲ မသိပါ။

နေကိုက

"ဘာတဲ့လဲ"

"မသိဘူး၊ ရှင့်ကို မေးတာ"

နေကို အောက်ဆင်းလာပြီး

"ဖုန်းကိုင်ပေးတဲ့အတွက် ကျေးဇူး"

"ရပါတယ်. . ဘာမှအပန်းကြီးတာမှ မဟုတ်တာ"

ထိုနေ့က သောက်ရှူးကို မလိမ့်တပတ်လုပ်ပြီး ပြန်လွှတ်လိုက်ရသည်။

သူညာပြီး အာရွှီးထားသလို ပေးစရာခွေးမှ မရှိတာ။

လမ်းဘေးက ချေးစားတဲ့ ခွေးဝဲစားနဲ့ . . . အိမ်က ခွေးမ အကြောင်းဖက်ပြီး ပေါင်းစပ်ထားတဲ့ ခွေးလေးတစ်ကောင်ကို ယူပြီး နေကိုက

"ဒီခွေးလေး သောက်ရှူးကိုပေးလိုက်မယ်. . မျိုးရိုးက ရှယ်





နော်. . သန့်သလား မမေးနဲ့. . . ဘာမျိုးရိုးလဲဆိုတာ ပြောပြလည်း သောက်ရှူးသိမှာမဟုတ်ဘူး၊ ယူပဲ ယူသွားလိုက်တော့"

"ဒီခွေးက ဘယ်လောက်တန်သလဲဟင်"

နေကိုက

"လေး၊ ငါးသိန်းတော့ ရှိမှာပေါ့"

"ဟင်. . အဲသလောက်တန်တယ် မထင်ရဘူးနော်၊ ပုံစံက လမ်းဘေးက ခွေးနဲ့တစ်ပုံစံတည်းပဲ"

"မတူပါဘူးကွာ. . ပုံစံချင်း တူပေမယ့် မျိုးကွဲသေးတယ် သိလား. . နောက်တစ်ခါ လာရင် ဒီထက် ဈေးကြီးတာပေးမယ်. . သိလား"

"တကယ်နော်. . ထပ်လာခဲ့ဦးမယ်"

"လာ. . လာ. . ကြိုက်သလောက်လာ"

"တစ်ခုတော့ရှိတယ်. . ရှင်က ညှော်ဝတ်တော့ မကျေဘူး"

"ဟင်"

"ဟုတ်တယ်လေ. . ညှော်သည် လာတာ ကော်ဖီလေးတစ် ခွက်တောင် တိုက်ဖော်မရဘူး"

"အဟဲ. . အိမ်မှာကုန်နေလို့၊ စေတနာကကုန်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်. . သိတယ်မဟုတ်လား. . နာမည်ကိုက နေကို တဲ့၊ ဒါကြောင့် အသေခိုနေတာ. . အဲလေ. . ကော်ဖီမှုန့်ကုန်နေလို့ လမ်းကြုံရင် တစ်ထုပ်လောက်ဆွဲခဲ့ပါလား”

“သနားစရာကောင်းလိုက်တာနော်. . ပြောမိတာ မှားပါတယ်၊ ဒါပဲ သွားတော့မယ်. . ”

“တာ့တာ. . တာ့တာ’

တစ်ယောက်တော့ သွားပြီ။

တွေ့သမျှ မိန်းမတွေ တစ်ယောက်မှ အချိုးမပြေဘူး။

ခံစားချက်တွေက မစစ်လို့လား။ ဒါမှမဟုတ် ရင်ခုန်သံကပဲ rhythm မမှန်တာလား၊ ဘာfeelမှ မလာတာ။

ဘယ်လိုခေါင်းစဉ်တပ်ရမှာလဲ။ တုံးတာလည်း တာတေလန်အောင်ကို တုံးသည်။

ကောင်မလေး ပြန်သွားတော့ နေကိုက သူ ရေမချိုးရသေးတာကို သတိရသွားသည်။

ဖုန်တွေ ဗရပွနှင့် ဟိုနားက ယားသလိုလို ဒီနားက ယားသလိုလို စိတ်ထဲမှာ မသိုးမသန့်ဖြစ်လာသည်။

နေကိုက ရေလဲပုဆိုးနှင့် မျက်နှာသုတ်ပဝါကို ယူပြီး ရေ





ချိုးခန်းထဲဝင်ကာ ရေချိုးနေလိုက်သည်။ သိပ်မကြာပါ။ အဖေ့အသံဝါဝါကြီးကို ကြားပြီး အဖေပြန်ရောက်လာပြီဆိုတာ သိလိုက်သည်။

‘နေကို. . မင်းဘယ်မှာလဲ လာစမ်း. . ဒီကို’

နေကိုက ရေချိုးခန်းထဲမှ ထွက်လာပြီး

‘ကျွန်တော်မျိုး လာပါပြီ ခင်ဗျ၊ ဖခင်ခမည်းတော်ဖားသားဒယ်ဒီရှေ့မှာ ဟောဒီလို ခြေစုံချ၍ ရပ်ကြောင်းပါ ခင်ဗျ’

‘တော်. . တော်. . ဟော့ကောင်. . မင်း ငါ့ကို လာပြီး ပေါကြောင်ကြောင်လုပ်မနေနဲ့ အခု မင်းကိစ္စပြီးပြီလား’

နေကိုက အိမ်သန့်ရှင်းရေးကိစ္စကို မေးသည်ထင်ပြီး

‘ပြီးပြီလေ. . ပြီးလို့ ရေချိုးတာပေါ့’

ဟု ခပ်လွယ်လွယ်ပင် ဖြေလိုက်လေသည်။

ဦးမင်းကိုက ဘယ်လိုအတွေးပေါက်ပြီး ဘာတွေအံချော်သွားလဲ မသိ. . .

‘မင်း တော်တော် ပညာတွေတတ်နေပြီပဲ. . ဟင်. . ငါကတော့ ငါ့သားလေးကို အူရိုင်းလေးလို့ထင်ထားတာ၊ ဒင်းက ကြွက်တွင်း ဖြစ်နေပါရောလား၊ ပြောစမ်း. . ခုနက ဖုန်းကိုင်တဲ့ ကောင်မလေးက ဘယ်သူလဲ’



www.burmeseclassic.com

www.burmeseclassic.com



'သောက်ရှူး တဲ့'

'ဘယ်မှာတွေ့ပြီး ခေါ်လာတာလဲ'

'လမ်းမှာ တွေ့လာတာ'

'လမ်းမှာတွေ့တဲ့ မိန်းမကို ငါ မရှိတုန်း အိမ်ခေါ်လာတဲ့ကောင်၊ ပြေးစမ်း. . ငါမိလို့ကတော့ တုတ်တစ်ချောင်းအကျိုးပဲ'

အဖေတို့က အဲဒီလိုအဖေမျိုး။

ရိုက်တာတောင်မှ စစ်ကြေညာပြီးမှ မောအောင်ပြေးခိုင်းသေးသည်။ ရိုက်စရာရှိတာ ဆွဲရိုက် ပစ်လိုက်ပေါ့. . .

'ခဏလေး အဖေ၊ သား ရယ်ဒီမဖြစ်သေးဘူး အကျႌသွားဝတ်ပြီးမှ စပြေးမှာနော်'

နေကိုက လူလည်ကျသည်။ အကျႌဝတ်ပြီး အပြင်တန်းပြေးမလို့ ကြံတာပင်။

'ဟော့ကောင် ဒီကောင်မလေးကို မင်း ဘာပေးလိုက်သေးလဲ'

'ခွေး'

'ဘာ. . ငါ့. . ငါ့ ခွေးတွေပေးလိုက်တယ် ဟုတ်လား',

'အဖေက လုပ်ပြီ. . အဖေ့ခွေးတွေက တစ်ကြိမ် မွေးရင်





အများကြီးထွက်တာ၊ သူက ခွေးလာတောင်းတဲ့ဥစ္စာ. . တစ်ကောင်တလေ ပေးလိုက်တော့ ဘာဖြစ်သွားမှာလဲ'

'ငါ့ခွေးက အသုံးကျတယ်၊ အိမ်စောင့်ဖော်ရတယ် ကျွေးရမွေးရကျိုးနပ်တယ်ကွ'

'ဒါဖြင့် ကျွန်တော်က အသုံးမကျဘူး. . ကျွေးရမွေးရကျိုးမနပ်ဘူးပေါ့. . ဒီလိုလား"

"အေး. . မင်းသိရင် ပြီးတာပဲ"

သွားပြီ နေကို. . မင်းဘဝက ခွေးလောက်တောင်မှအသုံးမကျပါလား။

"ဒါပေမယ့် အဖေ့ခွေးတွေက စည်းမဲ့ကမ်းမဲ့. . ကလနားမဲ့တွေ. . အဖေ သူတို့ကို အမိန့်ထုတ်လိုက်. . တစ်နှစ်နေမှ မိန်းမတစ်ကောင်. . အဲလေ. . ခွေးမတစ်ကောင်ယူရမယ်လို့၊ ဘယ်လိုလဲ သူတို့နာခံမယ်ထင်လား. . ဟဲ. . ဟဲ. . အချိန်တန် အိမ်ပြန် ထမင်းလာစားပြီး လမ်းပေါ်မှာ အလေလိုက်နေတဲ့ကောင်တွေ"

"နေစမ်းပါဦး. . အခု မင်းက ခွေးတွေကို တွက်ကပ်နေတာလား. . ခွေးတွေက သူတို့သဘာဝနဲ့သူတို့နေတာ. . မင်းက လူဆိုတော့ လူ့သဘာဝနဲ့ညီအောင်နေ. . မင်းကို ငါအချိန်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တာ ခြောက်လ. . အခု သုံးလရှိပြီ၊ နောက်သုံးလအတွင်းမှာ တွေ့အောင်ရှာရင်ရှာ. . မရှာနိုင်ရင် ငါ့အဆိုးမဆိုနဲ့. . ဒါပဲ"

နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပဲ။

"တစ်ခုမေးမယ် အဖေ၊ အဖေ့သတ်မှတ်ချက်ထဲမှာ မိန်းမပဲ ပါတာနော်. . လူမျိုး၊ ဘာသာ ဘာမှမပါတော့ နောက်ဆုံး ရှာမတွေ့ရင် လမ်းထိပ်မှာ ဗယာကြော် ရောင်းတဲ့ အငီနာကို သွားခေါ်လိုက်ရုံပဲ. . ဟဲ. . ဟဲ. . နေကိုတို့ မိန်းမမရှားပါဘူး"

"အေး. . အမီနာဆို သိပ်ပြီး ခမ်းနားကြီးကျယ်လွန်းတယ်၊ ဟိုဘက်မီးကင်းမှာ နေ့ခင်း လာ,လာထိုင်နေတဲ့ တစ်တစ်ဆို မင်းနဲ့ ပိုလိုက်တယ်ကွ. . ယူလိုက်"

"အဟဲ. . အဖေက အရှုံးမကို ချွေးမတော်ပြီး ချစ်ချင်တာဆိုတော့ သား အနစ်နာခံသင့်ခံပေးရမှာပေါ့"

"တော်. . တိတ်. . မင်းကို ရွဲ့ပြောနေတာကွ"

အခြေအနေမကောင်းတော့ နေကို ထွက်ပြေးတာ တန်းနေတာပဲ။ ဘယ်သွားသလဲဆိုတော့ အင်တာနက်cafeမှာ အချိန်သွားဖြုန်းမလို့။ plotအသစ်လေးတွေ ရလိုရငြားပေါ့။

♦



"**သား**ငယ်. . ဒါလေးကို acceptလုပ်ရင် ကောင်းမလား"

သားငယ်က နေကိုပြသော နာမည်ကိုကြည့်ပြီး

"အားပါး. . နာမည်လေးကတော့ လန်ထွက်နေတာပဲ၊ဖွင့်ကြည့်လေကွာ. . ရုပ်လေး ဖြူ မဖြူ၊ bodyလေး မိုက် မမိုက် သိရတာပေါ့"

"တားတားက မကြောချင်ရို ကြည့်နေတာ၊ ဦးဦးက နှာဘူးကြီး"

"ဟုတ်ပါပြီ. . ဦးဦးက ဘူးတယ်ဆိုတော့ သားသားက ဒူးလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် မနာ,နာအောင် စ,ရင်း နှစ်ဦးသဘောတူ 'အိသဲချိုချို'ရဲ့facebookထဲကို ဝင်ကြည့်ကြသည်။

ဘာကိုတွေ့သလဲဆိုတော့. .

"အင်း"

"ဟင်း"

သက်ပြင်းချသံတွေပါ။

မျက်နှာကို မကြည့်အားသေးဘူး။ bodyကို မြင်ပြီး မျက်လုံးမခွာနိုင်ဖြစ်နေကြတာ. .

ခါးနေရာလေး သိမ်ပြီး. .

စွင့်စွင့်ကားနေတဲ့ တင်. .

ပေါင်တံလေးက ကျော့ရှင်းပြီး ထင်းနေတာ. .

လှလိုက်တဲ့ ကောင်မလေး. .

သူ့ရဲ့ attraction က ဘယ်လောက်တောင် အားပြင်းသလဲဆို သားငယ်ဆီက ထွက်လာတဲ့မျိုးသံက 'ဂလု'တဲ့။

အကျယ်ကြီးပဲ. .

"မျက်နှာကလေးလည်း ချစ်စရာကလေးနော်. . မိုက်တယ်ကွ"





"အသက်လည်း ငယ်သေးတာပဲ. . ဆယ့်ကိုးနှစ်ဆိုတော့"

"အသက်တော့ ပြည့်နေပါပြီကွာ. . မင်းလိုက်ချင်လိုက်လို့ရတယ်. . ရုံးရောက်ဂါတ်ရောက် မဖြစ်တော့ဘူးပေါ့"

သားငယ်ကို နေကိုက ပစ်ပစ်နှစ်နှစ်ကျိန်ဆဲပါသည်။

"အဲဒီရုံးကို မင်းသွားရမှာ မပူနဲ့. . မင်းညီမ ဆယ့်ခြောက်နှစ်နဲ့လင်နောက်လိုက်ရင် တရားစွဲဖို့လေ"

"ခွေးကောင်"

"အမယ်. . အမယ်. . သူလည်း IC ပရိသတ်ပဲကွ. . ငါနဲ့တူတယ်"

"မင်း စိတ်ဝင်စားရင် chat ကြည့်လိုက်လေ"

"အိုခေ"

နေကိုက အိသဲချိုချိုနှင့် Onlineပေါ်တွင် ခင်မင်ရင်းနှီးခွင့်ရအောင် tryပါတော့သည်။

ပထမတစ်ရက်. . .

အခြေအနေက မဆိုးဘူး။

မိတ်ဖြစ်ဆွေဖြစ်ပေါ့။

နေကိုနှင့်အိသဲချိုချိုတို့ chatနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားပြီးပြီလား"

"ပြီးပြီ"

"ခင်ချင်တယ်"

"ခင်ပေါ့"

"ဘယ်မှာနေလဲ"

"ဘာလို့မေးတာလဲ"

"သိချင်လို့"

"မပြောဘူး"

"ညစ်တယ်ပေါ့"

"ရန်ကင်းမှာ နေတယ်"

"လာလည်မယ်"

ဒုတိယနေ့. . .

"ပျင်းတယ်၊ အပြင်မှာတွေ့ချင်တယ်"

"ဘယ်တော့လဲ"

"အဆင်ပြေမဲ့တစ်နေ့"

"တကယ်လား"





"မယုံဘူးလား"

"ဘာလို့တွေ့ချင်တာလဲ"

"လှလို့၊ ဆွဲဆောင်မှုရှိလို့"

"ဘယ်လောက်လှလဲ"

"မယ်စကြာဝဠာလောက်"

"ပိုပြီ"

"တကယ်ပြောတာ"

တတိယနေ့(ပွဲသိမ်း)

"ချစ်. . အဖြေပေး"

"ချစ်တယ်"

ချစ်တယ်ဆိုပဲ. . .

ရည်းစားမရှိဘူးလို့ နေကို့ကို ပြောကြဦးမလား. .

သုံးရက်တည်းနဲ့ chatting ဝင်ရင်း ရည်းစား ရသွားပြီ၊

နှယ်နှယ်ရရမဟုတ်ဘူးနော်. .

ကောင်မလေးက လှမှလှ၊

မြန်းဂလိဂ်ကလည်း အထာကျမှကျ။



www.burmeseclassic.com

www.burmeseclassic.com



သားငယ်တောင် နေကို့ကို ဂျေဝင်သေးသည်။ သုံးရက်တည်းနဲ့ ပွဲသိမ်းသွားလို့တဲ့. . .

"ဟော့ကောင်. . အပြင်မှာ မြန်မြန်တွေ့ဖို့ချိန်းကွာ၊ အဆင်ပြေရင် မင်းအဖေနဲ့ပေးတွေ့လိုက်"

"မင်းပြောတော့ လွယ်လိုက်တာ"

"ကောင်မလေးက သဘောတော့ လွယ်သားနော်. . သုံးရက်တည်းနဲ့ ပြန်ချစ်ပစ်လိုက်တယ်. . မိုက်တယ်ကွာ"

တစ်ပတ်အကြာမှာ အပြင့်မှာတွေ့ဖို့ Dateလုပ်ကြသည်။

နေကို ရင်တွေခုန်နေသည်။

လျှော်စကေးနဲ့ တိုင်းမယ်ဆိုရင် ၇, ၈ လောက်တော့ ရှိမည်။

ကန့်ထရိုက်တိုက်တွေ ပြိုချင် ပြို၊ မပြိုချင်နေ. . သူ့ရင်ဘတ်ကြီးကတော့ သိမ့်သိမ့်ခါတုန်နေပြီ ဖြစ်သည်။

ချိန်းတဲ့နေရာက လူသွားလူလာတိတ်ဆိတ်တဲ့ ဟိုင်းဝေးလမ်းပေါ်မှာ. .

သူမ ကားနံပါတ်က '၄ ဂ . . . ."

နေကိုက ဝီရိယပိုစွာ စောပြီးရောက်နေမိသည်။





အပြင်မှာတွေ့မှာဆိုတော့ နေကိုတို့အပြတ်ရှိုင်းလာသည်။

အိသဲချိုချိုရဲ့ကား လာနေတာ ဟိုးအဝေးကြီးကတည်းက တွေ့နေရသည်။

ကားက နေကို့အနားကို ရောက်တော့ တုံ့ခနဲ ထိုးရပ်သွားသည်။

ကားမှန်က စတေကာအမည်းတပ်ထားတော့ လူကို မမြင်ရသေးပါ။

ဒါပေမယ့် ရင်ခုန်တာက ခုန်တာပါပဲ။

တော်တော်ကြာတဲ့အထိ ကားမှန်က မဖွင့်လာပါ။

အထဲမှာ အိသဲမှ ပါပါလေစ. . .

နေကို စိုးရိမ်သွားသည်။

ညကလည်း အိသဲရဲ့ ပြေပြစ်လွန်း၊ တောင့်တင်းလွန်းတဲ့ body အမိုက်စားလေးကို မြင်ယောင်ပြီး အိပ်လို့ တော်တော်နှင့် မပျော်။

ကားမှန်က မဆိုစလောက်ကလေး ပွင့်လာသည်။

အိသဲရဲ့မျက်နှာလေး ပေါ်လာသည်။

အခုခေတ်ကောင်မလေးတွေ ပြင်ဆင်ထားတဲ့အတိုင်း ကာ



www.burmeseclassic.com

www.burmeseclassic.com



လာစုံ။ မျက်တောင်တုနဲ့ပါပဲ။ မဆိုးဘူး၊ အီသဲက အပြင်မှာလည်း ချောသားပဲ။

"စောင့်နေရတာ ကြာပြီလား ကို"

အားပါး. .

အသံလေးကလည်း သာယာလိုက်တာ. .

"ကို"တဲ့. .

သူက "ကို"ခေါ်မှတော့ နေကိုတို့က "ချို"လို့ ပြန်ခေါ်ရုံပေါ့။

"ချို. . ကားတံခါး မဖွင့်တော့ဘူးလား"

"ဟင့်အင်း. . ရှက်တယ်"

"ကိုက တွေ့ချင်လို့ပါကွာ. . အစောကြီးလာစောင့်နေရတာ မသနားဘူးလား"

ချိုက ကားမှန်လေးဖွင့်ပြီး မျက်နှာကလေးပဲ မြင်နေရာမှ သူ့လက်လေးတစ်ဖက်ကို ထုတ်ပေးသည်။

ဖွေးအိနူးညံ့လွန်းတဲ့ လက်ကလေး. . .

နေပါဦး. .

အဲဒီလက်ကို ဘာလုပ်ရမှာပါလိမ့်. .

*ဆောင်းညပြာသိစာပေ*



လက်ဆိုတော့ ကိုင်ရမှာပေါ့. .

နေကိုက သူမလက်ကလေးကိုကိုင်ပြီး ပွတ်သပ်နေမိသည်။

လက်ကလေးတွေက ဖောင်းပြီး အိနေတာပဲ. .

ဘယ်နေရာစမ်းစမ်း အရိုးကို မရှိတာ. . ပင်ပင်ပန်းပန်း ဘာမှမလုပ်ရတဲ့သူဆိုတာ လက်လေးကိုင်ရုံနဲ့ သိလိုက်ပါပြီ။

"ချို. . ဆင်းခဲ့လေ. . ကိုယ်တို့ လမ်းလျှောက်ရအောင်. . ဒါမှမဟုတ် ကိုယ် ကားပေါ်လာရမလား"

ခေါ်များ ခေါ်မလား လို့ နေကိုက ဆွေးတိုးစမ်းပြီး မေးကြည့်လိုက်သည်။

ချိုက ရှက်ကိုးရှက်ကန်းအမူအရာလေးဖြင့် မျက်လုံးလေးထောင့်ကပ်ကာ ခပ်ညို့ညို့ကြည့်သည်။ အဲဒီကြည့်ပုံမျိုးနဲ့ သူ့body လေး တွဲလိုက်ရင် ကိစ္စပြတ်ပြီ။

"ချို. . ကိုတွေ့ချင်လှပြီကွာ"

"ဖြည်းဖြည်းပေါ့ ကိုရယ်. . ဘာတွေ လောနေတာလဲ"

နေကိုက မပြောမဆို ကားရှေ့မှပတ်သွားပြီး ချို့ဘေးမှာ ဝင်ထိုင်ဖို့ ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

အိသဲချိုချိုတို့ အငိုက်မိသွားသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ကဲ. . မင်းဘယ်ပြေးမလဲ မိချိုသဲ. .

နေကိုက ခပ်တည်တည်ဖြင့် ကားထဲဝင်ထိုင်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

စက္ကန့်ပိုင်းလောက်ပဲ ကြာမှာပါ။

"အ. . မယ်. . လေး. . ဗျာ. ."

နေကိုရဲ့တအံ့တသြရှိလှတဲ့ အော်သံကြီးထွက်လာသည်။

"မင်း. . မင်းပုံက ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ ကိုရယ်၊ ချိုက ဒီပုံကြီးနဲ့ အင်တာနက်ပေါ် တက်ပါ့မလား. . ကိုက ဦးနှောက်ရှိတာပဲ၊ စဉ်းစားပေါ့"

နေကိုက ဝတုတ်ပြနေသော အိသဲချိုချိုရဲ့ခန္ဓာကိုယ်ကြီးကို မယုံနိုင်သေးသလို ထပ်ကြည့်သည်။

"တခြားစီပဲကွာ. . မင်းတင်ထားတဲ့ပုံနဲ့တခြားစီပဲ"

"ဩော်. . ဒါက နည်းပညာတွေ တိုးတက်ခြင်းရဲ့အကျိုး ကျေးဇူးလေ. . ဓာတ်ပုံပဲ ပြင်ချင်သလိုပြင်လို့ရတာပေါ့"

"ဟို. . ဟိုလေ. . ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ သွား. . သွားလိုက်ဦးမယ်နော်"

အိသဲချိုချိုက နေကို့လက်ကို ဖမ်းဆွဲထားသည်။

*ဆောင်းညပြာသိစာလေ*



"ဟင့်အင်း. . ဟင့်အင်း. . ကို မသွားရဘူး"

နေကိုကလည်း အတင်းရုန်းသည်။

ဟိုကလည်း အားကောင်းမောင်းသန်နဲ့လွှတ်မည့်ပုံမပေါ်။

စဉ်းစား. . နေကို စဉ်းစားစမ်း. . ကြံနိုင်မှလွတ်မယ်နော်။

ဒီ ခင်သန္တာသက်ချိုပြုံးဆီမှာတော့ ရေတိမ်နစ်မခံနိုင်ပေါင်။

နေကိုတို့ ဉာဏ်နီဉာဏ်နက်တွေ အကုန်ထုတ်တော့သည်။

"ဟုတ်ပြီ၊ ကို မသွားတော့ဘူး၊ ကိုတို့ ချစ်သူဖြစ်တဲ့အထိမ်း အမှတ်နဲ့ ကိုရီးယားကားတွေထဲမှာလို အကြင်နာပေးကြမလား"

"အို. . ကိုကလဲ"

"ချို. . မျက်စိမှိတ်"

အိုက်တင်တောင် မခံဘူး။ ချက်ချင်းကို မှိတ်ပစ်လိုက်တာ။

နေကိုက အိသဲချိုချို မျက်စိမှိတ်လိုက်တာနှင့် ကားတံခါး ကို ဖွင့်ပြီး ဆင်းပြေးတော့သည်။

ရပ်ထားတဲ့ ကားပေါ် ပြေးတက်၊ စက်နှိုး. . ဂီယာထိုးပြီး တစ်နာရီ မိုင်တစ်ရာကျော်နှုန်းနဲ့ မောင်းပြေးပါတော့သည်။

အိသဲချိုချိုဆိုတဲ့ မယ်တော်ကိုယ်လုံးပိုင်ရှင်ခမျာ ဆွေ့ဆွေ့ ကိုခုန်ပြီး ကျန်နေခဲ့သည်။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ. . သွားပြန်ပြီ နောက်တစ်ယောက်၊ အမယ်လေး နော်. . ဒီတစ်ယောက်နဲ့ဆို ဆယ်ယောက်ကျော်ပြီ၊ ဘာမှ အကျိုးမရှိ ပါလား. . ဟင့်. . chattingထဲမှာကျ ချစ်လှချည်ရဲ့၊ ကြိုက်လှချည် ရဲ့ဆိုပြီး သူတို့ပဲ အမျိုးမျိုး၊ သူများသားသမီးကို သွန်လိုသွန်၊ မှောက် လိုမှောက် လုပ်ကြတယ် ဟီး. ."

ဟိုင်းဝေးလမ်းပေါ်မှာ dateလုပ်ကြတဲ့ အင်တာနက်စုံတွဲ။ တစ်ယောက်က ကားကိုမိုင်ကုန်မောင်းပြေးလို့ ကျန်တဲ့ တစ်ယောက် မှာကျတော့ ထိုင်ငိုလို့လေ. . .

♦



"ဟိုင်း . . . မောင်နေကို. . . ပေါ်မလာ အတော်ကြာပေါ့ လား၊ မောင်ရင့်အချစ်ရေး ဘယ်လိုလဲ၊ အိုခေမှာ စိုပြေ နေတယ် ထင်ရဲ့"

နေကိုက ကိုဗဒင်အိမ်အရှေ့ဘက်ရှိ ခုံတန်းပေါ်တွင် ခြေ ပစ်လက်ပစ်ဝင်ထိုင်ပြီး

"ပြေလိမ့်မယ် အားကြီးကြီး. . ခွေးပြေးဝက်ပြေး ပြေးခဲ့ရ တာဗျ"

နေကိုက. . .

အိုသဲချိုချိုနှင့် chatting ဝင်ရင်း ရည်းစားဖြစ်ခဲ့ပုံ၊ တွေ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



ချိန်းကြပုံ၊ dateလုပ်တော့မှ ဖက်တီးကြီးဖြစ်နေပုံ၊ အားလုံးကိုပြော ပြလိုက်သည်။

"ဖြစ်ရမယ် နေကိုရယ်. . . မင့်မလဲ မိန်းမတွေနဲ့တွေ့လိုက်တိုင်း တလွဲတွေချည်းပဲ. . ယတြာလေး ဘာလေး ချေဦးကွာ"

"ဘာမှ ယတြာတွေဘာတွေ လာလုပ်မနေနဲ့၊ အဲဒါ ခင်ဗျား စ,လို့ ဖြစ်တဲ့ကိစ္စ၊ မိန်းမတွေနဲ့လိုက်တွေ့ခိုင်းတာက ခင်ဗျားလေ"

"အေးလေ. . ငါရိုက်မယ့်ကားက ပေါက်မယ့်ကားပဲ ဉစ္စာ၊ နာမည်ကိုက ကျွန်တော်နှင့်ဟာသမယ်များ ဆိုမှပဲ"

"အဲဒီဟာသမယ်တွေအားလုံး သိမ်းကြုံးပြီး ခင်ဗျားပဲ ယူလိုက်ဗျာ"

"ညီလေးက ရက်ရောတယ်ပေါ့. . မင်းသမီးတွေကို ပြောတာလားဟင်"

"ဟုတ်နေပါဦးမယ်. . မတူမတန်တာကိုမှန်းတဲ့ ရွှေပါးစပ်ကြီး. . ကျွန်တော်ပြောတာက အပြင်မှာ ကျွန်တော်တွေ့ခဲ့တဲ့ ဗိုက်ကြီးသည်အရူးမ၊ ချစ်တီးမ လုံးကြီးတင်၊ ဖက်တီးမ အိသဲချိုချို. . အမယ်လေး. . လေး. . ပြောရင်းနဲ့တောင် ကျောချမ်းလာပြီ၊ သူတို့တွေကို ပြောတာ"





"တစ်ယောက်တည်းနဲ့တောင် လက်မလည်ပါဘူးကွာ. . . ဪ. . ရှာရဖွေရတာကို ပြောတာပါ"

"သုံးလပဲ လိုတော့တယ်. . ကိုဗဒင်၊ လုပ်ပါဦးဗျ"

"ပြောပြောပြီး ငါ့ကိုပဲ ဆရာတင်ရတာပဲ မဟုတ်လား. . မောင်နေကိုရဲ့"

"နေဦး. . ကိုဗဒင်မှာ ဝမ်းကွဲညီမတွေ ဘာတွေ မရှိဘူးလားဟင်. ."

"မရှိဘူး. . ငါသိတယ်နော်"

ကိုဗဒင်တို့က. . .

ဒါမျိုးဆို ဓာတ်ပေါက်မှပေါက်။

"တိုရန်ကောဗျာ၊ကျွန်တော်ကလည်း ခင်ဗျားကို ယောက်ဖ မတော်ပါဘူး"

"စိတ်ကူးမလွဲပါနဲ့ နေကိုရယ်. . မိုးသံစဉ်လေးပဲ ယူလိုက်ပါကွာ. . မင်းအနားမှာ နီးနီးလေးရှိနေတာဆိုတော့ မင်းအမြင်တွေ ဝါးနေတာပါ. . မင်းတို့နှစ်ယောက် အရမ်းကြီးဝေးကွာသွားရင်. . ရင်ဘတ်ချင်းနီးသွားမှာ ငါ အတပ်သိတယ်"

နေကိုက သက်ပြင်းတစ်ချက်ကို ရှိုက်ပြီးချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ်ဗျ"

"ဘာလဲ. . မင်းကို သူက အကြွင်နာခိုးပေးလို့လား"

"လုပ်ပြန်ပြီ. . အဲဒီလိုတော့ လုပ်မလားဗျ"

"မသိပါဘူး. . ငါက ကိုရီးယားကားတွေထဲကလို ကောင်မလေးက စ,နမ်းသွားသလားလို့"

"တလောကတင် အဖေ့ကို လာနောက်သွားတာ၊ အဲဒီကိစ္စ ကျွန်တော် လုံးဝအခဲမကျေဘူး"

"ယောက်ျားလေး ဖြစ်ပြီး အမှတ်သညာကြီးလိုက်တာ နေကိုရာ. . မင်း မိုးသံစဉ်ကို ခေါက်ထားမယ်ဆိုလည်း နောက်တစ်ယောက် မြန်မြန်ရှာလေကွာ၊ နေပါဦး. . ငါသိသလောက် မိန်းမတွေက ဗေဒင်တွေလက္ခဏာတွေ ယုံကြတယ်ကွ၊ အဲဒီတော့ မဟာဝိဇယစောင်းတန်းက ဗေဒင်ဟောခန်းမှာ ငါ့အသိ ဆရာကြီးဝင်းသိန်းဆိုတာ ရှိတယ်. . မင်းကိုလည်း သူသိတယ်လေ. . ဟိုတစ်ခါ သူ့ရုံးခန်းမှာတောင် သွားရိုက်ဖူးသေးတယ်"

"အဲဒီကို ကျွန်တော် သွားရမှာလား"

"သွားရမယ်လေ. . သွားကိုသွားရမယ်၊ ဒါမှ အဲဒီကိုလာတဲ့ မိန်းကလေးတွေကို မင်း လေ့လာအကဲခတ်လို့ရမှာ"

*ဆောင်းညပြာသိစာပေ*



နေကိုရဲ့ဆရာကြီးက နောက်တစ်နေရာကို ညွှန်ပြန်ပြီ။

အတည်လား အပီလား မသိပေမယ့်. .

မိန်းမတွေကို. . .

နေကို တော်တော်လန့်သွားပါပြီ။

◆

ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com

နေကိုက ဆရာဝင်းရဲ့ဆိုင်းဘုတ်ကို ကြည့်ပြီး ရယ်ချင်သွားသည်။

ဆိုင်းဘုတ်က -

**ဗေဒ သုခမိန် အကုန်မြင် ဆရာကြီး ဝင်းသိန်**

တဲ့. . အကုန်မြင်တယ်ဆိုပဲ. . ဘာတွေ မြင်သလဲတော့ မသိပါဘူး။

နေကို ရောက်သွားချိန်မှာ ဝင်းသိန်ဆရာကြီးက ဗေဒင်ဟောခန်းမှာထိုင်ပြီး 8Day ဂျာနယ်မျက်နှာဖုံးမှာပါတဲ့ မော်ဒယ်မလေးပုံကို သဲကြီးမဲကြီးရှုစားတော်မူနေလေရဲ့. . .

"ဆရာဝင်း. . ဘာတွေလုပ်နေတာလဲဗျ"





"ဟာ. . နေကို၊ ပေါ်တော်မူကြီး. . ငါ့ဆီ ပေါ်မလာတာ အတော်ကြာပြီပဲ. . ဘယ်လိုလဲ တလောက ဗေဒင်လာမေးတဲ့ မင်းအစ်မဝမ်းကွဲဆိုတာလေ. . ယောကျ်ားရသွားပြီလား"

"ဘာလဲ. . မရသေးရင် ခင်ဗျား ယူမလို့လား. . ခင်ဗျား ယတြာအပေးကောင်းလို့ ရှိစုမဲ့စုရည်းစားလေးနဲ့ ကွဲသွားပြီ. . အခု သူ့ခမျာ ယောကျ်ားလက်မဲ့နဲ့ ဘယ်လောက် သနားစရာကောင်းသလဲ. . ."

"ငါ့လည်း ဖြစ်မလွှားလို့ ပေးကြည့်တာပါဟာ. . ဘာဖြစ်လဲ. . အဆင်မပြေတော့လည်း အပျိုကြီးဖြစ်ရုံပေါ့"

"သူ တစ်သက်လုံးတင်ကျေးထားမယ့်အတိုင်းပဲ၊ ခင်ဗျား ဟောခန်းမှာလည်း လူတစ်ယောက်မှမရှိဘူး၊ သိပ်မကြာပါဘူး. . ပိတ်ရတော့မှာ မြင်ယောင်သေး"

"ဖွဟဲ့. . ဖွ. . ဖွ. . စောစောစီးစီး လာပြီး ပါးစပ်ပုပ်ကြီးနဲ့ကွာ. . အား. . ဗိုက်ထဲက ရစ်လာပြီကွ၊ ခါတ်ချုပ်နေလို့ ငါ့ဘာသာတွက်ကြည့်တော့ မန်ကျည်းဖျော်ရည်နဲ့ဒိန်ချဉ်ရောသောက်ရမှာမို့ သောက်ထည့်လိုက်တာ. . အား. ."

"အခုတော့ ခါတ်တွေ ပွင့်ကုန်လို့ ပလာစတာနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လို့မရတော့ဘူး မဟုတ်လား. . ကြွ. . ကြွ. . မြန်မြန်ကြွ၊ တော်ကြာ အကုန်မြင်ဆရာကြီးကနေ အကုန်ထွက်ဆရာကြီး ဖြစ်နေဦးမယ်. . ဟား. . ဟား. . "

ဆရာဝင်းက သွားရမည့်အရေး နောက်ကြောင်းမအေးဘဲ ရှိသည်နှင့်

"နေကို. . ငါ့ပေါခန်း ခဏစောင့်ပေးကွာ၊ ဒီနေ့ ဈေးဦးကို မပေါက်သေးတာ၊ လူလာရင် ငါမရှိဘူးဆိုပြီး ပြန်မလွှတ်လိုက်နဲ့ဦး. . နည်းနည်းပါးပါး ကြည့်ကျက်လုပ်လိုက်ကွာ. . ငါစိတ်ချမယ်နော်. . နေကို. . အား. . "

"ဟာ. . သွားမှာဖြင့် သွားပါဗျာ. . ထွက်ကျနေဦးမယ်"

ဆရာဝင်းထွက်သွားတော့ နေကိုက ဂျာနယ်တစ်စောင်ကို ဟိုလှန်ဒီလှန်ဖြင့်ရှိစဉ် လေးဆယ်ကျော်အရွယ် မိန်းမတစ်ယောက် ပျာယီးပျာယာဖြင့် ရောက်လာသည်။

"ဆရာကြီးဝင်းသိန်ရှိပါသလားရှင်"

နေကိုက

"မရှိဘူး"

ဟု ဖြေမိပြီးမှ





"အဲ. . အဲလေ. . ရှိတယ်. . ရှိတယ်"

"ဘယ်မှာလဲ"

အဲဒီမိန်းမက မေးတော့ နေကိုက

"ဒီမှာလေ"

"ဟယ်. . ငယ်ငယ်လေးတော့"

ဆိုပြီး နေကို့တစ်ကိုယ်လုံးကို သိမ်းကျုံးပြီးကြည့်သည်။

"ပြော. . အစ်မ၊ ကျွန်တော် ဘာကူညီပေးရမလဲ"

"သီတင်းကျွတ်ပြီလေ ဆရာရယ်၊ သူများတွေက အာကုန်ကြ၊ ဝိကုန်ကြပြီ. . မမဥတုတစ်ယောက်ပဲ ကျန်ခဲ့ပြန်ပြီ၊ အဲဒါ လုပ်ပေးပါဦးဆရာ"

မမဥတု ဆိုတဲ့. . မိန်းမအပြောကို နေကိုက ရယ်ချင်လှသည်။

"မမဥတုက သူများတွေ အာဝိလုပ်တာကို အားကျတယ်ပေါ့. . အားကိုးလိုက်စမ်းပါဗျာ. . ကျွန်တော် လုပ်ပေးလိုက်တဲ့လူတွေဆို တစ်ကြိမ်အာဝိမကဘူး၊ အကြိမ်ကြိမ်အာဝိတွေ ဖြစ်ကုန်ကြလို့ မနည်းကို လိုက်ရှင်းယူနေရတာ. . အဟဲ. . မြင်တဲ့အတိုင်းပဲ. . တစ်နေ့တစ်နေ့ လူတွေဆို ကြိတ်ကြိတ်တိုးနေတာသာ ကြည့်တော့"



www.burmeseclassic.com

www.burmeseclassic.com



မမဥတုက ဗေဒင်ဟောခန်းထဲကို ဝေ့ဝဲကြည့်ရင်း

"တစ်ယောက်မှလည်း မရှိဘူးနော်"

နေကို ပြန်ရှိုးပုံက

"ဘယ်ရှိမလဲဗျ. . ပြန်ကုန်ပြီဥစ္စာ"

"ဘယ်လိုပဲဖြစ်ဖြစ်လေ. . ဒီနေ့တော့ ဆရာ့ကိုပဲ အားကိုးရတော့မှာပဲ"

အသံ. .

အသံကြီးက ဘယ်လိုကြီးလဲ. . ပျစ်ချွဲချွဲကြီး. . .

'အသက်လေးဆယ်. . အသံက ဆယ့်ခြောက်နှစ်' ကျနေတာပဲ. .

"ဘာနေ့သမီးလဲ"

"သောကြာသမီးပါ ဆရာ"

"ဩော်. . ဒါကြောင့် မမက ကွဲနေတာကိုး"

"ဘာ. . ဘာကွဲတာလဲ ဆရာ"

"နေ့သင့်နံသင့်မကိုက်တာကို ပြောတာပါ. . နေ့နံမကိုက်မှတော့ အာဝိကိစ္စမှာ ဒုက္ခများပြီပေါ့. . နောက်ပြီး ရာသီဥတုကလည်း မမဥတုဘက် မပါဘူးလေ"





"ဟုတ်မှာပါ. . ဟုတ်မှာ. . မမဥတုအဖေကလေ တစ်ချိန်လုံး ပွစိပွစိပြောနေတာ၊ ဘာတဲ့. . လိမ္မာတဲ့သမီးတွေက ယောကျ်ားယူကုန်ကြပြီ တဲ့. . ပြောပုံက ကြည့်ပါဦး ဆရာရယ်. . အလိုလိုနေရင်း မမဥတုကပဲ မလိမ္မာတဲ့သမီးဖြစ်မသွားဘူးလား. . ယောကျ်ားပဲ ခုရရင် အခုယူချင်တာပေါ့"

"မမဥတုက တော်တော် စိတ်ကြီးတာပဲနော်. . ဒါနဲ့ မမဥတုမှာ ရည်ရွယ်ထားတဲ့သူတော့ ရှိမှာပေါ့"

နေကို နည်းနည်းကလေး စ,ပေးလိုက်တာနှင့်. . မမဥတုဆိုသူက

"ကိုကျော်မင်းနိုင်ပါ ဆရာ. . တွက်. . တွက်ကြည့်ပါဦး"

နေကိုလည်း စာအုပ်တစ်အုပ်ကိုယူပြီး အတည့်ပေါက်ဖြင့်

"ဓမ္မာ သောက အင်းဝ ရာဇာ. . သောကြာနဲ့တနင်္လာက မပေါင်းသင့်တဲ့ အိမ်ထောင်ရန်တွေလို့ ဆိုထားတယ်ခင်ဗျ"

မမဥတုလည်း မျက်နှာလေး ငယ်သွားရှာသည်။

"သူ. . သူက သဘော်သား ဆရာရယ်. . နှမြောစရာကြီး၊ တွက်ကြည့်ပါဦး ဆရာ. . ယတြာချေပြီး ယူလို့ရအောင် လုပ်ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



နေကိုက အပီကို ဖိန့်သည်။

"သူနဲ့ယူရင် ခင်ဗျားကွဲမှာ"

"ရှင်"

"ဟုတ်တယ်လေ. . ရန်ဖက်ပါဆိုမှ ခင်ဗျား တစ်ခုလပ်ဖြစ်မှာစိုးလို့ပြောတာ. . ကျွန်တော်က အကုန်မြင်တယ်နော်. . ရှေ့ကို အကုန်မြင်လို့ အကုန်မြင်ဆရာကြီးလို့မှည့်ထားတာ"

"ဒါဆို နောက်တစ်ယောက် ပြောကြည့်မယ် ဆရာ. . ဗုဒ္ဓဟူးသားဆိုရင်ရော"

"အင်း. . သူနဲ့လည်း မရဘူး"

"ဟယ်. . ဆရာရယ်၊ လေယာဉ်မှူးကြီးလည်း လက်လွှတ်လိုက်ရပြန်ပြီ၊ ဒါ. . ဒါဆို အင်္ဂါနံဆိုရင်ရော"

"No. . ဒါလည်း ကွဲမှာပဲ"

"သောကြာသား ကျန်သေးတယ် ဆရာ"

"မရဘူး. . စနေသားရော ရှိသေးလား"

"ရှိတယ် ဆရာ. . ရှိတယ်"

"ဟင်း. . မမဥတုမှာလည်း ရည်းရွယ်ထားတဲ့လူတွေ များလိုက်တာ၊ ခုနစ်ရက်သားတွေ ပြည့်နေပြီ၊ ရာဟုတောင်မှ မလွှတ်





လောက်ဘူး ထင်တယ်. . တော်သေးတာပေါ့ဗျာ. . မမဥတု အာဝိ မလုပ်ဖြစ်လို့. . အာဝိများ လုပ်ဖြစ်ရင် အကုန်ကွဲမှာ"

"ဒီလောက်ရည်းရွယ်ထားတာတောင် တစ်ယောက်မှအလုပ် မဖြစ်ဘူးဆိုတော့ ဆရာရယ်. . မမဥတုကို ယူမယ့်လူရောရှိသေးရဲ့လားဟင်"

"စိတ်မလျှော့ပါနဲ့ဗျာ. . ကျွန်တော် တွက်ကြည့်ပါဦးမယ်၊ ဥက္ကလာစိန်သန်း ဒန်းလှကိုရှာ"

"ဆရာ. . မှားနေပြီ ဆရာ. . ဥဿာစိန်ပန်း ဒန်းလှကိုရှာ မဟုတ်လား"

"ဪ. . ဟုတ်သားပဲ. . မှားလို့၊ မှားလို့၊ ဥဿာစိန်ပန်း ဒန်းလှကို ရှာ. . တနင်္ဂနွေနဲ့ သောကြာက အကျိုးပေးအိမ်ထောင်ဖက်တွေလို့ ရှေးဆရာတွေ ဆိုထားတာပဲ. . တနင်္ဂနွေသားကို ယူမှ မမဥတု မကွဲဘဲ မြဲမှာ"

နေကိုက အဲဒီလို ဟောလည်း ဟောရော. . . မမဥတုတို့ အပြေးအလွှားကို စဉ်းစားတော့တာပါပဲ။

"တနင်္ဂနွေသားက မမဥတုရဲ့အိမ်ထောင်ဖက် ဟုတ်လား ဆရာ၊ နေပါဦး. . တနင်္ဂနွေသားထဲက ဘယ်သူရှိပါလိမ့်၊ တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အ၊ ဥနဲ့ စတာပေါ့ ဟုတ်လား ဆရာ"

"ဟုတ်တယ်ဗျာ"

"သေပြီပေါ့ ဆရာ. . တနင်္ဂနွေသားဆိုလို့. . အောင်သန်း တစ်ယောက်ပဲ ရှိတော့တယ်"

နေကို တော်တော်ပျော်သွားပါတယ်။ အကြောင်းက စကား ကြောရှည်တဲ့ အနှီမိန်းမ မြန်မြန်ပါးစပ်ပိတ်ပြီး မြန်မြန်ပြန်သွားရင် သူ နားအေးမှာမို့လို့ပဲ။

"ဖူးစာဖက်တွေ့ပြီဆိုတော့ ယူလိုက်ပေါ့၊ အဲဒီ ကိုအောင် သန်းကိုပဲ. ."

အပျိုကြီးက ခေါင်းကို ဘယ်ညာယမ်းပြီး

"သူက ဆိုက်ကားဆရာ. . မမဥတုလေ ဗေဒင် ကြည့်လာ တာ အယောက်တစ်ရာလောက် ရှိပြီ. . ဆရာ့ဆီ ရောက်မှပဲ တစ် ယောက်ပြီးတစ်ယောက် ကပ်ဖြုတ်ခံရတော့တာပဲ၊ ဟော. . ကြီးကြီး မာစတာတွေ ဘေးချိတ်ပြီး ယူမယ့်ယူတော့ ဆိုက်ကားဆရာနဲ့ယူတဲ့၊ ဟီး. . ဟီး. . ကောင်းကြသေးရဲ့လားရှင်. . အရပ်ရပ်နေပြည်တော် လူကြားလို့မှမတော်. . မမဥတုဇာတာက ကတော်ဆယ်ပါးမှာ တစ် ပါး ပါပါတယ် ဆရာရယ်"





ပြော ပြောပြီး ဝမ်းနည်းပမ်းနည်းငိုနေလိုက်တာ။

ပြီးတော့. .

အဆက်အစပ်မရှိ ထမေးလိုက်ပုံက

"ဒါနဲ့ စကားမစပ် ဆရာကရော ဘာနေ့သားလဲဟင်"

နေကိုက ပါးနပ်စွာပင်

"အဟဲ. . ကျွန်တော်က စနေသားခင်ဗျ"

"အဟင်း. . လူနောက်၊ တနင်္ဂနွေသား မဟုတ်လား၊ ဟုတ် ပါတယ်. . ဆရာက တနင်္ဂနွေသားပါ. . အကုန်မြင်ဆရာကြီး ဆို တော့ 'အ'နဲ့ စ,တယ်လေ"

ဒုက္ခပါပဲ. . ဒီဘက်လှည့်လာပြန်ပြီ။

ကြည့်တာကလည်း ကြာကြည့်. . မထိတထိ။

ပြောတာကလည်း ညုတုတုဗျ. .

"စနေသားအစစ်ဗျ"

မမဥတုက နေကို့မျက်နှာကို ရွှန်းရွှန်းစားစားကြီး စိုက် ကြည့်လာပြီး

"ဟိုလေ. . မထူးတော့ပါဘူး ဆရာရယ်. . မမဥတုနဲ့ဆရာ ပဲ အာဝိလုပ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓေါ. . .

နေကို ပြေးပေါက်ရှာပါတော့သည်။

ခုနစ်ရက်သားသမီး တစ်ယောက်မကျန် အကုန်ချိန်ထားတဲ့ မမဥတု ဆိုတဲ့ မိန်းမကို အသေကြောက်ပြီး ရှောင်တိန်ပြေးလုပ်ဖို့ ကြံနေတုန်း ဝင်းသိန်ဆရာကြီး အီးပါပြီး ပြန်လာပါသည်။

"ဟာ. . ဟို. . ဟိုမှာ. . ဆရာကြီးဝင်းသိန်း ပြန်လာပြီ. . သူနဲ့ပဲ ဆက်ပြီး အာဝိလုပ်လိုက်တော့နော်. . ကျွန်တော်တော့ ပြေးပြီဗျို့. . တာ့. . တာ"

"ဟယ်. . ဆရာ. . ဆရာ. . အဲလေ. . မောင်. . မောင်လေး လာပါဦး"

ဆရာဝင်းက သူ့နေရာ သူဝင်ထိုင်ရင်း ၄မေးသည်။

"လာပါဦး ဆိုတော့ မုန့်လက်ဆောင်းသည် ခေါ်နေတာလား"

"လူခေါ်နေတာ မတွေ့ဘူးလား. . အကုန်မြင်ဆိုပြီး ရှင့်မျက်စိကြီးက ကန်းနေသလား ဟင်. . . လူကိုက အူကြောင်ကြားနဲ့. . ."

မမဥတုက ဆရာဝင်းကို ရန်တွေ့ပြီး ပြန်မလို့ ထစဉ်





"ဗေဒင်ဟောခလေး မစ,သွားပါဦး. . ."

"အမယ်. . ရှင်ဟောတာမှ မဟုတ်တာ ဘာလို့ ပေးရမှာလဲ. . အလကားညာဝါးမဲ့ဗေဒင်ဆရာတွေ. . ယောက်ျားလေးတစ်ယောက်တောင် ဖြစ်မြောက်အောင် မရှာပေးနိုင်ဘဲနဲ့. . ဟွန်း'

"ဟောဗျာ"

အကုန်မြင်ဆရာကြီးဝင်းသိန် မျက်နှာလေးငယ်ပြီး ကျန်နေခဲ့သည်။

မမဥတုကတော့ အတုလား အစစ်လားမသိ။ သူ့တင်လေးကို ရမ်းပြီး ထွက်သွားလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

ဦး မင်းကို ခြံထဲမှာ ကျနေသော သတင်းစာကို ကောက်ပြီး အိမ်ထဲကို ဝင်လာသည်။

သူ့အကျင့်က နံနက်စာ စားရင်း. . ကော်ဖီ သောက်ရင်း သတင်းစာကို ဖတ်နေကျ။

သတင်းစာ မလာသေးရင် မလာမချင်းစောင့်ပြီးမှ ဖတ်ရင်း စားတတ်သည်။

သားတော်မောင် နေကို စားဖို့ အဖေလုပ်သူက စောစော ထပြီး မုန့်ဟင်းခါး ဝယ်ပေးထားရသည်။ ဘသားချောက ရှစ်နာရီ ထိုးမှထလာပြီး စားပွဲမှာ ဝင်ထိုင်ကာ





"မောနင်း အဖေ. . . ဒီနေ့ ဘာသတင်းထူးတွေ ပါသေးလဲ"

"ဒီနေ့ သတင်းစာက နောက်ကျတယ်ကွ. . အခုမှ စ,ဖတ်ရမှာ"

နေကိုက မုန့်ဟင်းခါးကို မြိန်မြိန်ရှက်ရှက်ကြီး စားနေသည်။

"နေ. . ကို"

ဦးမင်းကိုအသံက ဘယ်လိုကြီးဖြစ်နေမှန်း မသိ။ အက် အက်ကြီးနှင့် ခြောက်နေသည်။

"ဘာလဲ. . အဖေ့အသံက ဘယ်လိုဖြစ်သွားတာလဲ"

"ဒီ. . ဒီမှာ"

"ဘယ်သူလဲ. . အဖေ့သူငယ်ချင်းလား"

"မဟုတ်ဘူး. . မင်းသူငယ်ချင်း"

"ဗျာ"

"ဇရုတ်မလေးလေကွာ. . . "

နေကို စိတ်ထဲတွင် မိုးသံစဉ် သူ့ကို စိတ်နာပြီး လက်ထပ်သွားတာဟု ထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို စိတ်နာသွားတာထင်တယ်၊ သူ. . သူ ဘယ်သူနဲ့လက်ထပ်သွားတာလဲ အဖေ"

ဦးမင်းကို မျက်နှာသိပ်မကောင်း. . .

"မဟုတ်ဘူး သား. . သူ ဆုံးသွားတာ. ."

"ဗျာ"

"ရော့. . ဒီမှာ ဖတ်ကြည့်ပါဦး သား. . ."

နေကို သတင်းစာကို ပြူးပြဲပြီးကြည့်သည်။

## ဝမ်းနည်းကြေကွဲခြင်း

(       )နေ မိုးသံစဉ် (၂၃)နှစ်သည် ၃၀-၁၁-၁၀တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ

အိ၊ နှင်း၊ ဖြူ၊ အေး

"ဟာ"

နေကို အရမ်းအံ့ဩသွားသည်။





အသက်ရော နေရပ်လိပ်စာရော၊ ဘာဆိုဘာတစ်ခုမှ မလွဲပါ။

မိုး. . မိုး တကယ်သေသွားပြီလား. . .

ဖြစ်ရလေ မိုးရယ်. . .။

နေကိုသည် စားလက်စမုန့်ဟင်းခါးပန်းကန်ကို ချကာ မိုးသံစဉ်ရဲ့အိမ်သို့ အရူးတစ်ယောက်လိုပင် ထွက်လာခဲ့မိသည်။

♦

ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**မိုး** သံစဉ်တို့အိမ်မှာ လူတွေ စည်ကားနေသည်။

မိုးသူငယ်ချင်းတွေ ဝိုင်းထိုင်ပြီး ကွာစေ့စားသူက စားနေကြသည်။ ကော်ဖီသောက်သူက သောက်နေကြသည်။

မိုးရဲ့အရိပ်ကလေးကို ဖြစ်ဖြစ် သူ တွေ့ချင်သေးသည်။

နေကိုက မိုးသူငယ်ချင်းတစ်ယောက်ကို

'မိုး. . မိုး ဘယ်လိုဖြစ်သွားတာလဲဗျာ"

"သူ့စိတ်က သူ့ကို သတ်လိုက်တာပဲ. . အမှန်တော့ သူက ဗရုတ်သာကျတာ ရှင့်ကို တော်တော်သံယောဇဉ်ကြီးရှာတာပါ၊ ရှင်က သူ့ကို ဥပေက္ခာပြုထားလို့ ကျိတ်ပြီး ခံစားနေရတာ. . ခုလည်း





ဘာရောဂါမှမရှိဘဲ ကောက်ခါငင်ခါ ဖျားပြီး သေချင်လို့ သေသွားတာပဲ"

ဒါတွေ သိလေ နေကို ယူကြုံးမရဖြစ်လေပင်။

"သူ. . သူ ကျွန်တော့်ကို အရမ်းနာကြည်းသွားမှာပဲနော်"

နေကိုက ကြေကြေကွဲကွဲခံစားပြီး ပြောတော့ မိုးသူငယ်ချင်းတွေက ဖျောင်းဖျကြသည်။

"သူကလည်း. . သူပဲလေ ဒီလောက်ဗရုတ်ကျတာ"

"ကျတာက ကျတာပဲ. . သူ့ကို ကျွန်တော်ချစ်တာက ချစ်တာပဲဗျ"

"ရှင် တကယ်ဝမ်းနည်းနေတာလား ကိုနေကို၊ သူ သေသွားလို့ ကျွန်မတို့ တစ်ယောက်မှ ဝမ်းမနည်းဘူး. . အဲဒီမိန်းမမျိုး ဆယ်ခါ သေသင့်တယ်"

နောက်တစ်ယောက်ကပါ ဝင်ပြီး ထောက်ခံပြန်သည်။

"ဟုတ်တယ်. . သူသာ အသက်ရှင်နေရင်၊ သူ ဗရုတ်ကျသမျှ ကျွန်မတို့ ခံနေရဦးမှာ၊ ဒီတော့ မြန်မြန်သေ၊ မြန်မြန်နားအေးတယ်"

နေကို တော်တော်စိတ်မကောင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . ခင်ဗျားတို့ တော်တော်စိတ်ပုပ်တာပဲ ကိုယ့်သူငယ်ချင်းသေတာများ ဝမ်းသာနေကြတယ်လို့"

"ဟုတ်တယ်. . ဒီအသုဘအိမ်တောင်မှ one table ကျွေးမယ်ဆိုလို့. . အဲလေ. . မကောင်းတတ်လွန်းလို့လာခဲ့ရတာ"

နေကို ပွဲကြမ်းလာသည်။

'သွား. . သွားကြ၊သွား. . အကုန်ထွက်သွား မိုးအသုဘမှာခင်ဗျားတို့ရှိနေဖို့မလိုအပ်ဘူး အလကား စိတ်ထားမမှန်တဲ့သူတွေ"

"အမယ်လေး. . လာပြီး နှုင်နေရအောင် ရှင်က အသုဘရှင်လား"

အော်သံဟစ်သံတွေ ကြားတော့ မိုးသံစဉ်ရဲ့အဒေါ် ပြေးထွက်လာသည်။ နေကို ကို တွေ့တော့. . .

"အမယ်လေး မောင်နေကိုရယ်. . မင်း လာသေးတယ်နော်မိုးခများ မင်းကို နေ့တိုင်း မျှော်နေရှာတာကွယ်၊ မင်းလာတာ သိရင်သူဘယ်လောက်များ ဝမ်းသာလိုက်မလဲ. . ဟီး. . "

ပြောပြီး မိုးဒေါ်လေးက ကြုံကြုံပါအောင်ငိုပါတော့သည်။

"မိုး. . မိုး အခု ဘယ်မှာလဲဟင် ဒေါ်လေး"

"သူ မနေ့ညနေက ဆုံးသွားတာ၊ ဒါပေမယ့် ဒေါ်လေးက





သူ့body ကို အိမ်မှာပဲထားပြီး မင်းကိုစောင့်နေတာ၊ တူမလေးမိုးက သေခါနီးမှာ အလှတွေဘာတွေပြင်သွားသေးတယ်. . ဘာတဲ့. . beauty Spa သွားပြီး ခေါင်းတောင် လျှော်လိုက်သေးတယ်. . ခြေသည်းလက်သည်းလည်း ပုံဖော်သွားသေးတယ်၊ မင်းလာရင် ခေါင်းအစ ခြေအဆုံး လှနေအောင်လို့ ပြောသွားတာပဲ၊ အခုတော့ မင်းသူငယ်ချင်းကို သွားတွေ့လိုက်ပါဦး မောင်နေကိုရယ်"

နေကိုက မိုးရှိတယ်ဆိုတဲ့ အခန်းထဲကို တစ်လှမ်းချင်းဝင်လာခဲ့သည်။ မိုး ရှိနေပါသည်။ အိပ်နေတာလား မိုးရယ်. .

တကယ့် ကို အိပ်နေတဲ့အတိုင်းပါပဲလား။

အလှမပျက်တဲ့ မိုး. .

ပျော်ပျော်နေတတ်တဲ့ မိုး. .

ခုတော့ မိုးက ဘဝခြားသွားပြီပေါ့။

ကိုယ့်ကို ထားခဲ့ပြီပေါ့။

"မိုးရယ် နင် ဒီလိုဖြစ်မယ်မှန်း သိရင် ငါ နင့်ကို ဥပေက္ခာမပြုခဲ့ပါဘူးဟာ၊ နင် ငါ့ကို ခွင့်မလွှတ်ပါနဲ့ဟာ. . ဘယ်တော့မှခွင့်မလွှတ်ပါနဲ့၊ တကယ်တော့ ငါက နင့်ကိုကြောက်လို့ဖွင့်မပြောခဲ့တာငါ့ရင်ထဲမှာ နင့်ကိုချစ်နေပါတယ် မိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဒေါ်လေးက ငိုပြီး

"တော်ပါတော့ မောင်နေကိုရယ်၊ ခုမှ အထုပ်လာဖြေပြနေလို့ ဘာထူးမှာလဲ မိုးမှ မကြားနိုင်တော့တာ"

"ဟုတ်တယ်. . ကျွန်တော် အလကားကောင်၊ အဖြစ်မရှိတဲ့ကောင်၊ ကိုယ့်အချစ်ကိုယ် လျစ်လျူရှုခဲ့တဲ့ကောင်၊ မိုးရယ် နင့်ကိုငါသိပ်ချစ်ပါတယ်ဟာ နင့်ဝိညာဉ် ငါ့အနားမှာရှိရင် နင်ကြားနိုင်မှာပါနော် မိုး. . . နင်ကြားတယ် မဟုတ်လား"

"ကြားပါတယ်"

"ဟော. . တွေ့လား ဒေါ်လေး သူ ကြားတယ်တဲ့"

မိုးသံစဉ်က ထဖြေတော့ နေကိုက မိုးဒေါ်လေးကို ယောင်ပြီး လှမ်းပြောလေသည်။ ပြီးတော့မှ သတိဝင်လာပြီး ကြုံးအော်ပါတော့သည်။

'အမယ်လေးဗျ. . သရဲ. . သရဲ"

မိုးသံစဉ်က သရဲကားထဲမှသရဲမတွေ ထသလို စလိုးမိုးရှင်းဖြင့် ထလာသည်။ လက်နှစ်ဖက်ကလည်း ရှေ့ကို တန်းထားသေး၏။

"နေ. . ကို. . . ငါ. . . ပြန်. . . လာ. . ပြီ"

နေကို အိမ်ထဲမှာ လှည့်ပတ်ပြီးပြေးပါတော့သည်။

ဆောင်းညပြာသိစာပေ



"အမယ်လေးဗျ. ."

မိုးသံစဉ် တကယ်ပြန်လာပြီ။ သူ့နောက်ကို လိုက်လာနေပြီ။ နေကို လှည့်ကြည့်ပြီး လိပ်ပြာလွင့်သွားသည်။

"ဟီး. . . ဟီး. . . ခွိ. . . ခွိ. . "

မိုးသူငယ်ချင်းမတွေ သူ့ကို ဝိုင်းဟားနေကြသည်။ ဒီမိန်းမတွေ သရဲကားအကြည့်များပြီး သရဲ မကြောက်တတ်တော့တာလားမသိဘူး။

"ပြေးထားဟေ့. . ပြေးထား. . ပြေးနိုင်မှ လွတ်မယ်ကွ. . သရဲမလင် မဖြစ်ချင်ရင် လွတ်အောင်ပြေး"

ပြေးရလွန်းလို့ နေကို မောလှပါပြီ။

မိုးသံစဉ် ဆိုတဲ့ မိန်းမ၊ ရှင်တုန်းကလည်း သေအောင်ဗရုတ်ကျတယ်။ ဟော . . သေသွားတော့လည်း အငြိမ်မနေဘူး။ သရဲလာခြောက်ရတယ်လို့ မိုးရယ်. . ငါ့ဝဋ်ကြွေးက ကြီးလိုက်တာ. . ဟီး. . . .

ထိုင်ပြီး အာပြဲကြီးနှင့်အော်ငိုနေသော နေကိုကို ကြည့်ပြီး မိုးသူငယ်ချင်းတွေက

"ဟဲ့. . မိုး၊ နင်စတာ တော်လောက်ပြီဟ. . ဟိုမှာ ငိုနေပြီ"

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မိုးသံစဉ်က နေကို့နံဘေးမှာ ဝင်ထိုင်ချလိုက်၏။

"နေကို. . ငါ့ကို ကြည့်စမ်း"

နေကိုက မျက်စိစုံမှိတ်ပြီး ငိုမြဲတိုင်း ငိုနေသည်။

"နေကိုး . . ငါမသေပါဘူးဟဲ့. . နင့်ကို စချင်လို့"

"ဘာ. . ."

နေကိုမျက်လုံးဖွင့်ပြီး မိုးကို ပြူးပြဲကြည့်သည်။

ထိုနောက်

"ဒေါ်လေးရေ. . ဒေါ်လေး၊ ကျွန်တော့်ကို မှန်ခဏယူလာပေး"

"ဟဲ့. . မှန်က ဘာလုပ်မလို့လဲ"

"သူ လူလား သရဲလားဆိုတာ မှန်ထောင်ကြည့်မလို့. . "

"နေကိုရယ် ငါတကယ်မသေပါဘူးဆို. . ဒီမှာကြည့် အရှင်လတ်လတ်ကြီး"

"မိုး. . နင် နင့်ဝါသနာကို ခုထိမစွန့်နိုင်သေးဘူးလား"

"စွန့်နိုင်ဘူး. . . လူတစ်ကိုယ်ဝါသနာတစ်မျိုးစီပဲ၊ နင်ရော ငါ့ကိုစွန့်နိုင်လို့လား၊ ဟွန်း. . ခုနကပြောတော့ ငါသေပြည်က ပြန်





လာရင်တောင်မှ နင်ယူမှာဆို၊ ဟိုမှာကြည့် သူတို့ သက်သေရှိတယ်သိလား"

နေကိုခမျာ သူ့စကားနှင့်သူ ချောင်ပိတ်မိသွားသည်။

"ဟုတ်တယ်. . ခုနကပြောသွားတာ အားလုံးကြားပါတယ် ဘာတဲ့. . မိုးကို ချစ်ပါတယ်တဲ့"

မိုးသူငယ်ချင်းတွေက မိုးလိုပင် လျှောင်စိန်မတွေ။

"အခုတစ်မျိုး တော်ကြာတစ်မျိုး ခြောက်လမှာရေတစ်ကြိမ်ချိုး. . နေကို ညစ်ပတ်အိုး"

နေကိုက ရှက်ရှက်ဖြင့် မိုးပခုံးလေးကိုလှမ်းဖက်လိုက်၏။

"ဟေး. . ."

အားလုံးက ဝိုင်းပြီးအော်ကြသည်။

"နေကိုနဲ့မိုး အိုအောင်ရွဲအောင်ပေါင်းနိုင်ကြပါစေ"

မိုးက

"ဟဲ့. . အိုအောင်မင်းအောင် လုပ်ပါ"

"အိုမှတော့ ရွဲပြီပေါ့ဟယ်၊ နောက်ပြီး မိုးသံစဉ်လို ဗရုတ်မလေးတွေ အများကြီးမွေးနိုင်ပါစေ. . "

နေကိုက ပျာပျာသလဲပင်



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီ. . ဒီဆုကြီး မကြိုက်ဘူးဗျာ ပြန်ပြောင်းပေး"

နေကိုက အလန့်တကြားငြင်းဆန်တော့ မိုးက နေကို့ဗိုက်ကြောကို ဆွဲပြီးလိမ်ပစ်လိုက်သည်။

"အား. ."

နေကိုအော်သံက အကျယ်ကြီး ထွက်လာသည်။ လက်ကတော့ မိုးသံစဉ်ရဲ့ပခုံးဝန်းဝန်းလေးကို ဖက်ထားမြဲ. .

နောက်ဆုံးတော့လည်း ဖူးစာမှန်ရင် ဗရုတ်မလေးလည်း ရှောင်ပြေးလို့မရပါဘူး ခင်ဗျ. . . အဲဒီတော့ တစ်သက်လုံး သူ ဗရုတ်ကျသမျှ (ဝဋ်ရှိသရွေ့) ခံရဦးမှာပေါ့ဗျာ. . . .

သူ မသိအောင် တိုးတိုးလေးပြောပြမယ်သိလား။ ဒီလောက် ဗရုတ်ကျတဲ့ကောင်မလေးကို ယူပြီးရင် ဘယ်လို နှိပ်ကွပ်ပြမလဲဆိုတာ(++++------×××)။ ဟဲ. . ဟဲ. . တစ်ခါတည်း ငြိမ်သွားစေရမယ်. . နေကိုတဲ့ ဘာမှတ်နေသလဲ. . . .။

♦

မူပိုင်နှင်းဆီ

11:15 PM, Friday

17th, Dec, 2010

*ဆောင်းညပြာသီစာပေ*

www.burmeseclassic.com